


မြန်မာနိုင်ငံခရစ်ယာန်အသင်းတော်
သန့်ရှင်းသောကားကားတိုင်ဝမ္မတက္ကသိုလ်
SHALOM Magazine 2013-2014
Perfecting
Holiness
စုံလင်သော သန့်ရှင်းခြင်း

H.C.T.C. Library သို့ လှူဒါန်းပါသည်

Seven Moon.

2/7/2015



## ဥယျောဇဉ်



သန့်ရှင်းသောကားတိုင် ဓမ္မတက္ကသိုလ်၏ ၂၀၁၃-၂၀၁၄ စာသင်နှစ်အတွက် ရှာလုမ်မဂ္ဂဇင်းကို ထပ်မံထုတ်ဝေနိုင်ခဲ့သည့်အတွက် ဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းပါသည်။ ဝိုင်းဝန်းကူညီပံ့ပိုးသူအားလုံးကို ကျေးဇူးတင်လျက် ဘုရားသခင်ထံမှ ကြွယ်ဝသည့် ကောင်းကြီးမင်္ဂလာခံစားရရှိပါမည့်အကြောင်း ဆုတောင်းမေတ္တာပို့သအပ်ပါသည်။

ဤ ၂၀၁၃-၂၀၁၄ စာသင်နှစ်တွင် ဓမ္မတက္ကသိုလ်၏ကျင့်စဉ်တစ်ခုဖြစ်သည့် စင်ကြယ်ခြင်းကို အခြေခံ၍ (စုံလင်သောသန့်ရှင်းခြင်း) ၂ကော ၇း၁ ဟူသည့်ကျမ်းချက်ကို ဆောင်ပုဒ်အဖြစ်ထားကာ ဦးတည်လျက်ရှိပါသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်နှင့်ဆက်နွယ်သည့် မိမိတို့၏အမှတ်သညာဖြစ်ကြောင်းတွေ့ရှိရပါသည်။ မိမိတို့သည် ဘုရားသခင်ရွေးချယ်၍ သီးသန့်ထားခြင်းခံရသူများ၊ ဘုရားသခင်ပိုင်တော်မူသောသူများ ဖြစ်ကြသည်။ ဤအချက်အားဖြင့် မိမိတို့သည်ဘုရားသခင်နှင့် ဆက်နွယ်သည့် အမှတ်သညာမှလွဲ၍ မိမိတို့၌သီးသန့်ဖြစ်သည့် အမှတ်သညာမရှိကြောင်း တွေ့ရသည်။ သို့ဖြစ်၍ မိမိသည် ဘုရားသခင်ပိုင်တော်မူရာဖြစ်ကြောင်း သိရှိခြင်းက ဘုရားသခင်ထံ ပိုမိုဆက်ကပ်အပ်နှံနိုင်သည့်အရာကိုဖြစ်စေလျက်၊ ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်သည့် အသက်တာကို ရရှိစေပါသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်ထံမှဖြစ်လျက်၊ သခင်ခရစ်တော်အားဖြင့် ဘုရားသခင်ထံမှ ရရှိသည့် ဖြောင့်မတ်ခြင်း၏နောက်ဆက်တွဲအရည်အသွေးတစ်ခု ဖြစ်ပါသည်။ ရှင်ပေါလုနှင့် မာတင်လူသာတို့နားလည်မှုအရ ထိုဖြောင့်မတ်ခြင်းသည် မိမိတို့၌ (ထိုက်တန်စွာ) ရရှိထားခြင်းမဟုတ်၊ ဘုရားသခင်ပေးအပ်ထား၍သာ (မထိုက်တန်လျက်) ရရှိခြင်းဖြစ်သည်။ သို့ဖြစ်၍ ဘုရားသခင်ရှေ့၌ ဖြောင့်မတ်သူများဖြစ်သော်လည်း မိမိတို့ အပြစ်သားဖြစ်နေကြောင်းကို အစဉ်သတိချပ်ရမည်။ တနည်းအားဖြင့် အပြစ်တရားနှင့် ရုန်းကန်နေရသောအသက်တာအတွက် ဘုရားသခင်၏ ကူညီဖေးမမှု မဖြစ်မနေ လိုအပ်ပါသည်။ သန့်ရှင်းခြင်းသည် ဘုရားသခင်ဘုန်းတော်ထင်ရှားရန်အတွက် အသုံးတော်ခံနိုင်ရန် အဆင်သင့်ဖြစ်နေသည့် အနေအထားပင် ဖြစ်သည်။ တနည်းအားဖြင့် ဘုရားသခင် မနှစ်သက်သည့် အရာကိုရှောင်ရှားခြင်း၊ ဘုရားသခင်ပြုစေလိုသည့်အရာကို ကြိုးစားလုပ်ဆောင်ခြင်းများရှိနေသည့် အသက်တာပင်ဖြစ်သည်။ အားနည်းခြင်းများရှိလျက်ပင် ဘုရားသခင်အသုံးပြုခြင်းကို ခံရပါသည်။ သန့်ရှင်းသောဝိညာဉ်တော်ဘုရားအနေဖြင့် ယုံကြည်သူများ၏အသက်တာကို သန့်ရှင်းစေရန် အစဉ် ကူညီဖေးမလျက်ရှိပါသည်။

ဤစာသင်နှစ်အတွက် ဆောင်ပုဒ်ထားသည့် အထက်ပါအကြောင်းအရာများကို မိတ်ဆွေတို့အနေဖြင့် အတူတကွ ဆင်ခြင် ခွန်အားယူလျက် ဆုတောင်းခြင်းအားဖြင့် စဉ်ဆက်မပြတ်သတိရပေးပါရန် မေတ္တာရပ်ခံပါသည်။ ရှာလုမ်စာစောင်အားဖြင့်လည်း ဝိညာဉ်ရေးအသိအမြင်ခွန်အားများတိုးပွားလျက် မိမိတို့ရှိသည့်နေရာ၌ ဘုရားသခင်၏ နိုင်ငံတော်ကျယ်ပြန့်စေရန် တတ်စွမ်းသမျှ ပါဝင်အသုံးတော် ခံနိုင်ပါမည့်အကြောင်း ဆုတောင်းမေတ္တာ ပို့သအပ်ပါသည်။


ကျေးဇူးတော်ချီးမွမ်းလျက် -

ဘုန်းတော်ကြီးဒေါက်တာရှမွေလစံမြတ်ရွှေ

ကျောင်းအုပ်ကြီး၊ သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်



Rev. Dr. Samuel San Myat Shwe (B.Th, Ph.D)
Principle



Bishop Samuel San Si Htay (Lecturer)
B.A, B.R.E , D.D



Rev. Dr. Simon Be Bin Htu (Lecturer)
B.Sc, M.Div, M.Th, D.Min



Rev. Dr. Andrew Zaw Lwin
B.A., M.Div, Th.m, D.Min



Sayagyi U Aung Hla Tun (lecture)
E.Enn;(Met), M.E;(Met)



Rev. Dr. Paul Myint Htet Htin Ya
B.A, M.Div, M.Th, D.Th







Rev. Canon Dr. Mark Saw Maung Doe
B.A, B.D, M.Th, Ph.D



Rev. Aung Myo Tun
B.Th, B.A, M.A.C.S



Rev. SMith Ngut Za Thawng (Lecturer)
B.Sc, B.R.E, M.Th. (F.D.CS)



Rev. Kyaw Nyunt
(M.Phil)



Sayama Saga Hkawng Tawng
B.Sc, B.R.E, M.A.C.E



Sayama Naw Sheba Movin
(B.A)



Teacher Grace mee
B.Sc, M.Div, M.Th, D.Min



Rev. Saw Hillary Min Min
(B.A, B.Th, M.Th in Music ) Dean of Student



Sayama Mary Hninn Hninn Aye
B.Th, B.Sc, M.T.S(Virginia Theological Seminary),
M.Th(Trinity heological College, Singapore)



Rev. Moses Kaser Htaw



Sayama Naw Lwin Thida Myint
B.Sc, B.Th, M.T.S(USA)



Saw John Hthet Lwin (Librarian), Daw Wai Wai Myint (Asst. Librarian)
Naw Mercy See Sein Soe (Library-Staff)



Nant Thandar, Nant Sun Paung Pwa, Naw Martha ( Office Staff)



Saya Kalay Saw(tutor)



Saya saw klo htoo wah (Tutor)



U Saw Myat Thinn (Keeper)



Saw David (Gardener)



Nant Yi Yi Win (Cook)



U John A. One (Driver-part time)







FIRST YEAR STUDENTS (2013-2014)



SECOND YEAR STUDENTS (2013-2014)



THIRD YEAR STUDENTS (2013-2014)



FINAL YEAR STUDENTS (2013-2014)







SPECIAL STUDENT
FROM TAUNGOO



STUDENT COUNCIL (2013-2014)



SHALOM MAGAZINE COMITTE (2013-2014)




# လှုပ်ရှားမှု
# မှတ်တမ်းပုံရိပ်များ




















S. LUKE
10
GEORGE
61








HCTC















# အယ်ဒီတာ့စကား



၂၀၁၃-၂၀၁၄ ပညာသင်နှစ်တွင် ရှာလုမ်မဂ္ဂဇင်း၏ ပါဝင်ဆက်ကပ် အသုံးတော်ခံခွင့်အဖြစ် အစေခံရခြင်းအတွက် ဘုရားရှင်၏ကျေးဇူးတော်ကို ချီးမွမ်းပါသည်။

အလင်းတရားက အမှောင်တခွင်ကို ထွန်းလင်းနိုင်သကဲ့သို့ ဤရှာလုမ်မဂ္ဂဇင်းအား ဖတ်ရှုသူတစ်ဦးတစ်ယောက်စီတိုင်းအပေါ်တွင်လည်း စိတ်၏ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်း သက်ရောက်ပါစေကြောင်း ဆုမွန်ကောင်း တောင်းလိုက်ပါသည်။ ဓမ္မဟောင်းကျမ်းတွင်ဖော်ပြထားသည့် ဣသရေလဘုရင်များအကြောင်းကို လေ့လာရာတွင် ဘုရင်များ၏ ကောင်းမြတ်ခြင်းများသည် မဆိုသလောက်သာရှိမည်ကို တွေ့ရှိရမည် ဖြစ်သည်။ (၃ရာ ၁၄း၈)တွင် ဒါဝိဒ်မင်းအား မင်းကောင်းမင်းမြတ်၊ စံပြဘုရင် အဖြစ် ဖော်ပြထားသည်ကိုသာ မြင်တွေ့ရမည် ဖြစ်သည်။ (No one is perfect) မည်သူမဆို ပြီးပြည့်စုံသည့် အနေအထားရှိမည် မဟုတ်ပေ။ ထိုကဲ့သို့ပင် ဘုရားသခင်၏ ရှေ့တော်မှောက်တွင်လည်း ပြီးပြည့်စုံသည့် လူသားတစ်ဦးတစ်ယောက်အနေဖြင့် ရှိနိုင်မည်မဟုတ်ပေ။ ကျွန်ုပ်တို့တစ်ယောက်စီတိုင်းတွင် တစ်စုံတစ်ရာကို လွှမ်းမိုးနိုင်သည့် အားအင်များရှိကြမည် ဖြစ်ပါသည်။ ထိုကဲ့သို့ အားအင်များဖြင့် ဘုရားသခင်၏ ဘုန်းတော်၊ အလင်းတော်ကို ထွန်းလင်းနိုင်ရန် ပြုမူဆောင်ရွက်ရမည် ဖြစ်ပေသည်။ Cindy Hess Kasper ဆိုသူက ဘုရားကို ချီးမြှောက်ပြီး ဘုန်းတော်ထင်ရှားရန်မှာ ကျွန်ုပ်တို့အတွက် အထူးအခွင့်အရေးပင်ဖြစ်သည်။ ကျွန်ုပ်တို့မှတစ်ဆင့် ကိုယ်တော်၏အလင်းကို တစ်ပါးသူတို့မြင်ပြီး ကိုယ်တော်၏ ကောင်းမြတ်ခြင်းနောက် ဆွဲဆောင်လိုက်ကြပါစေဟု ပြောဆိုထားပါသည်။ ဘုရားသခင်အတွက် အလင်းအဖြစ်ပုံဆောင်ရာတွင်လည်း ထင်ရှားသောအလင်း၊ မထင်ရှားသောအလင်းအဖြစ်ခွဲခြား၍ ထင်မြင်ရန်မဖြစ်နိုင်ပေ။ အဘယ်ကြောင့်ဆိုသော် "အသေးဆုံးအလင်းပင်ဖြစ်လင့်ကစား၊ အမှောင်ဆုံးညတွင် ထွန်းလင်းနိုင်ခြင်း" ကို တွေ့မြင်နေရသောကြောင့်ပင် ဖြစ်သည်။

ငြိမ်သက်ခြင်း၏အရင်းမူလဖြစ်သည့် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားဖို့ရန် အမျိုးမျိုးသောလုပ်ဆောင်မှုများဖြင့် ဝေမျှသက်သေခံလုပ်ဆောင်နေကြသကဲ့သို့ ဤရှာလုမ်မဂ္ဂဇင်းမှ ပါဝင်သည့်အကြောင်းအရာခွန်အားပေးမှုများသည် ဘုရားသခင်၏ ဘုန်းတော်ထင်ရှားစေရန်အတွက်သာ ဝေမျှသက်သေခံနေသည့် ဆက်ကပ်ခြင်းတစ်ခုအဖြစ် ရပ်တည်နေဆဲပင် ဖြစ်ပါသည်။ ရှာလုမ်မဂ္ဂဇင်းသည်လည်း အသေးဆုံးအလင်းပင်ဖြစ်လင့်ကစား အမှောင်ဆုံးညတွင် ထွန်းလင်းနိုင်သည့် အလင်းအဖြစ် ဘုရားသခင်၏ အလင်းအားပုံဖော်ရန် ယနေ့တိုင် သတင်းကောင်းများအား ဝေမျှလျက်ရှိနေသည့်အတွက်လည်း ဘုရားရှင်၏ ကျေးဇူးတော်ကိုချီးမွမ်းလျက် . . .။

ဘုရားရှင်ထံမှလာသော ငြိမ်သက်ခြင်း၊ ပျော်ရွှင်ခြင်း၊ ဝမ်းမြောက်ခြင်းအားဖြင့် လန်းဆန်းသစ်လွင်သည့် အသက်တာအား ရရှိ ပိုင်ဆိုင်ပါစေကြောင်း . . .။

စောခရစ္စတီဝင်း
တာဝန်ခံအယ်ဒီတာ

# ကျေးဇူးတင်စကား

၂၀၁၃-၁၄ ပညာသင်နှစ်
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်၏
နှစ်လည်မဂ္ဂဇင်းကို
ထုတ်ဝေခွင့်ပေးသောအဖဘုရားသခင်အား
အထူးပင် ကျေးဇူးတော် ချီးမွမ်းပါသည်။
"နှုတ်တစ်ရာ စာတစ်လုံး" ဆိုသကဲ့သို့ မိမိအား ဘုရားသခင်ပေးထားသည့်
ဆုကျေးဇူးများကို
ပေထက်အက္ခရာ တင်လျက်
ရှာလုမ်စာစောင်မှတဆင့် စာဖတ်သူတို့ထံ ဝေမျှကြသော
ကလောင်ရှင်များ အား လည်းကောင်း၊
"ကဗျာမပီ၊ စာမမိုသော်လည်း"
မိမိတို့ တတ်စွမ်းသမျှဖြင့်
ခံစားရသော ဆုကျေးဇူးတော်များကို
ဝေမျှကြသော ကျောင်းသူ၊ ကျောင်းသားများအား လည်းကောင်း၊
လိုအပ်မှုများကို အတတ်နိုင်ဆုံးလျော့နည်းအောင် နှင့်
စာစောင်ထုတ်ဝေနိုင်ရန်
ကြိုးစားခဲ့ကြသော
ရှာလုမ် ဝိုင်းတော်သားများ အားလုံးအား လည်းကောင်း၊
ရှာလုမ်မဂ္ဂဇင်းကို
ခြယ်မှုန်းပုံဖော်ပေးသော
သောမတ်စ်နေလင်း အား လည်းကောင်း၊
စာစောင်အတွက်
အဖက်ဖက်မှ ကူညီလှူဒါန်းသူများနှင့် စာဖတ်ပရိတ်သတ်များအားလုံးကို
အထူးပင် ကျေးဇူးတင် ရှိပါကြောင်း . . .၊
ဤစာစောင်အားဖြင့်
မှတ်တမ်းတင် ဂါရဝပြုအပ်ပါသည် . . .။

နှလုံးသားထဲမှ ကျေးဇူးတင်စွာဖြင့်

ဂျိမ်းစ်ဘရန်မိုင်
ရှာလုမ်သဘာပတိ





# ရှာလုမ်မဂ္ဂဇင်းကော်မတီ
# ၂၀၁၃ - ၂၀၁၄

| | |
|---|---|
| နာယက | ■ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာရှမွေလစံမြတ်ရွှေ |
| အကြံပေးနှင့် စာမူစီစစ်ရေး | ■ ဆရာကြီးဒေါက်တာဦးအောင်လှထွန်း |
| | ■ ဘုန်းတော်ကြီးစောမိုးဇက်ကစိုထော |
| | ■ ဆရာရှမွေလစောခလေးစော |
| တာဝန်ခံစာတည်း | ■ စောခရစ္စတီဝင်း |
| တွဲဖက်တာဝန်ခံစာတည်း | ■ စောကပေါ်စိုး |
| သဘာပတိ | ■ ဂျိမ်းစ်ဘရန်မိုင် |
| တွဲဖက်သဘာပတိ | ■ အာဒံစကျော်သူရ |
| စာတည်းအဖွဲ့ဝင်များ | ■ ဂျိမ်းစ်အောင်ထွန်းစိုး (ကဗျာ) |
| | ■ စောဖိုးကျော်မြ ၊ စရှိုင်းလုကာ(ဟာသ၊ ကာတွန်း) |
| | ■ မောင်အောင်လှိုင် (သက်သေခံချက်) |
| | ■ မောင်ရန်အောင်၊ မသန်းသန်းနု (အင်တာဗျူး) |
| | ■ မောင်ညဏ်စိုးထက်၊ မမေယုခင် (ဆောင်းပါး) |
| | ■ ဒေးဗစ်ဘောက်လီ (ဝတ္ထု) |
| ဖြန့်ချီရေးအဖွဲ့ | ■ မောင်ဆွတ်ထိန်မှန်အောန်း (မြစ်ကြီးနား) |
| | ■ ပေါလုစိုးလင်းအောင် (စစ်တွေ) |
| | ■ မိုက်ကယ်ပြည့်ဖြိုးဟန် (ရန်ကုန်) |
| | ■ စောနေဒိုကပေါ်စိုး (ဘားအံ) |
| | ■ ပီတာဟင်ရာထင်ထန် (မန္တလေး) |
| | ■ စောယုဒ (တောင်ငူ) |
| ရှာလုမ်ဘဏ္ဍာထိန်း | ■ နန့်မေရီဇဒင်လှိုင်း |
| တွဲဖက်ဘဏ္ဍာထိန်း | ■ နော်မြစန္ဒာ |

ဘုန်းတော်ကြီးဒေါက်တာစံမြတ်ရွှေ (ကျောင်းအုပ်ကြီး) 001 ဥယျာဇဉ်
002 ဓါတ်ပုံစာမျက်နှာများ
စောခရစ္စတီဝင်း 013 အယ်ဒီတာ့စကား
ဂျိမ်းစ်ဘရန်မိုင် 014 ကျေးဇူးတင်စကား
015 ရှာလုမ်မဂ္ဂဇင်းကော်မတီ ၂၀၁၃-၂၀၁၄
ဒေါ်ရှိုင်းနင်းထွန်း(သန့်ရှင်းသောကားတိုင်အသင်းတော်) 018 အဆိုအမိန့်များ စုစည်းမှု
အဲလီဇဘက် 019 သစင့်ရင်ခွင် (ကဗျာ)
ဆလိုင်သတေဖန် 020 ကွယ်ဝှက်လျက်ရှိသော (၄)နှစ်တာသံယောဇဉ်ကြီး (ကဗျာ)
ပေသီး 021 ငါနဲ့နင် (ကဗျာ)
ဂျူးလော့စ် 022 ချစ်တယ် . . သခင် (ကဗျာ)
ဖွားစည် 023 မိဘနှစ်ပါးကို ပုံဖော်ကြည့်ရအောင် (ကဗျာ)
ဖိုးသုည 024 ကျေးဇူးတော် (ကဗျာ)
အ၊ လူ 025 ပုံဆောင်ခဲ (ကဗျာ)
ပယ်ပယ် 026 လမ်းပြပါသခင် (ကဗျာ)
ပေသီး 027 ဝေးကွာခြင်း၏ သော့ချက် (ကဗျာ)
ဒေါ်စည်စည်လျာဘိုးကဲ 028 နလုံးလည်းလှရမယ်၊ အသုံးလည်းကျရမယ် (တည္ထန့်)
029 ကာတွန်းစာမျက်နှာများ
031 ရင်တွင်းစကားစာမျက်နှာများ
044 ဆရာ / မ၊ ကျောင်းသူ / သားများနှင့် ဝန်ထမ်းအင်အား
ပါဒရီအက်စ်ထန်အုပ် 046 ခရစ်တော်အတွက် စေခံသူရဲကောင်း (ဆောင်းပါး)
ကိုမျိုး(ပြည်) 049 ပြည်တရာသူဌေးသားနှင့် ပျောက်သောသား (ဆောင်းပါး)
နန့်မေရီဒေင်လိုင်း 052 ပထမနှစ်၊ ကွင်းဆင်းလေ့လာသင်ယူခြင်း





John Ba Seng Lowt 054 သန့်ရှင်းမြင့်မြတ်သော နလုံးသား (သက်သေခံချက်)
နော်ဂမုန်းအင် 055 ငယ်ချစ်
ဖိုင်းလ်(ရိပ်သာ) 061 ပီတိမျက်ရည် (ဝတ္ထုတို)
အလူ 064 ဒုတိယနှစ်၊ ကွင်းဆင်းလေ့လာသင်ယူခြင်း
အားမိုင်(နာဂရိပ်သာ) 066 အမြဲတမ်းချစ်နေပါမယ် နမတော် (ဝတ္ထုတို)
တွတ်ပီ 070 မဲဇလီမှ အမှတ်တရလေးများ (ခရီးသွားဆောင်းပါး)
ရှာလုမ်ပိုင်းတော်သားများ 073 ဆေးကျောင်းသူ မဇီဘောရာနှင့် ဟိုမေးဒီမြေ (အင်တာဗျူး)
အိမ်သားလေး 076 ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်ခြင်း
ရှောလမုန် 079 သက်သေခံချက် (၂တိ ၁း၇)
Christy 080 အမြင်သစ် New Prespective (ဆောင်းပါး)
ရှာလုမ်ပိုင်းတော်သားများ 082 MCLM မှ ဆရာစောအယ်ထူးနှင့် ဟိုမေး၊ ဒီမြေ (အင်တာဗျူး)
ဖရန်စစ်မင်းကိုဝင်း 086 တရားဆိုသည်မှာ နာရုံသက်သက်မဟုတ်၊ သိရုံနှင့်လည်း မပြီး စိတ်နလုံးသားနှင့် ခံယူတတ်ရန် (သက်သေခံချက်)
ဦးအောင်လှထွန်း 087 လုပ်လေရာတွင် အကောင်းဆုံးလုပ်ဆောင်ခြင်း (ဆောင်းပါး)
ဒေါ်စည်စည်လျာဘိုးကဲ 091 ယနေ့လူငယ်တို့ ငြိမ်းချမ်းစွာ ရှင်သန်ရေး (ဆောင်းပါး)
Sheba Movin 096 Christian Hospitality (ဆောင်းပါး)

မျက်နှာဖုံးဒီဇိုင်း နှင့် အတွင်းစာမျက်နှာများအပြင်အဆင်
သောမတ်စ်နေလင်း
၀၉ ၄၃၁၅၁၉၁၄

# အဆိုအမိန့်များ

စုစည်းတင်ပြသူ
ဒေါ်ရှိုင်းနှင်းထွန်း (သန့်ရှင်းသောကားတိုင်အသင်းတော်)

၁။ ဘုရားသခင်ထံမှ ကြီးမားသောအရာကို မျှော်လင့်ပါ။ ဘုရားသခင်အတွက် ကြီးမားသောအရာကို လုပ်ဆောင်ပါ။ (ဝီလျံကယ်ရီ)

၂။ ကျမ်းစာလာနူတ်ကပတ်တော်များသည် ဗဟုသုတတိုးတက်ရန်အတွက် မဟုတ်ပါ။ အသက်တာကို ပြောင်းလဲရန် ဖြစ်သည်။ (ဒီအယ်လ်မူးဒီ)

၃။ ကိုယ်လုပ်နိုင်တာကို လုပ်ပါ။ ကိုယ့်မှာရှိတာကို အသုံးချပါ။ ကိုယ်ရောက်နေသောနေရာက စလုပ်ပါ။ (သမ္မတ - သီယိုဒိုရုစ်ဗဲစ်)

၄။ သူတစ်ပါးအတွက် အသက်ရှင်နေထိုင်သော လူတစ်ယောက်၏ ဘဝသည် အကျိုးအရှိဆုံး ဘဝတစ်ခု ဖြစ်သည်။ (အဲလ်ဘတ်အိုင်းစတိုင်း)

၅။ တစ်စုံတစ်ရာကိုသိလျှင် သိသည်ဟု ပြောဆိုဝံ့ခြင်းသည်လည်းကောင်း၊ မသိလျှင်မသိကြောင်းရဲခြင်း သည်လည်းကောင်း ဗဟုသုတပင် ဖြစ်သည်။ (ကွန်ဖြူးရှပ်(စ်))

၆။ အမှားလုပ်တာကို ကြောက်ဖို့ကိစ္စထက် အမှန်ကိုလုပ်ရဲဖို့ကိစ္စမှာ ပိုပြီး သတ္တိရှိဖို့လိုအပ်တယ်။ (အင်ဗရာဟင်လင်ကွန်း)

၇။ ပညာရှိတယ်ဆိုတာဟာ ဘယ်အရာတွေကို ကျော်လွှားချန်လုပ်ထားရမယ်ဆိုတာကို သိမြင်ခြင်းပါပဲ။ (ဝီလီယမ်ဂျိမ်း)

၈။ ဉာဏ်ပညာဆိုတာ ရှေ့ဆက်ဘာလုပ်ရမလဲဆိုတာသိခြင်းဖြစ်ပြီး အရည်အချင်းဆိုတာကတော့ အဲ့သလို သိတာကို အကောင်အထည်ဖော်ခြင်းပါ။ (ဒေးဗစ်စတားရော်ဒန်)

၉။ ခွင့်လွှတ်ခြင်းဟာ အင်မတန် တန်ဖိုးကြီးတဲ့ လက်ဆောင်ပါ။ ဒါပေမယ့် သူ့အတွက်ကုန်ကျတာ မရှိပါဘူး။ (ဘက်တီစမစ်)

၁၀။ ခေါင်းဆောင်မှုအရည်အသွေးဆိုတာ နောက်လိုက်တွေရဲ့ စွမ်းဆောင်ရည်နဲ့ တိုင်းတာရတယ်။ (ဒင်းနစ်ပီးယား)

၁၁။ သူများတွေကိုပျော်စေချင်ရင် ဂရုဏာထားပါ။ ကိုယ်တိုင်ပျော်ချင်ရင်လည်း ဂရုဏာထားပါ။ (ဒလိုင်းလားမား)

၁၂။ စာအုပ်စာပေတွေဟာ ကမ္ဘာကြီးကို ဖွင့်ကြည့်နိုင်တဲ့ သော့တွေပါ။ တခြားဘာမှလုပ်စရာမရှိလျှင် စာတွေကို တတ်နိုင်သလောက်ဖတ်ပစ်လိုက်ပါ။ (ဂျိမ်းဟာမီလ်တန်)





# သခင့်ရင်ခွင်

၁။ ပျော်ရွှင်လှိုက်မော ရက်ရောရောဖြင့်
ကျွေးမွေးပေးကမ်း ဘုန်းဖောလျှံသည်
ငါ့အနားမိတ်ဆွေ တသဲသဲ . . ။

၂။ နေဝင်လပျောက် တိမ်ကြတ်ဖုံး၍
မှောင်မိုက်အတိ ဒုက္ခလျှံသည်
ငါ့အနားခွေးပင် မရှိလေပြီ . . ။

၃။ နိမ့်မြင့်တလှည့် လောကဇာတ်ထဲ
ဘဝပန်းပွင့်ချိန် ဖော်သဟာနှင့်
သခင့်ကိုမေ့ ရှောင်ခွာပြေးလဲ
လောကလှိုင်းပုတ် ဒုက္ခဆူးထိ
ငါမရှိပြီ . . ။

ခိုလှုံအားကိုး ခိုဝင်ပြေးဖို့
အားကိုးရင်ခွင် . . . သခင့်ရင်ခွင်ထဲ
ငါဝင်ပုန်းသည် . . . ခိုနားသည် . . .။

အဲလိဇဘက် (B.Th-3)

# ကွယ်ဝှက်လျက်ရှိသော (၄) နှစ်တာ သံယောဇဉ်ကြိုး

ကြုံတွေ့ခဲ့ရတဲ့ အခက်အခဲ ပြဿနာများ
ရေတွက်လို့မကုန်
အတွင်းထိ နာကျင်ခဲ့ပေမယ့်
အကြိမ်ကြိမ် ခွင့်လွှတ်လို့
ဒါတွေကို ပြန်စဉ်းစားမိတော့
သတိရစရာတွေပေါ့ . . ။

အခုတော့ တစ်ယောက်တစ်နယ်စီ သွားကြတော့မယ်နော်
အခုမှ စစ်မှန်တဲ့သံယောဇဉ်ကြိုးက ပုံပေါ်လာတယ်
သူငယ်ချင်းတို့ရယ်
ဒီကြိုးနဲ့ အမှုတော်မြတ်မှာ
ငါတို့ချည်နှောင်ပြီး ယေရှုအတွက်
ပေးဆပ်ရအောင်နော် . . . ။

ဆလိုင်းသတေဖန်





# ငါနဲ့နင်

ငါချစ်တာ ငါ
နင့်ကိုငါမုန်းတာ
အချစ်နဲ့အမုန်းကြား
နင်နဲ့ ငါ ခြား
ငါ့ကိုငါချစ်တော့
နင့်ကိုလည်း ငါချစ်မှာပေါ့
နင့်ကို ငါမမုန်း
ငါ့ကိုလည်းပြန်ချစ်ပါအုံး . . ။
" ဘုရားသခင်သည် ချစ်ခြင်းမေတ္တာဖြစ်တော်မူ၏"

ပေသီး

## ဝေးကွာခြင်း၏ သော့ချက်

အတ္တကိုဝတ်ဆင်ရင်း ဘဝကိုအလှဆင်ခဲ့
အမုန်းကိုပွေ့ဖက်ကာ
ဒေါသရန်နဲ့ ရှုရိုက်တော့
သခင်ဘုရားနဲ့ ဝေးပြီပေါ့ ..။

ပေသီး





## မိဘနှစ်ပါးကို ပုံဖော်ကြည့်ရအောင်

အဖေဆိုသည်မှာ ..
မိသားစုရဲ့ မျက်နှာဖုံး
အမေ့ရဲ့လက်ရုံး ...။

အမေဆိုသည်မှာ ..
မိသားစုရဲ့ အား.
အဖေ့ရဲ့ သက်ထား ...။

ဖွားစည်

## ကျေးဂူးစော်

ကိုယ့်ကားတိုင် ကိုယ်ထမ်း
သခင့်ရဲ့ အစေခံရာလမ်း
အခက်အခဲတွေကြား ရှေ့မဆက်နိုင်တော့တဲ့ဒီလမ်း . . ။

တော်ပြီကွာ ဟူး . . .
သက်ပြင်းတွေနဲ့
နောက်ပြန်လှည့်လိုက်ချိန်မှာ
အိုး . . . ဖြတ်သန်းလာတဲ့ ဒီလမ်းက
ကျေးဇူးတော်တွေနဲ့ ပြည့်လို့နေပါလား . . . ။

ဖိုးသုည





## ပုံဆောင်ခဲ

ကြိမ်ဖန်များစွာ
အပြစ်ဆေးကြောဖို့
ဘုရားရှေ့မှောက်
လူသားတွေဒူးထောက် . . ။

နောင်တ တရားက
စစ်မှန်မှုမရှိခဲ့တော့
ဇာတိသဘောက
ဒီလူသားအား
သွေးဆောင်သွားစမြဲ . . ။

အလူ

## လမ်းပြပါ သခင်

အနာဂတ်ကို .. အစရှာမရသူတစ်ဦး
သစ်ပင်အောက်မှာ
မြစ်ပြင်ကြီးကိုကြည့်ပြီး
ဦးတည်ရာမဲ့ လွမ်းမောပြီ ..။

ဆောက်တည်ရာ မရခဲ့
ငါဘာကိုလွမ်းတာလဲ ..
ငါ့ အနာဂါတ်ကဘာလဲ ..
သခင် .. လမ်းပြပါ သခင် ..။

ပယ်ပယ်





## ချစ်တယ် .. သခင်

ချစ်တဲ့ .. သခင်ရယ်
ငါဝမ်းနည်းတဲ့အချိန်
ဟောင်းနွမ်းတဲ့ ဒဏ္ဍာရီစာရွက်လေးကို
တမ်းတရင်း ငိုချလိုက်တယ် ..။

ငါ့ခေါင်းအုံးဖြူလေးတစ်လုံး
မျက်ရည်တွေနဲ့
စိုစွတ်ကုန်ပြီကွာ ..။

မဲကျန်နေတဲ့ ငါ့မျက်ဝန်းဧရိယာအတွင်းက
မျက်ရည်စက်များ
ဘယ်သူနစ်သိမ့်ကူညီဖေးမ
နေရာအနှံ့ရှာဖွေသော်လည်း
မတွေ့ရှိခဲ့ ..။

ဩော် ... ဩော် ချစ်တဲ့သခင်ရယ်
ကရာနီကုန်းထက်ပေါ်က
သခင့်ရဲ့ ချွေးစက်တွေ၊ သွေးစက်တွေ
ငါမြင်မိခဲ့ပြီ
ဘယ်တော့မှ မငိုတော့ပါဘူး
အရမ်းချစ်တယ် သခင်
ချစ်တယ် သခင်ရယ် ...။

ဂျူးလော့စ်

# နလုံးလည်းလှရမယ် ၊ အသုံးလည်းကျရမယ်။

လူပီသဘို့အတွက် ဗဟုသုတ (Knowledge) ဆိုတာ
မရှိမဖြစ် ရှိကို ရှိရမယ် . . ။

"ဗဟု" ဆိုတာများပြားခြင်း
"သုတ" ဆိုတာအကြားအမြင်
ဒီတော့ . . အကြားအမြင် များပြားရမယ်လေ။

ဒီနေ့ခေတ်မှာ
အိုင်တီ / အင်တာနက် / ဝက်ဘ်ဆိုက် / အီးမေးလ် စတဲ့
ပညာတွေကို သင်တို့သိကြတယ်၊ တတ်ကြတယ်။
ကျွမ်းကျင်ကြတယ်၊ အဲ့ဒါဗဟုသုတဆိုတဲ့
(Knowledge) ဘဲ၊
အဲ့ဒီ (Knowledge) စကားနောက်မှာ
(Wisdom) ဆိုတဲ့အသိပညာနဲ့
(Ethices) ဆိုတဲ့ကိုယ်ကျင့်တရား
ပေါင်းမှပြည့်စုံတာ။

ဒါကြောင့် . . သင်တို့အသုံးကျပြီး
နလုံးလှရမယ်လို့၊ နိူးဆော်နေတာပေါ့။
အသုံးတော့ကျပါရဲ့ . . ၊ နလုံးမလှရင်
ပတ်ဝန်းကျင်ထိခိုက်တယ် . . ။
တစ်ခါ နလုံးတော့လှပါရဲ့ . . ၊ အသုံးမကျရင်
ပတ်ဝန်းကျင်နစ်နာတယ် . . ။


ဒါကြောင့် . . နလုံးလှလူမိုက်လည်း မဖြစ်စေနဲ့၊
အသုံးကျလူဆိုးလည်း မဖြစ်စေနဲ့
နလုံးလှပြီး၊ အသုံးကျမှ
ကမ္ဘာကြီးငြိမ်းချမ်းမှာ သေချာတယ်။
ငြိမ်းချမ်းခြင်းကို မြတ်နိုးပါ . . ။


ဒေါ်စည်စည်လှာဘိုးကဲ

















## ပထမနှစ် ကျောင်းသူ/သားများ၏ ရင်တွင်းစကား



အမည် ■ နော်ဆာယီးလာ (ခ) နော်မြစန္ဒာ
မွေးသက္ကရာဇ် ■ ၁၃.၂.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ကပ္ပလီ၊ ရှင်မာရိအသင်းတော်
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်

■ သောက်ရေခွက်ထဲမှာရှိတဲ့ထမင်းလုံးလေးလို အများ၏ရွံရှာမှုကိုခံရသူမဖြစ်ဘဲ ထမင်းပန်းကန်ထဲမှာရှိတဲ့ ထမင်းလုံးလေးလို အများအတွက်အင်အားဖြစ်စေချင်ပါတယ် ။ But " O God, you are my potter, I am the clay. So, အလိုတော်ရှိတဲ့အတိုင်း ပုံသွင်းပါဘုရား။



အမည် ■ မိုက်ကယ်ပြည့်ဖြိုးဟန်
မွေးသက္ကရာဇ် ■ ၁၂.၉.၁၉၉၁
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရှင်ပြန်ထမြောက်ခြင်းအသင်းတော် ၊သန်လျင်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်

■ ကျွန်ုပ်၏မစုံလင်သော သုညအသက်တာအား ကိုယ်တော်၏နိုင်ငံတော် တည်ထောင်ဖို့ရန် ခေါ်ယူတဲ့အတွက် ဟာလေလုယာ။ ကျေးဇူးတော်ချီးမွမ်းခဲ့တယ်၊ ပေတရုကဲ့သို့ ကိုယ်တော်အတွက် လူကိုများသောတံငါဖြစ်စေပါ။




အမည် ■ ပီတာဟင်ရာတင်ထန်
မွေးသက္ကရာဇ် ■ ၂၈.၈.၁၉၈၉
လူမျိုး ■ ချင်း(ကူကီး)
ဘုန်းကြီးပိုင်နယ် ■ မောနွေလအသင်းတော် ၊မိုဒွန်ဖိုင်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်

■ အစစအရာရာအားလုံးအတွက် ဘုရားသခင်ကို ကျေးဇူးတင်ပါတယ်။ သခင်စေခိုင်းတဲ့နေရာ ဘယ်လောက်ဘဲ ခက်ခဲကြမ်းတမ်းပါစေ သွားဖို့အဆင်သင့်ပါ။



အမည် ■ ပေါလုစိုးလင်းအောင် (ခ) အိုက်စိုး
မွေးသက္ကရာဇ် ■ ၂၅.၁.၁၉၉၃
လူမျိုး ■ ချင်း(ရှမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်

■ ပန်းကလေးတပွင့်လို ခဏသာပွင့်လန်းပြီး မြက်ပင်လိုညှိုးနွမ်းတတ်တဲ့ အသက်တာမှာ ထာဝရတိုင် တည်ရှိနေတော်မူသော ဘုရားသခင်နှုတ်ကပတ်တော် သင်ကြားခွင့်ရသည့်အတွက် ဘုရားသခင်ဂုဏ်တော်ကို ချီးမွမ်း၍ အသက်ရှင်လျက်ပါ။



အမည် ■ မောင်ဆွတ်ထိန်မှန်အောင်း
မွေးသက္ကရာဇ် ■ ၁၆.၉.၁၉၉၆
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (Cathedral)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ နက်နဲကျယ်ပြောလှတဲ့နေရာကို ရောက်တဲ့အခါ လမ်းလွဲမသွားအောင် ကိုယ်တော်လမ်းပြပါ။ အလင်းတစ်စက်က ကျွန်တော့်အတွက် ခွန်အားပါ။



အမည် ■ ယောသပ်ဒန်အောင်
မွေးသက္ကရာဇ် ■ ၂၀.၁၀.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ကျွန်တော့်ကို ကိုယ်တော်၏ အမှုတော်မြတ်၌ သစ္စာရှိစွာ အသက်ဆုံးတိုင်အောင် ထမ်းဆောင် နိုင်ဖို့ရန် အတွက်၊ ခွန်အားပေးတော်မူပါ။



အမည် ■ မောင်နော်အောင်ဒီး (Andrew)
မွေးသက္ကရာဇ် ■ ၂၀.၁၁.၁၉၉၄
လူမျိုး ■ ကချင်+လီဆူး
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ကိုယ်တော်အလိုရှိသလောက် အကျွန်ုပ်ကို အသုံးပြုပါ။ ကျွန်ုပ်သည် ကိုယ်တော်၏ ဖန်ဆင်းခံလက်ရာဖြစ်ပါသည်။

---

## ဒုတိယနှစ် ကျောင်းသူ/သားများ၏ ရင်တွင်းစကား



အမည် ■ မေရီဒေဝင်လှိုင်း
မွေးသက္ကရာဇ် ■ ၆.၁၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု (ရေလဲကြီး)
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ အကျွန်ုပ်ပြောသောစကားနှင့် စိတ်နှလုံး၏အကြံအစည်သည် ရှေ့တော်၌ နှစ်သက်ဘွယ် ဖြစ်ပါစေသော။ (ဆာလံ ၁၉း၁၄)







အမည် ■ Hana မေယုခင်
မွေးသက္ကရာဇ် ■ ၅.၆.၁၉၉၄
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရု
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ဘုရားသခင်သည် ငါတို့ခိုလှုံရာဖြစ်၍ ခွန်အားကိုပေးတော်မူ၏။ ဘေးရောက်သည့်ကာလ အထူးသဖြင့် ကူမတော်မူကြောင်း ထင်ရှားလျက်ရှိ၏။ (ဆာလံ ၄၆း၁)



အမည် ■ George Lin Lin Htet
မွေးသက္ကရာဇ် ■ ၃၀.၆.၁၉၉၃
လူမျိုး ■ ရှမ်းတရုတ်+ကရင်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင် (ကမာရွတ်)
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ "You shall know the truth, and the truth shall make you free". (John 8:32)



အမည် ■ စောပီတာမျိုးအောင်
မွေးသက္ကရာဇ် ■ ၃၀.၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိ (ပဲခူး)
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ I can do all things through christ who strengthens me.



အမည် ■ Saw D Yuda
မွေးသက္ကရာဇ် ■ ၈.၂.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလကသိဒြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ လူ့အစေခံခြင်းထက် ဘုရားအစေခံရန် ပြင်ဆင်လျက် . . . ။



အမည် ■ မောင်ယောဟန်အင်ဘာဆိုင်းလော့ဒ်
မွေးသက္ကရာဇ် ■ ၁၀.၁၁.၁၉၈၇
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု ၊ လိုင်ဇာအသင်းတော်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ You are the light of the world. (Matthrew 5:14)
So, I am trying the best to be real light for God.



အမည် ■ စောဗိုးကျော်မြ
မွေးသက္ကရာဇ် ■ ၁၉.၁.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုကသီဖြယ်
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ ကိုယ်တော်အားဖြင့်သာလျှင်၊ ဤလမ်းကို ကျွန်ုပ်လျှောက်မည်။



အမည် ■ ဉာဏ်စိုးထက်
မွေးသက္ကရာဇ် ■ ၁၄.၁.၁၉၉၂
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလ
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ကိုယ်တော်ထံလာရန် ကြောက်ရွံ့နေသူများကို မေတ္တာတံတားလေးအဖြစ် ဆက်သွယ် ပေးနေပါသည်။



အမည် ■ ဒေးဗစ်တူးခေါင်
မွေးသက္ကရာဇ် ■ ၉.၁.၁၉၉၄
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (Cathedral)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ Lord show me your face as I want to know you more and I want to be your man.








အမည် ■ Samuel Saw Naydoh Kabawsoe
မွေးသက္ကရာဇ် ■ ၁၆.၁.၁၉၉၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ထီးကဟော်၊ မောနွေလအသင်းတော်
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ ကျွန်ုပ်တို့ရဲ့အားနည်းချက်တွေဟာ ဘုရားသခင်အတွက် အားဆေးဆိုတာ မမေ့ပါနဲ့။



အမည် ■ စောကပေါ်စိုး
မွေးသက္ကရာဇ် ■ ၁၅.၁၀.၁၉၉၄
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္တြေအသင်းတော်၊ ကွမ်ဘီ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ Be faith to do what you can while trusting God to do what you can't.



အမည် ■ မောင်နိုဝယ်မျိုးသူရ
မွေးသက္ကရာဇ် ■ ၃၀.၉.၁၉၉၄
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ရွှေဘို
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ ကျွန်ုပ်တို့အမှုတော်ဆောင်များ စာတန်၏စုံစမ်းနှောင့်ယှက်ခြင်းကို များစွာခံရသောကြောင့် ကျွန်ုပ်တို့သည် ဘုရားသခင်၏ ကွယ်ကာစောင့်ရှောက်မှုများစွာ လိုအပ်ပါသည်။



အမည် ■ ယောရှုအယ်လီမန်
မွေးသက္ကရာဇ် ■ ၁ ဧပြီ ၁၉၉၀
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလု
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ When there are understandings for other in your life, you can become Spirit power. Love to creat praying and produce to light the world energy for people.



အမည် ■ စောနေမျိုးစေး
မွေးသက္ကရာဇ် ■ ၁၉.၁၂.၁၉၉၀
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ဗျော့ဂျက်၊ သံတောင်ကြီး
သာသနာပိုင်နယ် ■ တောင်ငူသာသနာပိုင်နယ်
■ ရိတ်သိမ်းရန် စပါးများစွာရှိသေး၏။ ထိုစပါးများကို ရိတ်သိမ်းရန် ကျွန်ုပ်အား သခင်အလိုရှိသကဲ့သို့ သင့်အားလည်း သခင် အလိုရှိနေပါသည်။

---

## တတိယနှစ် ကျောင်းသူ/သားများ၏ ရင်တွင်းစကား



အမည် ■ မောင်ရှောလမုန်ဆန်းဦး
မွေးသက္ကရာဇ် ■ ၂.၆.၁၉၉၃
လူမျိုး ■ ချင်း (ရှူးမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်သတေဖန်အသင်းတော်၊ မြင့်သောင်
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ဘုရားသခင်အားဖြင့် ပျော်ရွှင်ဝမ်းမြောက်ခြင်းကို ရရှိနိုင်ပါသည်။



အမည် ■ ဒေးဗစ်ဘောက်လီ
မွေးသက္ကရာဇ် ■ ၁၂.၁၀.၁၉၈၈
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်၊ ဟိုပင်
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ကိုယ်စွမ်းရှိသမျှ ဉာဏ်စွမ်းရှိသမျှ အသက်ထက်ဆုံး အမှုတော်ထမ်းဆောင်နိုင်ရန် ခွန်အား ပေးတော်မူပါဘုရား။



အမည် ■ မဖွေးဖွေးဝင်း
မွေးသက္ကရာဇ် ■ ၁၆.၄.၁၉၈၈
လူမျိုး ■ ချင်း (ရှူမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ပလက်ဝ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ အရာရာ၌ ဘုရားသခင်ရဲ့ အလိုတော်ဖြစ်ပါစေ။







အမည် ■ မောင်လှိုင်ဝင်း
မွေးသက္ကရာဇ် ■ ၆.၅.၁၉၉၀
လူမျိုး ■ ရခိုင်
ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော်၊ မြေပုံမြို့
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ ပျော်ပါတယ် . . .။



အမည် ■ အိုက်အောင်လှိုင်
မွေးသက္ကရာဇ် ■ ၁၉.၇.၁၉၈၁
လူမျိုး ■ ချင်း (ရှူမီး)
ဘုန်းကြီးပိုင်နယ် ■ မောနွေလဘုန်းကြီးပိုင်နယ်၊ တွီကွင်းဝရွာ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ အမှန်တရားနှင့် သမ္မတရားကို ရှာဖွေနေဆဲပါ။



အမည် ■ ဆမားရုံဆုန်ဆိုင်းအောင်
မွေးသက္ကရာဇ် ■ ၂၈.၁၂.၁၉၈၆
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်အန္ဒြေအသင်းတော်၊ တနိုင်း
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ ဘုရားအတွက်အမှုတော်ဆောင်ရန် ကြိုးစားလျက် . .။



အမည် ■ စောခရစ္စတီဝင်း
မွေးသက္ကရာဇ် ■ ၂.၆.၁၉၉၃
လူမျိုး ■ ကရင်
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ လှိုင်းဘွဲ
သာသနာပိုင်နယ် ■ ဘားအံသာသနာပိုင်နယ်
■ လူသားများရရှိသော ဘုရားသခင်၏ ကောင်းချီးမင်္ဂလာများသည် အကန့်အသတ်မရှိသော ဘုရားသခင်၏ ချစ်ခြင်းမေတ္တာမှ စီးဆင်းသည့် အနှိုင်းမဲ့ ပေးဆပ်ခြင်း ဖြစ်သည်။



- အမည် ■ ခရစ္စတိုဖာကြည်လင်းစိုး
- မွေးသက္ကရာဇ် ■ ၅.၁၀.၁၉၉၂
- လူမျိုး ■ ကရင်(ပိုး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ကျောင်းတော်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ကျွန်ုပ် ဘာမှမတတ်နိုင်ပါ။ ဘုရားသခင်၏သနားခြင်းဂရုဏာနှင့် ကျေးဇူးတော်အားဖြင့်သာ အသက်ရှင်နေလျက် . . .။



- အမည် ■ စကာလက်
- မွေးသက္ကရာဇ် ■ ၅.၃.၁၉၈၄
- လူမျိုး ■ ကရင် (ပိုး)
- ဘုန်းကြီးပိုင်နယ် ■ ရှင်မိကေ္ခလအသင်းတော်၊ ညောင်ဂူ
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ စုံစမ်းခြင်းများကို ခံနိုင်ရည်ရှိသောခွန်အားများကို ပေးပါ။



- အမည် ■ စောရစ်ချက်ရန်အောင်
- မွေးသက္ကရာဇ် ■ ၂၃.၁၂.၁၉၉၂
- လူမျိုး ■ ကရင် + ဗမာ
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောတြိနတိကာသီဒြယ်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ကျေးဇူးပါ အဖ။



- အမည် ■ အာဒံစကျော်သူရ
- မွေးသက္ကရာဇ် ■ ၂၈.၁၀.၁၉၇၆
- လူမျိုး ■ ကရင် + ဗမာ
- ဘုန်းကြီးပိုင်နယ် ■ ရှင်မိကေ္ခလအသင်းတော်၊ ကြည့်မြင်တိုင်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ စေတနာ၊ ဝါဒနာ၊ အနစ်နာ။ ဤသုံးခုဖြင့် အသက်ထက်ဆုံး အမှုတော်ဆောင်မည်။







- အမည် ■ စဘိုဘို
- မွေးသက္ကရာဇ် ■ ၁၁.၄.၁၉၈၈
- လူမျိုး ■ ကရင် (ပိုး)
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသူအပေါင်း ဘုန်းကြီးပိုင်နယ်၊ ဂရမ်း
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ရယူလိုခြင်းထက် ပေးဆပ်ခြင်းဖြင့် အစေခံလိုပါ၏။



- အမည် ■ မပိုပိုမြင့်မောင်
- မွေးသက္ကရာဇ် ■ ၂၁.၆.၁၉၈၄
- လူမျိုး ■ ချင်း
- ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာအသင်းတော် ၊မြေပုံမြို့
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ ဂရုဏာတရားနှင့် သစ္စာတရားကို ကျွန်ုပ်နှင့်ကင်းကွာခြင်းအခွင့်ကို ပေးတော်မမူပါနှင့်အဖ။ အာမင်။



- အမည် ■ စရှိုင်းလုကာ
- မွေးသက္ကရာဇ် ■ ၆.၁၀.၁၉၉၁
- လူမျိုး ■ ကရင် + ရှမ်း
- ဘုန်းကြီးပိုင်နယ် ■ သန့်ရှင်းသောကားတိုင်အသင်းတော်၊ ကမာရွတ်
- သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
- ■ ကျွန်တော်က Battery ဆို သခင်က Charger ပဲ။



- အမည် ■ ဂျိမ်းစ်အောင်ထွန်းစိုး
- မွေးသက္ကရာဇ် ■ ၂၅.၃.၁၉၈၉
- လူမျိုး ■ ချင်း + ကရင်
- ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော်၊ ပလက်ဝ
- သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
- ■ မီးရောင်ကမှိန်ပေမယ့် အလင်းက အလင်းဖြစ်နေဖို့လိုတယ်ပေါ့နော်။

# စတုတ္ထနှစ် ကျောင်းသူ/သားများ၏ ရင်တွင်းစကား




အမည် ■ ဆလိုင်းမင်းကိုဝင်း
မွေးသက္ကရာဇ် ■ ၂၄.၉.၁၉၈၇
လူမျိုး ■ အရှိုချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေါလုအသင်းတော်၊ ကြာအင်း
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ For my ministry is servant of God and thy will be done.



အမည် ■ ကီမာဆလိုင်းပီတာသိန်းအောင်
မွေးသက္ကရာဇ် ■ ၂၇.၇.၁၉၈၇
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ ရှင်မိက္ခေလ (ဆမီး)
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ I can do nothing without Faith.



အမည် ■ အိုင်းရင်းချင်ယာနီမ်
မွေးသက္ကရာဇ် ■ ၁၅.၁၀.၁၉၉၈
လူမျိုး ■ ချင်း
ဘုန်းကြီးပိုင်နယ် ■ မောနွေလ၊ မိုလ်ဒွန်ဖိုင်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ ဘဝမှာကြုံတွေ့ရမည့် ဒုက္ခအခက်အခဲများအား အောင်မြင်စွာ ကျော်လွှမ်းနိုင်ရန် ဘုရားသခင် ခွန်အားပေးတော်မူပါ။ အာမင်။




အမည် ■ Sa Andrew Maw
မွေးသက္ကရာဇ် ■ ၁၅.၉.၁၉၈၉
လူမျိုး ■ ပိုးကရင်
ဘုန်းကြီးပိုင်နယ် ■ ST.Andrew Chuch (ကျွန်းချောင်း)
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ သင့်အသက်တာထဲမှာ ခရစ်တော်သာပါရှိခဲ့မယ်ဆိုရင် ငြိမ်သက်ခြင်းနှင့်အတူ ပျော်ရွှင်ခြင်းတွေလည်း ရရှိလာပါလိမ့်မည်...သင့်ကို လူတွေပေးတဲ့သရဖူထက် ခရစ်တော်ပေးတဲ့ သရဖူက ပိုတန်ဖိုးရှိပါတယ် . . မိတ်ဆွေ။








အမည် ■ မရေဗက္ကာဂျီးတောင်
မွေးသက္ကရာဇ် ■ ၁၈.၇.၁၉၈၉
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘုရင်မင်းဘွဲ့ခံ (Cathedral)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ WE ARE POSSIBLE BY GOD. NEVER SAYS IMPOSSIBLE



အမည် ■ မောင်ဂျိမ်းစ်ဘရန်မိုင်
မွေးသက္ကရာဇ် ■ ၁၉.၁၁.၁၉၈၇
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်လုကာ (အင်းတော်) ဘုန်းကြီးပိုင်နယ်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ ဘုရားသခင်ရဲ့ကျေးဇူးတော်ကြောင့် စတုတ္ထနှစ်ကို ရောက်ရှိခဲ့ပါပြီ။ ဟာလေလုယာ ကျွန်ုပ်ရဲ့ အမှုတော်ဆောင်ခြင်းက ခရစ်တော်နှင့် အသင်းတော်အတွက်သာ ဖြစ်သည်။



အမည် ■ ရှမွေလဇော်ဆိုင်း
မွေးသက္ကရာဇ် ■ ၂၂.၂.၁၉၉၁
လူမျိုး ■ ကချင် (ဂျိမ်းဖော့)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန်အသင်းတော် (ကသာ၊ မိုးတားကြီး)
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ ဘုရားသခင်ရှိနေသရွေ့ ကျွန်တော်နှင့် ခင်ဗျား ရှိကြတယ်။



အမည် ■ ဆလိုင်းသတေဖန်နှင်းအောင်
မွေးသက္ကရာဇ် ■ ၂.၄.၁၉၈၇
လူမျိုး ■ အရှိုချင်း
ဘုန်းကြီးပိုင်နယ် ■ ကြာအင်းကျေးရွာ၊ ရှင်ပေါလုအသင်းတော်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ ဘုရားအမှုတော်ဆိုတာ မရိတ်သိမ်းရသေးသမျှကာလပတ်လုံး ထွန်ယက်စိုက်ပျိုးနေရဦးမှာပဲ မိတ်ဆွေ။ ခက်ခဲကြမ်းတမ်းပင်ပန်းသော်လည်းတစ်ဖက်မှာ တရားမျှတမှုက သေချာနေပါတယ်။



အမည် ■ အိုက်ဝင်းကို
မွေးသက္ကရာဇ် ■ ၁၆.၂.၁၉၉၂
လူမျိုး ■ ရှုမီး (ချင်း)
ဘုန်းကြီးပိုင်နယ် ■ မောနွေလ (အင်နို၀)
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ လောကကြီးထဲ လူသားဖြစ်ရခြင်းက ဘုရားသခင်၏ အကြံအစည်တော်ဖြစ်တယ်။ ဒါကြောင့် လူသားအားလုံးလည်း ဘုရားသခင်ကိုသိဖို့ မိမိကိုယ်ကို "ကျွန်တော် ဘယ်သူလဲလို့" မေးဖို့ လိုလိမ့်မယ်...။



အမည် ■ Rachel စုစုဝင်း
မွေးသက္ကရာဇ် ■ ၁၈.၆.၁၉၉၂
လူမျိုး ■ ရှုမီး (ချင်း)
ဘုန်းကြီးပိုင်နယ် ■ ရှင်ယောဟန် (ပလက်ဝ)
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ စိတ်ရှည်သီးခံနိုင်သော စိတ်ဓါတ်ဖြင့် လူမျိုးတကာကို ကျေးဇူးပြုတတ်ရန်အတွက် ဘုရားသခင်အထံတော်၌ တောင်းခံလျက် . . ။



အမည် ■ ပီတာလဆန်
မွေးသက္ကရာဇ် ■ ၁၄ .၂ .၁၉၉၀
လူမျိုး ■ ကချင်
ဘုန်းကြီးပိုင်နယ် ■ ရှင်မာကုအသင်းတော် (ကားမိုင်း)
သာသနာပိုင်နယ် ■ မြစ်ကြီးနားသာသနာပိုင်နယ်
■ အို . . . အဖဘုရား ကိုယ်တော်၏အမှုတော်ကို ထမ်းဆောင်ရန် ပြင်ဆင်လျက်ရှိနေသော ကိုယ်တော်၏ကျွန် ကျွန်ုပ်အား ဖြစ်ပေါ်လာသောအရာအားလုံးအပေါ်တွင် မေတ္တာဂရုဏာကိုရှေ့ထားကာ သည်းခံခွင့်လွှတ်နိုင်သောစွမ်းအားကို ပေးသနားတော်မူပါဘုရား။ အာမင်။







အမည် ■ အိဖြူ
မွေးသက္ကရာဇ် ■ ၂၀.၂.၁၉၈၇
လူမျိုး ■ ဗမာ
ဘုန်းကြီးပိုင်နယ် ■ ခရစ်တော်ဘွဲ့ခံကသီဒြယ်အသင်းတော်
သာသနာပိုင်နယ် ■ မန္တလေးသာသနာပိုင်နယ်
■ ဘာမှမသိ၊ ဘာမှမတတ်သော်လည်း ဘုရားသခင်ရွေးကောက်ခဲ့တဲ့အတွက်ကြောင့် ကျေးဇူးတော်ချီးမွမ်းပါတယ်။ ရှေ့ဆက်လာမည့် အမှုတော်ဆောင်ခြင်းအသက်တာမှာလည်း ကိုယ်တော်ပေးတဲ့ခွန်အားနဲ့ ဆက်လက်အမှုတော် ထမ်းရွက်ပါရစေ။



အမည် ■ မိုင်မေမိနန်း
မွေးသက္ကရာဇ် ■ ၁၄.၂.၁၉၉၀
လူမျိုး ■ အရှို(ချင်း)
ဘုန်းကြီးပိုင်နယ် ■ ရှင်မဿဲဘုန်းကြီးပိုင်နယ်၊ ဥသျှစ်ပင်
သာသနာပိုင်နယ် ■ ရန်ကုန်သာသနာပိုင်နယ်
■ နံနက်တိုင်းမှာ ဂရုဏာအသစ်၊ နေ့ရက်တိုင်းမှာ ကျေးဇူးတော်၊ ဘဝ၏ စစ်ကြောမှုတိုင်းအတွက် မျှော်လင့်ခြင်းအသစ်နှင့် ဘဝခရီးတစ်လျှောက် အားအင်သစ်ကို ဘုရားသခင်ပေးသနားတော်မူသည့်အတွက် ကျေးဇူးတင်ပါသည်။



အမည် ■ ဂျူးလော့စ်ကျော်ထိုက်
မွေးသက္ကရာဇ် ■ ၂၄.၆.၁၉၉၀
လူမျိုး ■ ချင်း(ရှုမီး)
ဘုန်းကြီးပိုင်နယ် ■ ရှင်ပေတရုဘုန်းကြီးပိုင်နယ်၊ လိပ်ကုန်း(၁) ရွာ
သာသနာပိုင်နယ် ■ စစ်တွေသာသနာပိုင်နယ်
■ စုံစမ်းနှောင့်ယှက်ခြင်းဆိုတာ တစ်သက်တာမဟုတ်ပါ။ အောင်မြင်ဖို့ရန်အတွက် ခဏတာပေးဆပ်ရခြင်းတစ်ခုပါ။

# ဆရာ / မ ၊ ကျောင်းသူ / သား၊ ဝန်ထမ်းအင်အား ( ၂၀၁၃ - ၂၀၁၄ )

## အချိန်ပြည့်ဆရာ၊ ဆရာမများ

၁။ ဘုန်းတော်ကြီးပါမောက္ခဒေါက်တာစံမြတ်ရွှေ - ကျောင်းအုပ်ကြီး
၂။ ဘုန်းတော်ကြီးဒေါက်တာပေါလ်မြင့်ထက်ထင်ရ - သင်ကြားရေးတာဝန်ခံ
၃။ ဘုန်းတော်ကြီး အန္တြူးမန်းဇော်လွင် - ကထိက
၄။ ဆရာမဒေါ်ဆဂခေါ်နီတောင် - ကထိက
၅။ ဘုန်းတော်ကြီးဟီလရီမင်းမင်း - ကျောင်းသားရေးရာတာဝန်ခံ (လ၊ထ ကထိက)
၆။ ဘုန်းတော်ကြီးမိုးဇက်ကစိုထော - လက်ထောက်ကထိက
၇။ ဆရာမနော်လွင်သီတာမြင့် - လက်ထောက်ကထိက
၈။ ဆရာမမေရီနှင်းနှင်းအေး - လက်ထောက်ကထိက

## အချိန်ပိုင်းဆရာ၊ ဆရာမများ

၁။ အနားယူသာသနာပိုင်ချုပ်ကြီး ဒေါက်တာရှမွေလမန်းစံစိငြေး
၂။ ဘုန်းတော်ကြီး ပါမောက္ခကင်နွန်ဒေါက်တာမာကုစောမောင်ဒို
၃။ ဘုန်းတော်ကြီး ဒေါက်တာရှိမုန်ဘီဘင်ထူး
၄။ ဘုန်းတော်ကြီး အယ်လန်ကျော်မျိုးနိုင်
၅။ ဆရာမကြီးနော်ရှိဘာမူးဗင်း
၆။ ဘုန်းတော်ကြီးဝင်စတန်အောင်မျိုးထွန်း
၇။ ဆရာကြီးဒေါက်တာဦးအောင်လှထွန်း (အထွေထွေအကျိုးဆောင်အချိန်ပြည့်)

## စာကြည့်တိုက်

၁။ ဘုန်းတော်ကြီးစောဂျွန်သက်လွင် - စာကြည့်တိုက်မှူး
၂။ ဆရာမဒေါ်ဝေဝေမြင့် - စာကြည့်တိုက်မှူး
၃။ နော်မားစီစည်းစိမ်စိုး - စာကြည့်တိုက်ဝန်ထမ်း

## အခြားဝန်ထမ်းများ

၁။ ဆရာမဒေါ်မာသ - ရုံးစာရေး
၂။ နန့်ရီရီဝင်း - ထမင်းချက်
၃။ ဦးစောမြတ်သင်း - ပြုပြင်ထိန်းသိမ်းရေးတာဝန်ခံ၊ အချိန်ပြည့်ယာဉ်မောင်း
၄။ နန့်သန္တာဝင်း - ရုံးအကူ၊ ယာယီဝန်ထမ်း
၅။ နန့်ဆန်းဖောင်ဘွား - စာရင်းကိုင်အကူ( ယာယီဝန်ထမ်း )
၆။ ကိုဒေးဗစ် - ဥယျာဉ်မှူး (ယာယီဝန်ထမ်း)





## ကျောင်းသား၊ ကျောင်းသူများစာရင်း (၂၀၁၃-၂၀၁၄)

| သာသနာပိုင်နယ် | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ရန်ကုန် | ၁၃ | ၂ | ၁၅ |
| မန္တလေး | ၄ | ၂ | ၆ |
| တောင်ငူ | ၃ | - | ၃ |
| စစ်တွေ | ၈ | ၄ | ၁၂ |
| ဘားအံ | ၃ | ၁ | ၄ |
| မြစ်ကြီးနား | ၉ | ၁ | ၈ |
| စုစုပေါင်း | ၄၀ | ၁၀ | ၅၀ |

## အတန်းလိုက် ကျောင်းသား၊ ကျောင်းသူများ စာရင်း


| အတန်း | ကျား | မ | စုစုပေါင်း |
|---|---|---|---|
| ပထမနှစ် | ၆ | ၁ | ၇ |
| ဒုတိယနှစ် | ၁၂ | ၂ | ၁၄ |
| တတိယနှစ် | ၁၃ | ၂ | ၁၅ |
| စတုတ္ထနှစ် | ၈ | ၅ | ၁၄ |
| စုစုပေါင်း | ၄၀ | ၁၀ | ၅၀ |

## စဉ်ဆက်မပြတ်ဓမ္မပညာသင်ကြားရေးအစီအစဉ်မှသင်တန်းသားများ

| | |
|---|---|
| ၂၀၁၃ - ၂၀၁၄ | ဘုန်းတော်ကြီးစစ်ကျော်၊ တောင်ငူသာသနာပိုင်နယ် |
| ၂၀၁၃ - ၂၀၁၄ | ဘုန်းတော်ကြီးစတေးဖာ၊ တောငူသာသနာပိုင်နယ် |
| ၂၀၁၃ - ၂၀၁၄ | ဘုန်းတော်ကြီး ဂရေသန်း၊ ရန်ကုန်သာသနာပိုင်နယ် |
| ၂၀၁၃ - ၂၀၁၄ | ဆရာလာတာမှူး၊ တောင်ငူသာသနာပိုင်နယ် |

## ဆရာ၊ ဆရာမများ အရည်အချင်းမြှင့်တင်ရေး အစီအစဉ်

ဘုန်းတော်ကြီး စောဂရယ်ဂရီဝေမူး (M.Th, Moore College, Sydney)
ဆရာအိုက်ခနောကာ (M.Div, Lutheran Theological Seminary College, Hong Kong)
ဆရာမနော်မြတ်စုမွန် (M.Th, Lutheran Theological Seminary College, Hong Kong)
ဘုန်းတော်ကြီး ဆလိုင်းဒါဝိဒ် (M.Th, Asia Graduate School Theology, Philippnes)
ဆရာရှမွေလစောစလေးစော - နည်းပြ (M.Div, M.I.T)
ဆရာစောကလိုထူးဝါး - နည်းပြ (M.Div, M.I.T)



# ခရစ်တော်အတွက် အစေခံသူရဲကောင်း

ပါဒရီအက်စ်ထန်အုပ်

ခေတ်စနစ်သည် အစဉ်ပြောင်းလဲလျက် ရှိပါသည်။ ခေတ်စနစ်နှင့်အတူ ခေတ်စနစ်ကို လိုက်လျက် လူ့အတွေးအခေါ် လူ့ဘဝရပ်တည်မှုသည်လည်း လိုက်၍ပြောင်းလဲလျက် ရှိပါသည်။ ပြောင်းလဲသောအရာများသည် ကောင်းသောအရာများ ရှိသကဲ့သို့ မကောင်းသောအရာများ ရှိသဖြင့်၊ လူသားများကို အကျိုးပြုသော အရာများ၊ လူ့ဘဝကို ပျက်စီးစေသောအရာများ ဟူ၍ တွေ့ရှိနိုင်သည်။ သမ္မာကျမ်းစာတွင် "သင့်အသက် တည်ရာ ချုပ်ရာဖြစ်သော နှလုံးကိုအထူးသဖြင့် စောင့်ရှောက်လော့။ ကောက်ကျစ်သောနှုတ်ကိုစွန့်ပယ်လျက်၊ လိမ်လည်သောနှုတ်ခမ်းကို ဝေးစွာခွါလော့။ သင်၏မျက်စိသည် တည့်မတ်စွာရှုကြည့်၍ မျက်ခမ်းလည်း တူရူရှေ့ရှုလော့။ ခြေကြွရာလမ်းကို ညီညွတ်စွာပြုပြင်၍ အလေ့ အလာရှိသမျှကိုလည်း တည်ကြည်ပါစေ" (နယ-သုတ္တံ-၄း၂၃-၂၆)။ ဟု သတိပေး ဖော်ပြထားပါသည်။ ပြုပြင်ပြောင်းလဲသောအရာအားဖြင့် ဘဝနှင့်စိတ်ထားသည် ပြောင်းလဲခြင်းမရှိဘဲ၊ ထာဝရဘုရား၌ တည်ကြည်ဖြောင့်မတ်သော အသက်တာကို တည်ဆောက်သွားရန် သတိပေးနေခြင်း ဖြစ်ပါသည်။





သမ္မာကျမ်းစာတွင် ဖော်ပြချက်များသည်ကား ပြောင်းလဲခြင်းမရှိနိုင်သကဲ့သို့ နှုတ်ပယ်ခြင်း၊ ဖြည့်စွက်ခြင်းလည်း မလုပ်ရဟု သမ္မာကျမ်းစာတွင် ရေးသားဖော်ပြထားပါသည်။ (မွေထပ်ဆင့် (တရားဟော) ၄း၂၊ ၁၂း၃၂ နယ (သုတ္တံ) ၃၀း ၆ ။ ဗျာဒိတ် ၂၂း၁၈-၁၉)။ သို့သော် သမ္မာကျမ်းစာကို အသက်ရှင်သောစာစောင် Living Bible ဟု ခေါ်ဝေါ်တတ်ကြပါသည်။ ထိုသို့ဆိုလျှင် သမ္မာကျမ်းစာတွင် ဖော်ပြထားသော စာသားများကို ဖြည့်စွက်ခြင်း၊ ပယ်ဖျက်ခြင်း မပြုနိုင်သော်လည်း ခေတ်နှင့်အညီ နားလည်မှု၊ အဓိပ္ပါယ်ထုတ်ဖော်မှု များရှိနိုင်သည်ဟု နားလည်သဘောပေါက်နိုင်ပါသည်။ သမ္မာကျမ်းစာ ဖော်ပြချက်များသည် ပုံသေကားချပ်တစ်ခုကဲ့သို့ သတ်မှတ်မည်ဆိုပါက၊ ခေတ်ကာလတိုင်း၏ ပြုပြင်ပြောင်းလဲမှုအတွက် လမ်းညွှန်မှုကို မပေးနိုင်သကဲ့သို့ ယနေ့လူသားများအတွက် နားလည်နိုင်သော အဓိပ္ပါယ်ကိုလည်း ပေးနိုင်မည်မဟုတ်တော့ပါ။ သမ္မာကျမ်းစာကို Living Bible ဟု သတ်မှတ်ခြင်းမှာ၊ ၎င်းတွင် မှတ်တမ်းတင်ထားသော နှုတ်ကပတ်တော်သည် မနေ့၊ ယနေ့၊ နောင်ကာလတိုင်အောင် အသက်ရှင်တော်မူသော ဘုရားရှင်၏ နှုတ်တော်ထွက်ဖြစ် သောကြောင့်ပင် ဖြစ်ပါသည်။ ထိုနှုတ်တော်ထွက်သည် ရှေးအခါက လူသားများကို လမ်းညွှန်မစသကဲ့သို့ ယနေ့ လူသားများနှင့် နောင်လာလူသားများ ကိုလည်း ကူညီလမ်းညွှန်မစနိုင်မည် ဖြစ်ပါသည်။

ဦးဆောင်နေရသော လုပ်ငန်းတိုင်းတွင် မိမိယုံကြည်ခြင်းကို အခြေခံလျက် လုပ်ဆောင်သွားရန် လိုအပ်ပါသည်။ အင်္ဂလန်နိုင်ငံ ခရစ်ယာန်အဖွဲ့မှ ထုတ်ဝေသော Transformation Magazine Vol.14 No.13 တွင် Stephen Timms, Labour M.P. u Salt to the World ခေါင်းစဉ်ဖြင့် ဆောင်းပါးတစ်ပုဒ်ကို ရေးသားဖူးပါသည်။ ၎င်းဆောင်းပါးတွင် သူက နိုင်ငံရေးတွင်ပင် ခရစ်ယာန်များပါဝင်ကြကာ ကောင်းသောဘက်ကို လွှမ်းမိုးနိုင်အောင် လုပ်ဆောင်သင့်ကြောင်း၊ အသင်းတော်အနေဖြင့် မိမိတို့ အသိုင်းအဝိုင်း၏ အတွင်းပိုင်းဖြစ်ရပ်များကို သိရှိနားလည်သင့်ကြောင်း ဖော်ပြထားပါသည်။သမ္မာကျမ်းစာတွင် ရိုးသားဖြောင့် မတ်စွာ အုပ်ချုပ်ရန်၊ တရားမျှတစွာ လုပ်ဆောင်ရန်၊ အပြစ်မဲ့သူကို ကာကွယ်ပြီး အပြစ်ရှိသူကို ပြစ်ဒဏ်ပေးရန်၊ မိမိကိုယ်ကို မကာကွယ်နိုင်သူတို့ကို ကာကွယ်ပေးရန်ဟုဖော်ပြကြောင်းနှင့် ပရောဖက် ဟောရှာယဆိုလျှင် သူ၏ဟောပြောချက်သည် ထာဝရဘုရားအား ရှိသေမှုနှင့် ကင်းကွာထား၍မရကြောင်း ထောက် ပြပါသည်။ တစ်ချိန်က ခရစ်ယာန်ခေါင်းဆောင်များအနေဖြင့် လူမှုဘဝ တိုးတက်ကောင်းမွန်အောင် လုပ်ဆောင်ချက်များကို သာဓကများ အနေဖြင့် ဖော်ပြထားပါသည်။ ခရစ်ယာန်များအားလုံး နိုင်ငံရေးတွင် ပါဝင်လုပ်ဆောင်ကြရန် လိုအပ်ကြောင်း ဆိုလိုပါသည်။ ခရစ်ယာန်များဖြစ်လျှင် သမ္မာကျမ်းစာကို နားလည်သဘောပေါက်ပြီး၊ ထိုသမ္မာကျမ်းစာအားဖြင့် အသက်ရှင်နိုင်အောင် ကြိုးစား ရန်လိုအပ်ပါသည်။ တစ်ချိန်က ကျွန်စနစ်ထွန်းကားစဉ် ကျွန်အရောင်းလုပ်ငန်းဖြင့် လုပ်ကိုင် စားသောက်နေကြသူများ၊ ကျွန်အလုပ်အားဖြင့် စီးပွားရေးကောင်းစားနေသူများကို ဆန့်ကျင်ပြောဆို၊ ဆန္ဒပြခဲ့သူများသည် ခရစ်ယာန်ဘာသာရေးခေါင်းဆောင်များ၊ ခရစ်ယာန်နိုင်ငံရေးခေါင်းဆောင်များဖြစ်ကြသည်။ သူတို့သည် သမ္မာကျမ်းစာအားဖြင့် အသက်တာတစ်ခုလုံးကို ရေသောက်မြစ်ခံယူပြီး၊ ထာဝရဘုရား၏ အလိုတော်ကို အပြည့်အဝနားလည်သဘောပေါက်ကြသူများဖြစ်သည်။ ထာဝရဘုရား၏အလိုတော်ကို လူတိုင်းသိရှိနားလည်အောင် ခက်ခဲသည့်ကြားတွင် အသက်နှင့်ရင်းပြီး ဖော်ထုတ်ခဲ့ကြသည်။

ယနေ့ ခေါင်းဆောင်လုပ်နေသော သူများသည် နိုင်ငံရေးခေါင်းဆောင်များသာမက၊ အလွှာအတိုင်းအတွက် လူထုပရိသတ်များကို ဦးဆောင်နေကြသောသူများအနေဖြင့် အခြေအနေ အရပ်ရပ်ကို သဘောပေါက်ရန် လိုအပ်ပါသည်။ မိမိကိုယ်တိုင် ပါဝင်လုပ်ဆောင်ရန် မဟုတ်သော်လည်း မိမိနှင့် ပတ်သက်သောသူများကို လမ်းညွှန်မှုပေးနိုင်ရန် ဖြစ်သည်။ သာမာန်လူတန်းစားများဖြစ်ကြသော လယ်သမားများ၊ နွားကျောင်းသားများ၊ သိုးကျောင်းသားများသည်လည်း ဗဟုသုတရှိရန် လိုအပ်ပါသည်။ ရာသီဥတုအကြောင်း၊ စားကျက်ရှိမည့်နေရာ၊ တိရစ္ဆာန်အန္တရာယ်ရှိသည့်နေရာနှင့် အန္တရာယ်ရှိမည့် အရာတို့ကို သိထားရမည် ဖြစ်သည်။ သို့မှသာ မိမိတိရစ္ဆာန်

များကို ကောင်းမွန်လုံခြုံစွာကြည့်ရှုနိုင်ပေမည်။

ယနေ့ မြန်မာပြည်သည် ပြုပြင်ပြောင်းလဲမှုများကို လျင်မြန်စွာ တည်ဆောက်လျက်ရှိနေပါသည်။ စီးပွားရေး၊ နိုင်ငံရေး၊ လူမှုရေးကဏ္ဍပေါင်းစုံသည် နားမလည်နိုင်လောက်အောင် ဖြစ်နေပါသည်။ ဝတ်စားဆင်ယင်မှုများသည်လည်း လက်လှမ်းမမီနိုင်လောက်အောင် ဖြစ်နေပါသည်။ ဘုရားကျောင်းသွားသောအခါတွင် အမြင်မတော်သည့် ဝတ်စားဆင်ယင်မှုများနှင့် ဖြစ်လာကြတော့သည်။ သမ္မာကျမ်းစာဖေါ်ပြသော အရာများသည် ခေတ်နောက်ကျသွားသည်မှာ မဖြစ်နိုင်။ လိုက်လျောညီထွေဖြစ်အောင် နားမလည်နိုင်သေးခြင်းသာ ဖြစ်ပေမည်။ ခေါင်းဆောင်ဖြစ်မည့်သူများသည် ကွက်ကျော်မြင်နိုင်သူ၊ တစ်နည်း မြင်ကွင်းကျယ်မြင်နိုင်သူဖြစ်ရန် လိုအပ်ပါလိမ့်မည်။ ဘာသာရေးခေါင်းဆောင်များအနေဖြင့် မိမိကြည့်ရှုရသော နယ်ပယ်အတွင်းတွင် လူတန်းစားမျိုးစုံရှိကြောင်းကို သတိထားရန် လိုအပ်ပါသည်။ စီးပွားရေးသမား၊ နိုင်ငံရေးသမား၊ အတွေးအခေါ်သမား၊ စားနိုင်သောက်နိုင်သူများ၊ စားဝတ်နေရေး အဆင်မပြေသူများ စသည့် အလွှာမျိုးစုံနှင့် ပေါင်းသင်းဆက်ဆံနေရသူဖြစ်ကြောင်းကို အမြဲသတိချပ်ရန် လိုအပ်ပါသည်။ လူတိုင်းအတွက် သမ္မာကျမ်းစာသည် တစ်မျိုးတည်း အနေဖြင့်သာ သွန်သင်နေပါသည်။ သို့သော် လူတိုင်းကို မိမိတို့ အခြေအနေတိုင်းအတွက် နားလည်အောင် သွန်သင်နေကြောင်း နားလည်ကြရန် လိုအပ်ပါသည်။

လူတိုင်း မိမိတို့တာဝန်ယူနေရသော အခြေအနေ၊ အသိုင်းအဝိုင်းများတွင် သခင်ခရစ်တော်အတွက်အရသာရှိသော၊ အကျိုးရှိသူ၊ အကျိုးပေးသူများဖြစ်အောင် လုပ်ဆောင်ကြရန် လိုအပ်ပါသည်။ ထိုသို့ ဖြစ်လာစေရန် မိမိတို့ကြီးပြင်းရာ အသိုင်းအဝိုင်းသည် အရေးကြီးပါသည်။ တာဝန်ယူသွန်သင်သူများတွင် ပို၍အရေးကြီးပါသည်။ တိုးတက်ပြောင်းလဲမှုကို ရင်ဆိုင်နိုင်ရန် မိမိတို့၏ အခြေခံ ယုံကြည်ခြင်း နားလည်ခံယူမှုမှာ အဓိက ဖြစ်ပေလိမ့်မည်။ ယနေ့ တိုးတက်ပြောင်းနေပြီးဖြစ်သည့် နိုင်ငံများတွင် အဆင်ပြေနေသူများရှိသကဲ့သို့၊ ဖြစ်ပျက်မှု အခြေအနေများကို လက်ခံနိုင်စွမ်းမရှိသောအခါ မိမိကိုယ်ကို သေကြောင်းကြံသူများရှိကြပါသည်။ အသိုင်းအဝိုင်း ကောင်းသည်။ ပိုက်ဆံကြေးငွေ ဖူလုံသည်။ သို့သော် မိမိကိုယ်ကို သေကြောင်းကြံနေသူများ ထုနှင့်ထေးရှိနေပါသည်။ ဆာလံဆရာ အနေဖြင့်ကား "ထာဝရဘုရားကို ကိုးစားသူတို့သည် မလှုပ်မရှားရဘဲ တည်မြဲတည်ရာ ဇိအုန်တောင် ကဲ့သို့ဖြစ်"(၁၂၅ း ၁) ဟုဆိုထားပါသည်။ မိမိယုံကြည်မှုတွင် ခိုင်မြဲနေလျှင် အရာရာကိုတည်ငြိမ်အေးဆေးစွာဖြင့် ရင်ဆိုင်နိုင်ပြီး၊ အသက်တာသည်လည်း မိမိအတွက်၊ ပတ်ဝန်းကျင်အတွက် အကျိုးပေးသည့် အဘိုးတန် အသက်တာဖြစ်နေပေမည်။ လူ့အစွမ်းအစနှင့် လုပ်နိုင်သောအရာများ ရှိနိုင်ပေမည်။ သို့သော် ထာဝရဘုရား ခွင့်မပေးလျှင် အောင်မြင်မှုအားဖြင့် ပျော်ရွှင်မှုခံစားချက်အားနည်းပေမည်။

လူမှုအသိုင်းအဝိုင်း သာယာရေး၊ အုပ်ချုပ်မှုတရားမျှတရေးတို့အတွက် လူတိုင်းခံစားခြင်းဖြင့် ပါဝင်လာကြစေရန် မိမိတို့ယုံကြည်မှု အခြေခိုင်ရန် လိုအပ်ပါသည်။ ခရစ်ယာန်များဖြစ်လျှင် သခင်ခရစ်တော်ကိုစံထားကာ လောကကိုအကောင်းဆုံး အစေခံနိုင်ရန် လိုအပ်ပါသည်။ ရာထူးကြီး နေရာကောင်းရယူပြီး အပေါ်စီးစီးမံကာ ငယ်သားများကို လျစ်လျူရှု၊ သူတို့ပြောဆိုသံမကြားရအောင် နားပိတ်သူဖြစ်လျှင် တာဝန်မဲ့၊ ကိုယ်ကျိုးဖက်သော ခေါင်းဆောင်ဖြစ်သကဲ့သို့၊ ခရစ်ယာန်လုပ်သားကောင်းလည်း မဖြစ်နိုင်ပါ။ မိမိထင်ရာကိုယ်ကျိုးအတွက် ကြိုးစားသက်ရှင်သူ အတ္တသမားတစ်ဦးသာ ဖြစ်ပေမည်။ မိမိယုံကြည်ခြင်းကို သိနားလည်ပြီး၊ မိမိလက်ကိုင်ထားသော သမ္မာကျမ်းစာကိုအခြေခံလျှင် ရိုးအသူ၊ မိမိ ယုံကြည်ခြင်းနှင့် လွဲမှားအောင် ကျင့်ကြံသူဖြစ်လာရန် နည်းပါးနေပေမည်။ ထို့ကြောင့် မှန်ကန်စွာ သက်ရှင်နိုင်ရန် သခင်ယေရှုက "ကြည့်လော့။ ဝံပုလွေအုပ်ထဲသို့ သိုးများကို လွှတ်သကဲ့သို့ သင်တို့ကိုငါစေလွှတ်၏။ သို့ဖြစ်၍မြွေကဲ့သို့ လိမ္မာလျက် ချိုးကဲ့သို့ ရန်ကင်းစေကြလော့" (မဿဲ ၁၀း၁၆)ဟု သတိပေးထားပါသည်။

ပါဒရီအက်စ်ထန်အုပ်







# ပြည်ဖာရာသငွေးနှင့် ပျောက်သောသား

ကိုမျိုး (ပြည်)

ဘာရေးရမည် မသိဘဲ စားပွဲတွင်ထိုင်နေသော ကျွန်တော်နားထဲသို့ သမီးငယ်၏စာကျက်သံက ဝင်ရောက်လာသည်။ ကျွန်တော်ငယ်ငယ်ကတည်းက အလွတ်ရနေခဲ့သော ဆုံးမစာ လင်္ကာလေးတစ်ပုဒ်ဖြစ်သည်။ ရှေးသရောအခါ၊ ပြည်ဖာရာဝယ်၊ ကုဋေကြွယ်သား၊ သူဌေးသားလျှင်၊ သားတစ်ယောက်ရှိ၊ ချစ်၍တစေ၊ အိမ်မှာနေ၍ . . . . အစရှိသောလင်္ကာလေးကို .သမီးငယ်က ရွတ်ဆိုကျက်မှတ်နေခြင်း ဖြစ်သည်။ ထိုလင်္ကာကို ကြားမိသောကျွန်တော်သည် လင်္ကာတွင်ပါဝင်သော အကြောင်းအရာအလိုက် ဆက်စပ်စဉ်းစားနေလိုက်မိသည်။

ကုဋေကြွယ်သူဌေးကြီး၏ တစ်ဦးတည်းသောသား၊ ထိုသားကို သူဌေးကြီးအလွန်ချစ်ပုံရသည်။ ဘယ်လောက်ထိ ချစ်သလဲဆိုလျှင် ကျောင်းလည်းမတက်နိုင်း၊ မုကြိုလေးတောင်မထား အိမ်မှာပင်နေနိုင်းသည်။ အပြင် (မြို့ထဲ၊ ရွာထဲ)သို့ပင် ထွက်လည်ခွင့်ရှိပုံမရပေ။ ဤလင်္ကာ သူဌေးသားကို အပြစ်တင်ချင်ပုံရသည်။ ထိုသူဌေးသားကဲ့သို့ မဖြစ်စေရန်လည်း ပရိတ်သတ်ကို ဆုံးမချင်ပုံရသည်။ သို့ရာတွင် ကိုယ့်သားသမီးကို အလွန်ချစ်သော ဘယ်မိဘမဆို ထိုကုဋေကြွယ်သူဌေးကြီးကဲ့သို့ လုပ်ကြမည်မဟုတ်။ သားသမီးကိုချစ်လျှင် အလိုမလိုက်ဖို့ မိဘများကို ဆုံးမသွန်သင်ချင်သလားတော့မသိပေ။

ယနေ့ခေတ်ဆိုလျှင်တော့ အိမ်မှာပင် ဆရာခေါ်၍ စာသင်လို့ရသည်။ အင်တာနက်တပ်ထား၍ ကွန်ပျူတာဖြင့် ဂိမ်းပဲကစား ကစား၊ ဗဟုသုတရစရာတွေပဲ ရှာကြည့်ကြည့်၊ အပြင်ထွက်စရာမလိုဘဲ အိမ်မှာပင် လောကကြီးအကြောင်း စူးစမ်းနိုင်သည်။ သို့ရာတွင် ပြည်ဇာရာသူဌေးသားလေးအဖို့ အတော်ပင်သနားစရာ ကောင်းလှပါသည်။ အိမ်မှ အနိုင်းအစေများနှင့် ကစားချင်ကစား၊ သို့မဟုတ် စားချင်ရာစား၊ အိပ်ချင်အိပ်(ကိုရီးယားဇာတ်လမ်းတွေ၊ အက်ရှင် အခွေတွေတောင် ကြည့်ရမည်မဟုတ်)နှင့် သူ၏ငယ်ဘဝကို အချိန်လွန်စေခဲ့ပုံရသည်။

စာမတတ် ပေမတတ် သူဌေးသားလေးသည် ဖခင်သူဌေးကြီးသေဆုံးသောအခါ အမွေများစွာကို ဆက်ခံရပါသည်။ ထိုအမွေများကို သူကိုယ်တိုင်သုံးစွဲသည်လည်း ရှိမည်။ သို့ရာတွင် လက်ာအရ မြောက်များလှစွာသော အမွေများကို အစေခံများက လိမ်လည်လှည့်ဖျား ယူဆောင်သွားခဲ့သည်။ နောက်ဆုံးတွင် ထိုသူဌေးသားလေးမှာ ရှိသမျှငွေကြေးများ (သူများတွေ လှည့်ဖျားယူဆောင်သွားသဖြင့်) ကုန်သွားပါတော့သည်။ လိမ်လည်ယူသွားသူများကို တရားစွဲလို့လည်း မရ။ တိုင်တန်းလို့လည်းမရ (တရားစွဲရန်၊ တိုင်တန်းရန်လည်းသိပုံမရ)။

သူဌေးသားလေးခင်မျာ ကြံမိကြံရာဖြင့်၊ စားရမဲ့သောက်ရမဲ့ဖြစ်နေသဖြင့် ခွက်စွဲကာ သူတောင်းစားဘဝကို ရောက်သွားပါသည်။ ဤနေရာသည် ဇာတ်ရှိန်အမြင့်ဆုံးအခန်း ဖြစ်သည်။ စာမတတ် ပေမတတ်၊ အစေခံတွေစကားနားယောင်ပြီး ရှိသမျှစည်းစိမ်ကုန်သွားသော သူဌေးသားလေးသည် သူ့အမှားအတွက် နောင်တရနေပါလိမ့်မည်။ ထိုနောင်တနှင့်အတူ သူ့ဘဝကိုရိုးသားစွာ ရုန်းကန်ရန် သူလုပ်တတ်သောအလုပ်ဖြစ်သည့် တောင်းရမ်းခြင်း အမှုကို ပြုခဲ့ပါသည်။ သို့ရာတွင် ရွာ (သို့မဟုတ်) မြို့နေ လူ့အသိုင်းအဝိုင်းသည် သူ့အားရိုက်နက်ပြီး ရွာ(သို့မဟုတ်) မြို့ မှ နှင်ထုတ်လိုက်ကြပါသည်။ နောင်တနှင့်အတူ ပြန်လည်ပြင်ဆင်ခွင့်မရရှိသော ဘဝအဖြစ်အနေကို တွေ့ရသည်။

လက်ာလေး၏ အဆုံးတွင် ရင်နင့်ဖွယ်ရာဇာတ်သိမ်းကို တွေ့ရသည်။ နင်သာလူမိုက်၊ ဒုစရိုက်ဟု၊ ရိုက်ပုတ်လိုက်ကြ၊ ရွာမှထွက်လေ၊ တောမှာသေ၏။ ကောင်သေလင်းတကျသတည်း။ ရွာအပြင်ဘက်တွင် သနားမည့်သူမရှိ။ ကျွေးမွေးမည့် သူမရှိ။ အငတ်ငတ်၊ အပြတ်ပြတ်ဖြင့် သေဆုံးသွားရှာသည်။ သူ့ရုပ်အလောင်းကို မြှုပ်နှံပေးမည့်သူမရှိဘဲ လင်းတများဝိုင်းဝန်း ကိုက်ဖြတ် စားသောက်ခြင်းဖြင့် အဆုံးသတ်သွားခဲ့သည်။ သူဌေးသားလေး နေထိုင်ကြီးပြင်းရာ ပြည်ဇာရာမြို့ပြ လူ့နေအသိုင်းအဝိုင်းသည် သနားကြင်နာစိတ်ကင်းမဲ့သော မေတ္တာတရား ခေါင်းပါးသောနေရာတစ်ခု ဖြစ်နေပါသည်။ ထိုသို့သော လူ့အသိုင်းအဝိုင်းမျိုး မြန်မာပြည်တွင် ရှိမည်မဟုတ်ပေ။

ဤလက်ာသည် အလွန်အကျူး ဖွဲ့ဆိုထားသော လက်ာတစ်ပုဒ်ပင် ဖြစ်သည်။ သူပေးချင်သော သတင်းစကား ဘယ်အရာဖြစ်သည်ကို တိတိကျကျမတွေ့ရပေ။ သူဌေးသားက မိဘအမွေဥစ္စာများကို မထိန်းသိမ်းတတ်ခြင်းလော။ မိဘများက သားသမီးကို အလိုမလိုက်ဖို့ သွန်သင်လိုခြင်းလော။ ကိုယ်ချင်းစာနာစိတ်၊ သနားကြင်နာစိတ်မရှိသော လူ့ဘောင်အသိုင်းအဝိုင်းတစ်ခုကို ဆုံးမလိုခြင်းလော။ ထိုအတွေးများဖြင့် စဉ်းစားနေခိုက် ရှင်လုကာကျမ်းမှ သခင်ယေရှုဖော်ပြသော ပျောက်သောသား ပုံဥပမာက ခေါင်းထဲသို့ ဝင်ရောက်လာသည်။

ပျောက်သောသားကတော့ ပြည်ဇာရာက သဌေးသားထက် ပါးရည်နပ်ရည် ရှိပုံရပါသည်။ ဖခင်မသေမီ သူရပိုင်ခွင့်ရှိသော အမွေများကို တောင်းခံခဲ့သည်။ ထို့နောက် အခြားပြည်တွင် ထိုဥစ္စာပစ္စည်းများကို သုံးဖြုန်းပျော်ပါးပစ်ခဲ့ပါသေးသည်။ နောက်ဆုံးတွင် ကြံရာမရဖြစ်ကာ (အိမ်လည်းမပြန်ရဲသဖြင့်) (ပြည်ဇာရာ သူဌေးသားကဲ့သို့ တောင်းရမ်းခြင်းကိုလည်းမပြု) သူတစ်ပါးထံတွင် ဝက်ကျောင်းသောအလုပ်ကို ဝင်လုပ်ခဲ့သည်။ အိမ်မပြန်သည်မှာလည်း ကိုယ့်ခြေထောက်ပေါ် ကိုယ်ရပ်တည်မည်ဟူသော မာနစိတ်ကြောင့်လည်း ဖြစ်နိုင်ပါသည်။

နောက်ဆုံးတွင် ကိုယ့်ကျိုးစားအားထုတ်မှုသည် အချည်းနှီးဖြစ်ကြောင်း နားလည်လာခဲ့သည်။ ထို့အပြင် နောင်တစိတ်နှလုံးနှင့်အတူ အိမ်ပြန်လာခဲ့သည်။ သားအဖြစ်အနေကိုလည်း ရယူလိုစိတ်မရှိတော့ပေ။ ဖခင်အိမ်တွင် အစေခံကျွန် တစ်





ယောက်ကဲ့သို့ ပြန်နေမည်ဟု ဆုံးဖြတ်ချက်ချခဲ့ပါသည်။

ပျောက်သောသား၏ ဇာတ်သိမ်းပိုင်းက အလွတ် လှပါသည်။ နောင်တ အကြီးအကျယ်ရ၊ ခေါင်းငိုက်စိုက်ချပြီး အစေခံကျွန်ကဲ့သို့ နေထိုင်မည့် စိတ်ဆုံးဖြတ်ချက်နှင့်အတူ ဖခင်ပေးလာမည့် ဘယ်လိုအပြစ်မျိုးကိုမဆို ခံယူမည့်ပုံစံဖြင့် ပျောက်သောသား ပြန်လာပါသည်။ စိတ်ထဲတွင် အဖေကသူ့ကို တွေ့လျှင်တွေ့ချင်း ဆူပူကြိမ်းမောင်းမည်လား၊ ရိုက်နက်မည်လား၊ သို့မဟုတ် အစေခံကျွန်တွေကို ရိုက်နက်ရန် စေခိုင်းမည်လား။ ဘယ်လိုပင်ပြုပါစေ သူခံယူရန် အသင့်ရှိနေပါသည်။

သားနှင့်အဖေ မတွေ့တာ ကြာပါပြီ။ အဖေက ပြန်လာသောသားကို အဝေးပင်တွေ့တွေ့ချင်း ဖက်ရမ်း နှုတ်ဆက်ပါသည်။ အစေခံကျွန်များကို သူ့သားအတွက် ဝတ်လုံဝတ်ပေးရန်၊ ခြေနင်းဖိနပ်စီးပေးရန် စေခိုင်းပါသည်။ လက်စွပ်ကိုလည်း ဆင်မြန်းပေးပါသည်။ သားအဖြစ် ပြန်လည်အသိအမှတ်ပြုလိုက်ပါသည်။ ထို့မျှနှင့် အားမရသေး ဆူဖြိုးသောနွားကို စီရင်စေ၍ ပွဲကျင်းပပေးပါသည်။ ငါ့သားသည် အထက်ကသေပြီ။ ယခုပြန်ရှင်ပြီဟုပင် ပြောဆိုခဲ့ပါသည်။

ပျောက်သောသား နောင်တရကျိုး နပ်ပါသည်။ ဖခင်၏မေတ္တာတရားကို အသိအမှတ်မပြုဘဲ မနေနိုင်ပါ။ ကောင်းမြတ်သော လူ့ဘောင်အသိုင်းအဝိုင်းတစ်တခုကို ကျွန်တော်တို့ တွေ့ရပါသည်။ လူသည် မှားတတ်သောသဘော ရှိပါသည်။ ထိုအမှားအတွက် နောင်တရသောစိတ်သဘောလည်း ရှိတတ်ပါသည်။ နောင်တရသောသူအတွက် ပြန်လည်ပြုပြင်ရန်အချိန် လိုအပ်ပါသည်။ နောင်တရသော သူတစ်ယောက်၏ ပြောင်းလဲလာသော အသက်တာကို အသိအမှတ်ပြုပေးသော လူ့အသိုင်း အဝန်းတစ်ခုလည်း ရှိရပါမည်။ ထိုလူ့အသိုင်းအဝိုင်းသည် မေတ္တာတရားဖြင့် ထုံမွှမ်းသော၊ ကိုယ်ချင်းစာတရားပြည့်ဝသော သနားကြင်နာစိတ်ဖြင့် ကူညီဖေးမပေးသော အသိုင်းအဝိုင်း ဖြစ်ရပေမည်။

ပြည်ဇာရာ သူဌေးသားလေးအတွက် စိတ်မကောင်းဖြစ်နေမိသော ကျွန်တော့်အဖို့ သခင်ယေရှု၏ ပျောက်သောသား ပုံဥပမာက စိတ်သက်သာရာရစေသည်။ ကျွန်တော်အပါအဝင် လူအတော်များများသည် (အားလုံးနီးပါး (သို့မဟုတ်) အားလုံး) အမှားတစ်ခုမဟုတ် တစ်ခု ပြုတတ်ကြသူများပင်ဖြစ်သည်။ ကျွန်တော်တို့၏ ထိုအမှားများအတွက် နောင်တရပြီး ပြန်လည်ပြုပြင်လိုစိတ်လည်း ရှိကြပါသည်။ ထိုသို့ပြန်လည်ပြုပြင်ရန်အတွက် အချိန်ပေးသော(သို့မဟုတ်) လုံးဝခွင့်လွှတ်ပေးသော မေတ္တာတရားဖြင့် ပြည့်ဝသည့် လူ့ဘောင်လောကသည်လည်း တည်ရှိနေပါသည်။ ထိုသို့တည်ရှိနေသည့်အတွက် လူ့လောကတွင် လူကောင်းများပေါ်ထွန်းနေခြင်း ဖြစ်သည်။ လူ့လောကကြီးသည်လည်း နောင်တရသော လူဆိုးများ (တနည်းအားဖြင့် လူကောင်းပြန်ဖြစ်လာသူများ)အားဖြင့် ဖွံ့ဖြိုးတိုးတက်လျက် ရှိနေပါတော့သည်။

ကိုမျိုး (ပြည်)

ပထမနှစ်ကျောင်းသူ/သားများ၏ နွေရာသီ ကွင်းဆင်းလေ့လာသင်ယူခြင်း ခရီးစဉ်များ (၂၀၁၂-၂၀၁၃) ပညာသင်နှစ်တွင် ကျွန်မတို့ ပထမနှစ်ကျောင်းသူ/သား (၁၅)ဦးသည် ဆရာစောကလိုထူးဝါး၏ ဦးဆောင်မှုဖြင့် ရန်ကုန်သာသနာပိုင်၊ ပြည်ဒေသန္တရနယ်၊ ရှင်ပေါလု အသင်းတော် ကြာအင်းရှိ ကျီးပင်ကန်နှင့် ရွာဟောင်းကျေးရွာများသို့ သာသနာပြုစုပျိုးထောင်ရေးဆိုင်ရာ လက်တွေ့လေ့လာသင်ယူရေး အစီအစဉ်အဖြစ် သွားရောက်ခဲ့ပါသည်။

ကျောင်းတော်ကြီးမှ (၁၄.၃.၂၀၁၃)ရက်နေ့ နံနက် (၅း၃၀) တွင် စတင်ထွက်ခွာပြီး (၃၀.၃.၂၀၁၃)ရက် ည(၇း၃၀)တွင် ကြာအင်းမှ ပြန်လည်ထွက်ခွာခဲ့ပြီး (၁.၄.၂၀၁၃) နံနက် (၅း၀၀)တွင် ကျောင်းသို့ ပြန်လည် ရောက်ရှိခဲ့ပါသည်။

# ၂၀၁၂-၂၀၁၃ ပညာသင်နှစ်
# ပထမနှစ် ကျောင်းသူ၊ ကျောင်းသားများ၏
## ကွင်းဆင်းလေ့လာသင်ယူခြင်းအစီအစဉ်







ထိုခရီးစဉ်ကို (၁၄.၃.၂၀၁၃) ညနေ(၃း၀၀)တွင် ကြာအင်းသို့ ရောက်ရှိခဲ့ပြီး တာဝန်ခံဘုန်းတော်ကြီးပိတာမြင့်ဇော်နှင့် မိသားစု၊ အသင်းသူ/သားများနှင့်တွေ့ဆုံပြီး ဘုန်းတော်ကြီးမှ သွားရောက်ရမည့် ကျီးပင်ကန်ရွာနှင့် ရွာဟောင်းများတို့တွင် တစ်ရွာလျှင်တစ်ပတ်နေပေးရန်နှင့် ရွာများ၏အခြေအနေကို ပြောကြားခြင်း၊ ရွာသူ/သားများအတွက် အားပေးစေလိုသည့်အချက်များကို ပြောပြခဲ့ပါသည်။

(၁၅.၃.၂၀၁၃)မှ (၂၁.၃.၂၀၁၃) ရက်နေ့အထိ ကျီးပင်ကန်ရွာတွင် ဓမ္မပညာသင်တန်း ပြုလုပ်ခဲ့ပါသည်။ ထို့အပြင် ဘုရားကျောင်း မြေညှိခြင်းကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။ အနီးအနားရှိရွာမှ အသင်းသူ၊ အသင်းသားများအိမ်သို့ သွားရောက်၍ ဝတ်ပြုကိုးကွယ်ခြင်းများ ပြုလုပ်နိုင်ခဲ့ပါသည်။ ထို့အတူ (၂၂.၃.၂၀၁၃)မှ (၂၉.၃.၂၀၁၃)ထိ နှင့် ရွာဟောင်းသို့ သွားရောက်ရာတွင်လည်း ဓမ္မပညာသင်တန်းများကို ပြုလုပ်ပေးခြင်းနှင့် ဘုရားကျောင်းမြေညှိခြင်းများကိုလည်း ပြုလုပ်ပေးခဲ့ပါသည်။ ထိုသို့ ပြုလုပ်ပေးခဲ့သော ဓမ္မပညာသင်တန်းများတွင် ကလေးများသည် တက်ကြွစွာ ပါဝင်ခဲ့ခြင်းနှင့် မယုံကြည်သူများလည်း ပါဝင်မှုကို တွေ့ရသောအခါ ဝမ်းသာမိပါသည်။ ထို့ပြင် ရွာသူ/သားများတို့သည်လည်း လှိုက်လှဲစွာ ကြိုဆိုခဲ့ကြသည်ကို တွေ့ရပါသည်။

ဤခရီးစဉ်တစ်လျှောက်တွင်လည်း လိုအပ်ချက်များမရှိစေရန် ပြုစုစောင့်ရှောက်ပေးခဲ့ကြသော ကြာအင်း၊ ကျီးပင်ကန်၊ ရွာဟောင်းမှ အသင်းသူ/သားများနှင့် လူငယ်များအားလုံးကိုလည်းကောင်း၊ လက်ခံကြိုဆိုပေးသော ဘုန်းတော်ကြီးမြင့်ဇော်နှင့်မိသားစု၊ အလှူငွေအားဖြင့် လှူဒါန်းပေးသောသူများ၊ ဝိုင်းဝန်း၍ ဆုတောင်းပေးကြသော မိဘ၊ ဆရာသမား မိတ်ဆွေများ ခရီးစဉ်တစ်လျှောက် ဦးဆောင်ပေးခဲ့သော ဆရာစောကလိုထူးဝါးနှင့် စေလွှတ်ခဲ့သောကျောင်းတော်ကြီးကိုလည်း အထူးပင်ကျေးဇူးတင်ကြောင်း ဖော်ပြလိုပါသည်။

ခရီးစဉ်တစ်လျှောက်တွင် ဆရာနှင့်ကျွန်မတို့ ကျောင်းသူ/သားများအားလုံးတို့သည် ဘုရားသခင်၏ ပို့ဆောင်ကောင်းချီးပေးမှုဖြင့် ကျန်းမာရွှင်လန်းစွာနှင့် ညီအစ်ကိုမောင်နှမများပမာ ပျော်ရွှင်စွာ ခက်ခဲမှုများကို ကျွန်ုပ်တို့၏စည်းလုံးညီညွတ်မှုဖြင့် အောင်မြင်စွာ ရင်ဆိုင်နိုင်ခဲ့ပါသည်။ တစ်ဦးနှင့်တစ်ဦးပို၍ နားလည်မှုရရှိပြီး စည်းလုံးညီညွတ်စွာနှင့် ဤခရီးစဉ်မှရသများစွာ တွေ့ကြုံခံစားခဲ့ရပါသည်။ ဤသို့သော အတွေ့အကြုံများသည် နောင်နှစ်တွင် သွားရောက်ရမည့်ဒေသများအတွက်သာမဟုတ်ပဲ မိမိ၏အမှုတော်ဆောင်ခြင်းအသက်တာအတွက် များစွာသော သင်ခန်းစာကို တွေ့ကြုံခံစားရရှိခဲ့ပါသည်။

နန့်မေရီဒေင်လှိုင်း

## ကတိပေးပါတယ်
(ဟာသတို)

ကိုမင်းမောင်သည် ဘုန်းကြီးသိက္ခာရပြီးနောက် မကြာမီပင်
စုံတွဲတစ်တွဲအား လက်ထပ်ပေးရသည်။
အတွေ့အကြုံနည်းနေသေးသဖြင့် လက်ထပ်ပွဲတွင် အထစ်အငေါ်
အနည်းငယ် ဖြစ်သွားခဲ့သည်။ ထို့ကြောင့် လက်ထပ်ပွဲပြီးသောအခါ
သတို့သားနှင့် သတို့သမီးအား တောင်းပန်စကား ဤသို့ဆိုခဲ့ပါသည် ။
"အားနာလိုက်တာဗျာ နောက်တစ်ခါ ဒါမျိုးမဖြစ်စေရပါဘူး" လို့ ကတိပေးပါတယ်။

ဖိုးသုည



# သန့်ရှင်းမြင့်မြတ်သော နှလုံးသား

JOHN BA SENG LOWT(L.Z)

ကမ္ဘာပေါ်မှာ လူမျိုးဘာသာအမျိုးမျိုးရှိကြသည်ဖြစ်၍ တစ်ဦးနှင့်တစ်ဦးထားရှိသော စိတ်နေသဘောထားသည်လည်း တစ်ဦးနှင့်တစ်ဦး ထပ်တူကြလိမ့်မည် မဟုတ်ပေ။ ထို့အပြင် လူတိုင်းမှာ စိတ်ပိုင်းဆိုင်ရာ စဉ်းစားခြင်းမှု အကြောင်းတရားများ ရှိမည်ဖြစ်သည်။ ထို့ကြောင့် သန့်ရှင်းမြင့်မြတ်သော နှလုံးသားသည် လူတိုင်းမှာရှိရန် လိုအပ်ပါသည်။(ရောမ၊ ၁၂း၁)


## လူတိုင်းမှာရှိသင့်သောနှလုံးသား

သန့်ရှင်းမြင့်မြတ်သောနှလုံးသားဟု အနက်ဖွင့်ဆိုရန်မှာ အလွန်ပင် ခက်ခဲလိမ့်မည်ဖြစ်သည်။ သို့သော်လည်း ရိုးရိုးလေးဖွင့်ဆိုကြည့်မည်ဆိုပါက နှိမ့်ချခြင်း၊ စိတ်ရှည်သည်းခံခြင်း၊ ချစ်ခြင်းမေတ္တာရှိခြင်း (ရောမ၊ ၁၂း၉-၁၀၊ ဂလာတိ၊၅း၂၂-၂၆) အစရှိသောအရာတို့သည် သန့်ရှင်းမြင့်မြတ်သောနှလုံးသားရှိမှု၏ အခြေခံအချက်အခြာ အကျဆုံးဟု ဆိုနိုင်ပေသည်။ အထူးသဖြင့် သူတစ်ပါး၏ အားနည်းမှုများကို မထောက်ရှုဘဲ စာနာနားလည်သဘောပေါက်ပေးနိုင်သော သူကိုလည်း မြင့်မြတ်သောနှလုံးသားရှိသည်ဟု ဆိုနိုင်ပေသည်။ ထို့အပြင် သူတစ်ပါးကို ကူညီမစတတ်သူ၊ ကိလေသာနှင့် ကင်းလွတ်ခြင်း၊ တပ်မက်သော စိတ်နှင့်ကင်းလွတ်ခြင်း၊ ပုရွက်ဆိတ်မှအစရှိသော သတ္တဝါတို့၏ အသက်ကိုမသတ်ဘဲ သနားကြင်နာတတ်ခြင်း အစရှိသောအရာများတို့ကို စောင့်ထိန်းနိုင်သော သူကိုလည်း သန့်ရှင်းမြင့်မြတ်သော နှလုံးသားရှိသူအဖြစ် ဆိုနိုင်ပေသည်။ အကြောင်းမှာ သူတစ်ပါး၏အမှား၊ အားနည်းမှုကို လူအများရှေ့၌မဖော်ထုတ်ဘဲ ဖုံးကွယ်ပေးထားခြင်းတို့ကြောင့်ပင် ဖြစ်သည်။ "ကျွန်ုပ်တို့မူကား အရှက်ကွဲခြင်းနှင့် ကင်းလွတ်စေရန်" ဘုရားသခင်ထံ အမြဲဆုတောင်းတတ်ကြသကဲ့သို့ သူတစ်ပါးကိုလည်း အရှက်မကွဲမိစေရန် အလွန်ပင် အရေးကြီးပါသည်။ ထို့ကြောင့် ရဲရဲဝံ့ဝံ့ဝန်ခံတက်ရန်နှင့် ပြဿနာများဖြစ်ပေါ်လာပါက ရဲဝံ့စွာ ရင်ဆိုင်ဖြေရှင်းတတ်ရန်လည်း လူတိုင်းလိုအပ်ကြောင်း သိထားသင့်ပါသည်။ အကယ်၍ အားနည်းမှုကို ဖော်ထုတ်လိုပါက လူအများရှေ့၌ မဖော်ထုတ်ပေးမိစေရန် အလွန်ပင်အရေးကြီးလှကြောင်း သိရှိနားလည်ထားရန် လိုအပ်ပါသည်။

JOHN BA SENG LOWT(L.Z)







# ငယ်ချစ်

နော်ဂမုန်းအင်

ကျွန်မနာမည်က "အယ်သက်"။ ကရင်လူမျိုးဆိုတော့ "နော်အယ်သက်" ပေါ့နော်။ အဖေနဲ့အမေက အထွေးဆုံးလေးမို့ ငယ်ငယ်ကပဲ အချစ်ပိုခဲ့လို့ နော်ငယ်ချစ်ရယ်လို့ ကင်ပွန်းတပ်ခဲ့သင့်ပေမယ့်၊ လက်ရှိနာမည်လေးလည်း ဒီသဘောပါပဲ။ ကြုံတုန်း ကျွန်မနာမည်ရဲ့အဓိပ္ပါယ် ပြောပြချင်တယ်။ အဖေနဲ့အမေက အသက်ပါ။ အသက်တမျှ ချစ်ရသူပေါ့ရှင်။ သို့ပေမယ့် ကျွန်မဘဝက သာမာန်ပါပဲ။ ကဗျာသိပ်မဆန်လှပါဘူး။ ဒီလိုပြောလို့ အထင်တော့ မသေးလိုက်နဲ့နော်။ ကျွန်မတို့ နယ်အသင်းတော်မှာတော့ ကျွန်မက ကွမ်းတောင်ကိုင်၊ အလှပဂေးဆိုပါတော့။ မယုံရင်မေးကြည့်ပါ။ ပထမထောက်ခံမှာက ကျွန်မ။ ဒုတိယထောက်ခံမှာက ကျွန်မအဖေနဲ့အမေ။ ကျွန်မအဖေက သင်းအုပ်ဆရာ။ အမှုတော်ဆောင်ဆိုတော့ မညာတတ်ဘူးပေါ့။ အမေကတော့ အဖေ့သဘောပါပဲ။ အဲဒီလို ရိုးဂုဏ်တွေ ကျွန်မအကုန်ရထားလို့ ဒါလောက် လှနေနေတာပါ။

ကျွန်မ "အလှဆုံး" ဝါသနာတစ်ခုက စာဖတ်တာ။ ဒီဝါသနာလေး ရလာတာကလည်း ရိုးတယ်လို့ ပြောမလား ဆန်းတယ် ဆိုရမလားပဲ။ တစ်အိမ်လုံးပေါင်းရင်တောင် ဆယ်တန်းမအောင်တဲ့ မိသားစုလို့ ကျွန်မတို့အိမ်ကို မဆိုနိုင်ပေမယ့် အဖေရော အမေပါ ခေတ်ပညာတတ် ဘွဲ့ရများ မဟုတ်ကြရှာပါဘူး။ သို့ပေမယ့် ...

နို့သမီးလေး အယ်သက်တော့ ဘွဲ့ရပညာတတ်ကြီး ဖြစ် စေရမယ်ဟဲ့ဆိုပြီး ကြိတ်အားပေးနေလိုက်ကြတာ၊ ကျောင်းနေတဲ့ကာလတစ်လျှောက် စာဖတ်နေရင်ပြီးရော၊ အိမ်အလုပ်တွေ ဘာမှကူမလုပ်ခဲ့ရပါဘူး။ မှတ်မိသေးတယ်။ ကျွန်မအစ်မကတော့ စာဖတ်ပျင်းတာနဲ့ပဲ နောက်ဆုံးကျောင်းပါထွက်ပြီး အိမ်မှာ အမေ့ကူလိုက်ရတယ်။ အစ်မကျောင်းထွက်တဲ့နေ့က အဖေခမျာ စိတ်ဓါတ်တွေများကျလို့ ထမင်းတောင် မစားနိုင်တာ။ မနေ့တစ်နေ့ကလိုပါပဲ အာရုံထဲ စွဲထင်မြင်ယောင်မိသေး။ နောက်အစ်ကိုတစ်ယောက်ကလည်း ကျောင်းထွက်ပြီး ပွဲစားယောင်ယောင်၊ လူငယ်ခေါင်းဆောင်လိုလို၊ သတင်းထောက်လား၊ ဓါတ်ပုံဆရာလားပဲ။ လုပ်နေတာနဲ့ အိမ်မှာတော့ အထောက်အကူ သိမ်မဖြစ်ပါဘူး။ ကျွန်မလည်း အမေအဖေ စိတ်ချမ်းသာအောင် စာဖတ်ပြရင်းပြရင်းနဲ့ သူငယ်တန်းဖတ်စာထဲကအတိုင်း ဖြစ်မှန်းမသိဖြစ်လာတာ။ ဘာတဲ့ . . "ကျောင်းသွား၊ ကျောင်းပြန်၊ မိဘကူ၊ ကစား၊ ရေချိုး၊ ညစာစား၊ စာကြည့်"။ မိဘကို စာဖတ်ပြီး ကူနေတဲ့ နော်အယ်သက်ပေါ့ရှင် . . .။

ဘာ . . .။ "စာဖတ်တာ" ဘယ်လောက်ကောင်းလို့လဲ..ဟုတ်စ။ ဒါကဒီလို ရှိတယ်။ ကိုယ်က စာဖတ်ပြနေတော့ မိဘတွေက ငါ့သမီးစာတတ်တော့မယ်၊ ပညာတတ်ကြီးဖြစ်တော့မယ်ဆိုပြီး ကြိတ်ဝမ်းသာပြီး စိတ်ချမ်းသာရနေကြတာ ကျွန်မဆိုတဲ့ အယ်သက်က ဝမ်းခေါင်းထဲကနေကို သိနေတာလေ။ ဒီလိုနဲ့ အစ်ကိုနဲ့ အစ်မတို့ မရနိုင်တဲ့ ကျောင်းသူအခွင့်အရေးမှန်သမျှ ကျွန်မအိမ်မှာ သိမ်းကြုံးရနေတော့တာပေါ့။ နေသာလိုက်တဲ့ ဘဝပါပေ့။

ဪ . . "ဘဝ" ဆိုလို့ ကျွန်မဆိုတာက နေသာတဲ့ကျောင်းသူဘဝကို ဘယ်လောက်များ စုံမက်ဖက်တွယ်ထားသလဲဆို နှစ်နှစ်တစ်တန်းနှုန်းလောက်နဲ့ကို ကျောင်းနေခဲ့ရတဲ့ဘဝပါ။ အတန်းတွေ ကျတာပေါ့။ မကျခံနိုင်မလား။ (၇)တန်း၊ (၈)တန်းလောက်စလို့ ဖေတို့မေတို့မသိအောင် ကျောင်းစာအုပ်ကြား ဝတ္ထုစာအုပ် ညှပ်ပြီးဖတ်တတ်နေပြီလေ။ နယ်မှာဆိုတော့ အခုလိုကိုရီးယားကားတွေ ခေတ်မစား သေးပါဘူး။ ဖယောင်းတိုင်ထွန်းပြီး ကိုးရီးယားကား ကြည့်လို့မှ မရတာ။ ဒါပေမယ့် လထွက်တာကိုကြည့်ရင်း





လေပြေသွေးမှာ လှုပ်ရှားနေတဲ့သစ်ရွက်တွေ ကြည့်ရင်း ကိုရီးယားကားတွေထက် မညံ့တဲ့ ဇာတ်လမ်းမျိုးစုံကို စိတ်ကူးနဲ့ဖန်တီးခံစားရင်း ငယ်ငယ်နဲ့ပဲ စိတ်တွေ လှုပ်ရှားတတ်ခဲ့ပြီ။ ချစ်တတ်၊ လွမ်းတတ်ခဲ့ပြီဆိုပါတော့။ သို့ပေမယ့် ကျေးဇူးတော်ကြောင့် ဆယ်တန်းအောင်တဲ့နှစ်မှာပေါ့။ မိဘတွေကိုရော လူအားလုံးကိုပါ အံ့ဩသွားအောင် ကျွန်မရွေးချယ်လိုက်တဲ့ဘဝက "ဟိုးလီးခရော့"ပါ။

"အပါးရေ . . . သမီး ကျမ်းစာကျောင်းတက်မယ်" လို့ပြောတော့ အဖေ့ခမျာ အပျော်နှစ်ထပ်ကွမ်းနဲ့ကို ပျော်နေပုံ ရတယ်။ သူ့တုန်းက မမှန်းနိုင်ခဲ့တဲ့ဘဝ မဟုတ်လား။ အမေကတော့ သိပ်ဝမ်းသာပုံ မရပါဘူး။ ကြည့်ရတာတော့ "ဟွန့် . . မိန်းကလေးပဲ၊ ကျမ်းစာကျောင်း အောင်တော့ရော ဆရာကတော်ဆိုတဲ့ ဘွဲ့အပြင် ဘာများထပ်ပြီး မက်စရာရှိသေးတုန်း" လို့ ပြောနေသလားပဲ။ ဆရာကတော်အပြင် မဏ္ဍိုင်ကြီးလေးရပ်မှာ ယောက်ျားအသင်းမှအပ ကျန်တဲ့ သုံးဌာနစလုံးမှာ အမေ့သမီး ဆရာကြီးဝင်လုပ်ရနိုင်တယ်ဆိုတာ အမေသိပ်သိပုံမရဘူး။ အမေ့ခမျာမှာလဲ ဘဝသိမို့ မှားတယ် တော့မဆိုသာဘူးပေါ့လေ။ သင်းအုပ်ကတော်ဘဝ ဘယ်လောက်ခက်ခဲ ပင်ပန်းလိုက်သလဲ သူသာအသိဆုံးပဲလေ။ နယ်မှာ ပြောပါတယ်။ သားရေးသမီးရေး၊ မီးရေးထင်းရေး၊ အိမ်တွင်းရေးမှန်သမျှ သင်းအုပ်ဆရာက ဘယ်မှာ အချိန်ပေးနိုင်လို့တုန်း။ ဆရာကတော့် တာဝန်ပဲ။ အဲ့ . . သာရေး၊ နာရေး၊ ရပ်ရေးရွာရေး၊ အသင်းတော်အရေး၊ လူမှုရေးများမှာဆိုလဲ လှူဟယ်၊ တန်းဟယ်၊ ချက်ဟယ်၊ ပြုတ်ဟယ်၊ ညှော်ခံ ကျွေးမွေး၊ ရေထိုးပန်းထိုး၊ ဗာဟီရ ရှိရှိသမျှ ဆရာကတော်များ လက်ရှောင်လို့ ရတာ ဘာများရှိလို့တုန်း။ ဒါတောင် ကွယ်ရာမှာ ဆရာကတော်အကြောင်း တီးတိုးတီးတိုး သဖန်းပိုးထိုးချင်ကြသေးတယ်။

အမေက အချစ်ရဲ့တန်ခိုးကြောင့်ပဲလား၊ နံ့ခါးစည်း ခံနိုင်ခဲ့တာတော့ အမှန်ပါ။ ဒီဒဏ်တွေ ပိုးလိုမဥနိုင်ခဲ့ပေမယ့် အစွမ်းကုန် ဖူးဖူးမှုတ်ထားခဲ့ရတာ မဟုတ်လား။ ဘွဲ့ရ ပညာတတ်ကြီးလည်း ဖြစ်တော့မှာ သူတို့အမြင်တော့ အယ်သက်ထက်တော်တဲ့



သူတောင် အယ်သက်လောက် မတော်နိုင်ဘူးပေါ့။ ဇော်ဝင်းထွဋ်သီချင်းထဲကလို အစားထိုးဖို့ရန် အခြား မရှိတဲ့ "အနှိုင်းမဲ့" ပဲလေ။ တိုတိုနဲ့ပြောရရင် သူတို့ရဲ့ အကောင်းဆုံးလေးကို ဘုရားအတွက် ဆက်ကပ်လိုက်ကြတယ် ဆိုပါစို့။ ဒီမှာတင် ကျွန်မ ဘဝစတာ။

အစဲရှိပြီး အဆုံးမရှိတဲ့ဘဝကို ဘဲဥလို ဘဝလို့ဆိုရမှာပေါ့နော်။ ဟုတ်ပါတယ်။ ကျောင်းရောက်တော့ ကျောင်းအုပ်ကြီးက ပထမဆုံးခေါ်တွေတော့ ပြောပါတယ်။ "မင်းတို့တစ်တွေ ဘယ်သူဖြစ်ဖြစ်၊ ဘယ်ဝါကြီးပဲဖြစ်ဖြစ်၊ ဘာကောင်၊ ညာကောင်ဖြစ်ခြင်းတွေကို ကျောင်းဂိတ်ပေါက်ဝမှာ ထားခဲ့ပြီး၊ သုညဘဝနဲ့ လူချည်းပဲ ကျောင်းထဲကို ဝင်လာပါ။ ကျောင်းရဲ့ဆောင်ပုဒ်က နာခံခြင်း၊ စင်ကြယ်ခြင်း၊ ခြိုးခြံခြင်းတဲ့။ ဒီနှစ်တစ်လျှောက်လုံးမှာ စင်ကြယ်ခြင်းကို အာရုံပြုဆောက်တည် ကြဖို့ဖြစ်တယ်" အစချီတက်ပြီး တစ်နာရီ လောက်ဆက်ပြောသွားတာတွေတော့ အများကြီးမှအများကြီးပါပဲ။ ကျွန်မလဲ သိပ်မမှတ်မိတော့ပါဘူး။ အဟုတ်။ ဒီလိုသာ တစ်ခါတည်းနဲ့ အကုန်မှတ်မိနိုင်တဲ့ဉာဏ်ရှိနေရင်လဲ နှစ်နှစ်တစ်တန်းနှုန်းနဲ့ ကျောင်းမတက်ခဲ့ရပဲ အခုထက်အများကြီးစောပြီး ကျမ်းစာကျောင်းရောက်နှင့် သင့်ပြီပေါ့။ အားလုံးချန်ထားဆိုမှတော့ "ငယ်ချစ်ရောလားဟင်"လို့ ဆရာကြီးကို မေးချင်လိုက်တာမှ အာကိုယားလို့။ ဂလု။ ကျမ်းစာကျောင်းသူ ဘဝဆိုတော့ ဗလာနတ္ထိ သုညလိုများလား။

ဆရာကြီးပြောတဲ့ "သုည" ဆိုတာ ဘဲဥကို ဆိုလိုမှန်း ကလေးတောင်သိသေး။ ဟင်း . . ဟင်း ။ အရှုံးထောင်က အဖြစ်လေးပါ။ အဲ . . ယောင်လို့။ စိတ်ကျန်းမာရေး ဆေးရုံလို့ ပြင်ဖတ်ပေးပါနော်။ ဒီလို။ ဆေးရုံကို ပထမအကြိမ်လာပြတဲ့ လူနာကို ဆရာဝန်က မေးတာပေါ့။ နာမည်၊ အလုပ်အကိုင်၊ နေရပ်၊ အိမ်ထောင်ရှိ မရှိ။ နောက်ဆုံး ပညာ အရည်အချင်းမေးတော့ ရေးတတ်ဖတ်တတ်သတဲ့။ ဒါနဲ့ သင်္ချာလဲတွက်တတ်မှာ ပေါ့လို့ မေးကြည့်တော့ ရပါသတဲ့။ ဒီလိုဆို ၁၀၀ ထဲက တစ် နှုတ်ရင် ဘယ်လောက် ကျန် သလဲဆိုတော့ အကြာကြီးစဉ်းစားပြီးမှ လူနာက ပြန်ဖြေတယ်။ ဘဲဥနှစ်လုံး ကျန်မယ်တဲ့။ အဲဒီဘဲဥ ကျောင်းလှူရင် သိပ်ကောင်းမှာပဲ။ ကျမ်းစာကျောင်းမှာ လူ(၉)ယောက်စာ တစ်ယောက်တစ်လုံး နှုန်းနဲ့တွက်ပြီး တစ်လုံးပိုချက်ထားရင်တောင် တစ်ခါ တစ်လေ နှစ်လုံးသုံးလုံးလောက် ပျောက်ပျောက် သွားပြီး အဝေမတည့်ဖြစ်ဖြစ်သွားတတ်တဲ့ ညစာတွေ က အခုတော့ကျွန်မဘဝရဲ့ နိစ္စဓူဝ တစ်စိတ်တစ်ဒေသတွေပေါ့။ "ခွဲမရ" အောင်ဖြစ်လို့။

အဲ..ကျမ်းစာကျောင်းသူတစ်ယောက်နဲ့ "ခွဲမရ" တဲ့အရာတွေကလည်း အများသားကလား။ မကြိုက်တတ်ရင်တောင် မိတ်ကပ်လေး၊ တို့ပတ်အစ၊ ဟိုစစ၊ ဒီးစစနဲ့ ဖြစ်နိုင်ရင် အိုင်ပေါ့တို့ လက်တော့ပ်-တို့လည်း လိုတာပ။ လူခြေတိတ်ရင် ကိုရီးယားကားလေး၊ ဖေ့စ်ဘွက်လေးနဲ့ အပန်းဖြေနိုင်သပေါ့။ ရတဲ့မုန့်ဖိုးနဲ့ စာအုပ်ဝယ်ဖို့ကတော့ လုံးဝမဖြစ်နိုင်အောင်ပါပဲ။ ဒီလို ပြောလို့ ကျွန်မရဲ့ငယ်ချစ်လေးနဲ့ လမ်းခွဲလိုက်ရပြီ မထင်ပါနဲ့။ အဟုတ်။ ရှုပ်ကုန်ပလား မသိ။ ငယ်ချစ်ဆိုတာက အခုမှ စတွေ့နေတဲ့ ကျောင်းကအိစီကလီကို ပြောတာမဟုတ်ဘူးနော်။ ငယ်ကစလို့ ချစ်ခဲ့ရတာကိုပြောတာပါ။ ဒါများ စကား လုပ်နေရလား . . ဟုတ်လား။ ဪဒါက ငယ်ချစ်နဲ့ တူတဲ့ ကျွန်မရဲ့ စာဖတ်ဝါသနာကိုပြောတာပါ။ ဒီဝါ သနာတော့ ချန်ထားလို့မဖြစ်ဘူး။ ဒါကကျွန်မရ လိုက် တဲ့ တစ်ခုတည်းသော မိဘအမွေပါ။ နတ်တို့ ဖန်ရေကန်အသင့်၊ ကြာအသင့်တဲ့။ မှန်လိုက်လေ။ နွားငတ်ရေကျရင်တောင် ကျွန်မလောက်ပျော်မယ် မထင်ပေါင်။ နွားက ကျွန်မလောက်မှ စာမတတ်ပဲ။

စာတတ် ပေတတ် အယ်သက်ကြီး အခု တော့ ကျွန်မတို့ကျောင်းက ကမ္ဘာ့အဆင့်မီ စာကြည့် တိုက်ထဲကနေ ဒီစာတွေရေးနေတာပေါ့။ ဆရာမ အစောပြောလို့သာ ကမ္ဘာ့အဆင့်မီလို့ သုံးလိုက်ရပေ မယ့် ဘယ်နေရာတွေမှာ ဘယ်အဆင့်ကို မီနေမှန်း တော့ ကျွန်မလည်း ဂဃနဏ သိပ်မသိပါဘူး။ လိုသမျှ စာအုပ်တွေ အားလုံးရှိသလားလည်း သေချာ တော့ မသိတတ်ပါဘူး။ ကမ္ဘာမှာ စာအုပ်ဘယ်နှစ် အုပ်ထုတ်ပြီးသလဲ ကျွန်မမှ မသိနိုင်ပဲ။ ခုတစ်လော မီဒီယာတွေမှာ ကြားကြား နေတဲ့ အီး-စာကြည့်တိုက် အီး-အစိုးရတွေဖြစ်ရေး ရည်မှန်းချက်နဲ့တော့ အဝေးသား ဂလား။ အဲတာ အသာထားပါ။ အခုရှိ ထားတာတွေနဲ့တင် ဒီလေးနှစ်အတွင်း ပြီးအောင်

ကြိတာကတော့ အတော်ခံရချက် ခပ်ခက်ခက်ပါပဲ။ ယောကျ်ားလေးတစ်ဦး အလွယ်တစ်ကူပဲရနိုင်တဲ့ အလုပ်တစ်ခုကို မိန်းမသားတစ်ဦးမို့ ခေါင်းနှစ်လုံး၊ ခြေလေးဖက်နဲ့ ဖြစ်နိုင်ရင် တောင်ပံများတောင်ပါမှပဲ လုပ်နိုင်ခွင့်ရှိတော့မယောင် လိုအပ်ချက်တွေ မတရားကို မြှင့်ထားတတ်ကြပါတယ်။ အဲဒါထက် ပိုအခံရခက်တာက ပြဋ္ဌာန်းတုန်းကသာ တရားမဝင် တိတ်တဆိတ်လုပ်ထားပြီး အဲဒီအစဉ်အလာကြီးကို ပယ်ဖျက်ဖို့ကျတော့ ပြည်ထောင်စုလွှတ်တော်များတောင် သွားတင်ရမလားပဲ။ ဒါတောင် ရာနိုင်နှုန်း အနည်းငယ်သာရှိတဲ့ အမျိုးသမီးဥပဒေပြု လွှတ်တော်အမတ်ဦးရေကြောင့် ထွက်ရပ်လမ်းဖြင့် သိမ်မမြင်။

သိပ်မမြင်နိုင်တာကလည်း မည်ကာမတ်-တပ် ကျွန်မတို့ရဲ့အနာဂတ်၊ အမျိုးသမီးများ ဘဝမျှသာပါ။ ဘယ်သူ့အရေးမှ မဟုတ်ပေပဲလေ။ သို့ပေ-တည့် ကျွန်မရဲ့အတိတ်နဲ့ ရာဇဝင်များထဲက လက်တွေ့ဘဝများကြောင့်ပဲ ဒီကနေ့ကို အားပြည့်အင်ပြည့်နဲ့ ရှင်သန်ဖို့ ကြိုးစားရအုံးမယ်။ ဩော် . . ပဋိပက္ခ၊ ပဋိပက္ခ။

"ရင်ထဲက ပဋိပက္ခတွေရပ်ပစ်"

"ဟဲ့အယ်သက် . . . ပါးစပ်ကပွစိပွစိနဲ့ ဘာလုပ်နေတာလဲ။ "အလိုတော်သီချင်း"တောင် ဆိုနေပဟဲ့"

"ဟင်။ ဟုတ်လား.. ပိုပို"။ ဩော် . . နံနက်ဝတ်တောင် ပြီးနေမှပဲကိုး။"

မိန်းမ။ ဘာလဲ.. နင်အိပ်ပျော်ပြီး အိပ်မက်ယောင်နေတာ မဟုတ်လား"

"

"ညယ်"ခက်တော့ခက်ပြီ။ ဒီမနက် စာကြည့်တိုက်တာဝန် ကျမှာကို စိတ်ထဲစွဲပြီး မနက်ဝတ်၊ ကမ္ဘာ့ဌာန်းနဲ့ရော သွားတာနေမှာပါ။ အဟင်း။ ဒီနေ့နံနက်ဝတ်အပြီး လန်းလန်းဆန်းဆန်း ရှိနေပုံ ထောက်တော့ စောစောက အိပ်ရေး တော်တော်ဝသွားတာ သေချာပါတယ်။ အဟုတ်။

"အဟုတ်"ပါပဲ။ ပြက္ခဒိန်သင်္ကြာရာဇ်များ စွာကိုလွှမ်းမိုးထားနိုင်ခဲ့တဲ့ ဘိုထီးသီချင်းပါ။ ဘယ်က ဖွင့်လိုက်မှန်းတော့ မသိတတ်နိုင်ပြီ။ နံနက်ခင်း လေပြေနုလေးနဲ့အတူ နားထဲငြိမ့်ငြိမ့်လေး ပြေးဝင်လာတာက "ငယ်ချစ်၊ ငယ်ချစ်၊ ငယ်ချစ်မို့ နှစ်ပေါင်းတစ်ထောင် မက . . ."။ ဟုတ်ပါရဲ့။ ကျွန်မလိုများ တာဝန်သိသိ၊ သစ္စာရှိရှိ ငယ်ချစ်လေးနဲ့ မခွဲမခွါ အမြဲထာဝရရှိပြီး စာကိုသာ မပြတ်ဖတ်မှတ်ချင်စိတ်လေး ရှိခဲ့ရင် . .။ ကနေ့စာသင်သားများအားလုံး အနည်းဆုံးတော့ စာမေးပွဲတွေအောင်ပြီး၊ နှစ်နှစ်တစ်တန်းလောက်တော့ တက်နိုင်ကောင်းပါရဲ့။

"နှစ်ပေါင်းထောင်ချီ" မကလို့၊ အလိုတော်မပြည့်စုံသေးသ၍ အထိပေါ့လေ ငယ်ချစ်နယ်ကွယ်။

နော်ဂမုန်းအင်

## ဩေးလှူဒါန်းခြင်း
(သတင်း)

၂၀၁၃ - ၂၀၁၄ပညာသင်နှစ်၊ မတ်လမှ ဒီဇင်ဘာလအတွင်း
သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ် ကျောင်း သား၊ ကျောင်းသူများမှ လိုအပ်နေသော
လူနာများအား သွေး (၁၀)ပုလင်း လှူဒါန်းနိုင်ခဲ့ပါသည်။







ဂိုင်း(ရိပ်သာ)

# ပီတိမျက်ရည်

"ကဲကွာ . . ခွပ် . .ခွပ်""

အခန်း(၁)

"ဆရာမ . . ဆရာမ . . ဒေးဗစ်နဲ့ဇော်မျိုးနိုင်တို့ ရန်ဖြစ်နေကြတယ်"

ပဋ္ဌမတန်း(က) အတန်းပိုင်ဆရာမဒေါ်မြင့်မြင့်အေး အတန်းကော်ရစ်တာဝတွင် ဆရာမတစ်ဦးနှင့် စကားပြောရာမှ အတန်းထဲသို့ ပြေးဝင်သွားသည်။

"နှစ်ယောက်လုံး ရှေ့ကိုလာခဲ့စမ်း၊ ဘယ်လိုစဖြစ်လဲ ပြောကြစမ်း"

"ဒေးဗစ်က စတာပါဆရာမ"

အတန်းသားအချို့၏အသံကြောင့် ဆရာမက ဒေါသထွက်ပြီး ညိုတဲ့မျက်နှာ မည်းသွားသည်။

"ပြဿနာဖြစ်တယ်ကြားလိုက်တိုင်း မင်းပဲ၊ ငါ့အတန်းမှာ ပြောလို့အခက်ဆုံးက မင်းပဲ၊ မင်းအမေကိုလည်း သနားပါအုံး။ တနေ့တနေ့ မင်းကြောင့် ဘယ်လောက်စိတ်ဆင်းရဲရမလဲ။ ငါသာဆို လဲသေမှာပဲ"

ဆရာမပြောသမျှ ကျွန်တော်ဘာတစ်ခွန်းမျှ ပြန်မပြော၊ ခေါင်းငုံ့လျက် အမေ့မျက်နှာကိုသာ မြင်ယောင်နေမိသည်။ ကျွန်တော့်ကြောင့် အမေမျက်ရည်ကျတဲ့ အကြိမ်တွေ မရေတွက်နိုင်တော့ဘူး ဆိုတာ ကျွန်တော်သိသည်။

## အခန်း(၂)

"သားရယ်၊ ဘယ်လိုဖြစ်ရတာလဲ၊ ကျောင်းအုပ်ဆရာမကြီးက ကျောင်းထုတ်မယ်ပြောလို့ အမေမနည်းတောင်းပန်ခဲ့ရတယ်...။ ကျောင်းမှာ ခဏခဏဖြစ်တယ်ဆို၊ အမေ့ကိုလည်းပြောပြပါအုံး" အမေပြောရင်း ငိုနေရှာသည်။ အမေ့မျက်နှာပေါ်မှာ ဒေါသအရိပ်အယောင်မျှ မတွေ့ရပေ။

အဲ့ဒီဇော်မျိုးနိုင်က သားကို စော်ကားတာများပြီမေမေ...။ သားကိုလည်း မေမေက လမ်းဘေးကကောက်ပြီး မွေးလာတယ်လို့ ပြောတယ်။ အဲ့ဒါကြောင့် သားထိုးလိုက်မိတာပါမေမေ။

ကျွန်တော်ပြောရင်း အမေ့မျက်နှာကိုကြည့်လိုက်သည်။ အမေမျက်နှာ ညိုးသွားပြီး မျက်လုံးမှ မျက်ရည်များ ပိုပြီးစီးကျလာသည်။ ကျွန်တော်ပြောရင်း အမေ့ရင်ခွင်ထဲကို တိုးဝင်ပြီးငိုလိုက်မိသည်။ အမေကျွန်တော့်ကို နွေးထွေးစွာ ထွေးထားသည်။

## အခန်း(၃)

"ဒေါ်လုဆန်ရေ၊ ဒေါ်လုဆန်။ နင့်သား ရပ်ကွက်ရုံး ရောက်နေတယ်တဲ့" လမ်းပေါ်က အော်သံကြောင့် ကျမ်းစာဖတ်နေရာမှ ဒေါ်လုဆန်အိမ်အောက်သို့ပြေးဆင်းသွားသည်။ မိုးချုပ်ခါနီးမှ စာကျက်မည်ဆိုပြီး စာကြည့်ခန်းထဲကို ဝင်သွားသောသား၊ အခုအခန်းထဲမှာမရှိတဲ့အပြင် ရပ်ကွက်ရုံးရောက်နေတယ် ဆိုသောကြောင့် ဒေါ်လုဆန် အံ့ဩနေမိသည်။

ရပ်ကွက်ရုံးမှ အမေ့အာမခံချက်ကြောင့် အိမ်ပြန်ရောက်ခဲ့ရသည်။ အိမ်ရောက်တော့ အမေ ငိုနေရှာသည်။ ရှက်သောကြောင့် ထင်ပါသည်။ ဖြူဝင်းတဲ့အမေ့မျက်နှာ နီရဲနေသည်။ အမေ့ကိုကြည့်ပြီး ကျွန်တော် ဝမ်းနည်းလာသည်။ အမေ့ရင်ခွင်ထဲ တိုးဝင်ပြီး "သားကောင်းပါတယ် . . မေမေ။ အခုဖြစ်ရတာက ဦးမြင့်မိုရ်က သားကိုမတူတလိုမတန်တလို ဆက်ဆံတာကြောင့် သူတို့အိမ်ကို သားခဲနဲ့ သွားပေါက်လို့ပါ" နေ့လည်က ဖြစ်ခဲ့တဲ့အကြောင်းကို အမေ့ကို ပြောပြလိုက်သည်။

"နေ့လည် ကျောင်းဆင်းချိန် မေမြင့်မိုရ်နှင့် ကျွန်တော်တို့ ကျောင်းကနေ စက်ဘီးအတူစီးပြီး ပြန်လာကြသည်။ မေမြင့်မိုရ်အိမ်ရှေ့ရောက်တော့ ဦးမြင့်မိုရ်ထွက်လာပြီး ကျွန်တော့်ကိုစက်ဘီးမှ တွန်းချပြီး သူ့သမီးကို ဆွဲခေါ်သွားသည်။

"ဒီလို အခြေအမြစ်မရှိတဲ့ အုတ်ကြားမြက်ပေါက်နဲ့ မပတ်သက်နဲ့"တဲ့။

"အမေတို့ဆင်းရဲတာ မှန်ပါတယ်၊ ဒါပေမဲ့ အမေ့သား ဘယ်တော့မှ စိတ်ဓါတ်မကျနဲ့နော်။ တစ်နေ့ကျရင် သူတို့က သားကိုမော့ကြည့်ရတဲ့သူ၊ လေးစားကြည်ညိုရတဲ့သူဖြစ်အောင် သားကြိုး စားရမယ်နော်" အမေ့ရင်ခွင်မှာ နေပြီး အမေ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ အမေ့မျက်နှာတည်ပြီး အားမာန်အပြည့်၊ ယုံကြည်မှုအပြည့်နှင့် ပြောနေသည်။

## အခန်း(၄)

"ဟော့ကောင် ဒေးဗစ်၊ ပြန်ရအောင် မိုးရွာတော့မယ်"

"မပြန်ချင်သေးဘူးကွာ ကစားလို့ ကောင်းနေတုန်း . . ။ မိုးများရွာပါစေ။ ဘောလုံးဆိုတာ မိုးရွာမှ ပိုကန်လို့ ကောင်းတယ်ကွ" ။

ကျောင်းဆင်းကတည်းက ကျွန်တော်တို့ သူငယ်ချင်းတစ်စု ဘောလုံး ကစားနေကြသည် . . .။ ကျောင်းဝင်းထဲ၌ ဘယ်သူမှ မရှိကြတော့ပေ။ မိုးသဲကြီးမဲကြီး ရွာချလိုက်သည်။ ဒါပေမဲ့ ဆက်၍ ကစားနေကြသည်။

ဟိုပင်မြို့နယ် ပြည်သူ့ ဆေးရုံကြီး လူနာ





ကုတင်ပေါ်တွင် မှေ့နေသော "သားရော"ကိုကြည့်ပြီး ဒေါ်လုဆန်မျက်ရည်များမဆည်နိုင်အောင်ဖြစ်နေရှာသည်။

"ဒေါ်လုဆန့်သားက မိုးရေတွေအရမ်းမိပြီး မြူမိုးနီးယားဝင်သွားတာပါ။ လောလောဆယ်တော့ သွေးတစ်ပုလင်းလေး လိုနေတယ်"

"ရပါတယ် ဒေါက်တာ၊ ကျွန်မပဲ လှူပါ့မယ်"

"လှူလို့ကတော့ ရပါတယ်။ ဒါပေမဲ့ ဒေါ်လုဆန့်က အိပ်ရေးပျက်တာကြာပြီးဆိုတော့ သိပ်ပြီး မလှူစေချင်ဘူး"

"ရပါတယ်ဒေါက်တာ။ ကျွန်မသားကို ကျွန်မရဲ့သွေးနဲ့ အသက်ဆက်ရှင်စေချင်တယ်"

## အခန်း(၅)

"မေမေ၊ မေမေ" ဒေါ်လုဆန် သားရောလေး၏ ဘွဲ့ရဓါတ်ပုံကိုကြည့်ပြီး တွေးနေမိတာ အချိန်ဘယ်လောက်ကြာမှန်းမသိ ကြာသွားသည်။

"သြော် . . ငါ့သားလေးတောင် ဘာလိုလိုနဲ့ ကျမ်းစာကျောင်းတက်တာ တတိယနှစ်တောင် ပြီးတော့မှာပဲ"

ကျွန်တော်အိမ်ပေါ်တက်လာတော့ အမေအခန်းထဲက ထွက်လာသည်။ အမေဆံပင်တွေ ဖြူသွားပြီ ပိုပြီအိုသွားပြီပဲ။ ကျွန်တော့်အမေ့ကို ပြေးဖက်လိုက်သည်။ ငယ်ငယ်တုန်းကအတိုင်း အမေ့ရင်ခွင်ထဲ တိုးဝင်လိုက်သည်။ အမေကျွန်တော့်ကို တင်းကြပ်စွာ ထွေးထားသည်။ အမေ့ရင်ခွင်ထဲမှာနေပြီး အမေ့မျက်နှာကို မော့ကြည့်လိုက်မိသည်။ အမေ့မျက်လုံးမှာ မျက်ရည်များ စီးဆင်းလာသည်။ သို့သော်လည်း အမေ့မျက်နှာ ကြည်လင်ပြီး ပြုံးနေသည် . . .။

ဇိုင်း(ရိပ်သာ)

## ငါကပေးမလို့

(ဟာသတို)

အဝေးပြေး ကားလမ်းမကြီးဘေးတွင် လှည်းတစ်စီး သွားနေသည်။
ထိုလှည်းကို ခရီးသွားကားတစ်စီးက ကျော်တက်သွားသည်။ ထိုကားတွင် ခရီးသည်တစ်ယောက်က
လှည်းမောင်းသောသူကို စလိုက်သည်။
"ယောက်ဖသွားပြီးနော်" မကြာလိုက်ပါ။ ထိုခရီးသည်ကားသည် လှည်းကိုကျော်ရုံပဲရှိသေးသည်။
ကားကပျက်သွားသည်ထင်ပါရဲ့။ ထို့နောက် ကားရပ်သွားသည်။
ထိုအခါ လှည်းပေါ်မှလူက သူထင်းခုတ်နေကျ ဓားမကြီးကို ဆွဲထုတ်ပြီး ကားပေါ်တက်လာကာ
"ဘယ်ကောင်လဲကွ၊ ခုနက ငါ့ကိုယောက်ဖလို့ ခေါ်သွားတဲ့ကောင်"" ဟု ကြိမ်းလိုက်တော့
ထိုစခဲ့သော ခရီးသည်ပြန်ပြောလိုက်သည်မှာ
"ငါကပေးမလို့ပါ" ဟူ၍တည်း . . .။

King (ဟိုပင်)




## ၂၀၁၂-၂၀၁၃ ပညာသင်နှစ်

# ဒုတိယနှစ် ကျောင်းသူ၊ ကျောင်းသားများ၏

### ဘားအံ့သာသနာပိုင်နယ်သို့ ကွင်းဆင်းလေ့လာသင်ယူခြင်း အစီအစဉ်

ရှေးဦးစွာ ဘုရားသခင်၏ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော်တို့ ဒုတိယနှစ် ကျောင်း
သူ/သားများသည် နွေရာသီကွင်းဆင်းလေ့လာခြင်းခရီးစဉ်ကို ဘားအံ့သာသနာပိုင်နယ်သို့ သွားရောက်
ခဲ့ပါသည်။ ကျွန်တော်တို့ ဒုတိယနှစ်ကျောင်းသားများသည် ကျောင်းတော်ကြီးမှ ဘားအံ့သို့ရောက်ရှိခဲ့ပြီး
Bishopစတိုင်လိုနှင့် တွေ့ဆုံကာ ကျောင်းသားများ၏ပြင်ဆင်မှုနှင့် သာသနာပိုင်နယ်အတွင်း လုပ်ဆောင်
ရမည့်လုပ်ငန်းများ ဆွေးနွေးတိုင်ပင်ခဲ့သည်။ ထို့နောက်တွင် သာသနာပိုင်နယ်ရှိ ဘုန်းကြီးပိုင်နယ်(၅)
နယ်သို့ အဖွဲ့ခွဲပြီး အသီးသီးသွားရောက်ကာ ဘုန်းကြီးပိုင်နယ်(၅)နယ်မှာ လားဝါ(ရှင်သတေဖန် အသင်း
တော်)၊ ကပ္ပလီ(ရှင်မာရိအသင်းတော်)၊ ကွမ်တာ(ရှင်မိက္ခေလအသင်းတော်)၊ ကွမ်းတော(ရှင်မာကုအ
သင်းတော်)နှင့် ကွမ်ဘီ(ရှင်အန္ဒြေအသင်းတော်)များသို့ သွားရောက်အမှုတော်ဆောင်ခဲ့၏။ ထို့ပြင်
ကျောင်းသားများအားလုံး စုပေါင်းပါဝင် လုပ်ဆောင်ခဲ့သောအရာများလည်း ရှိသည်။
ထိုသို့ အသင်းတော်များသို့သွားရောက်ရာတွင် အဓိကပါဝင်လုပ်ဆောင်ခဲ့သောအရာများမှာ . . .





မိခင်သင်တန်းတွင် သင်ကြားခြင်း၊ အကျေးအမွေးတွင်ကူညီခြင်း၊ မူပညာကလေးများသင်တန်း ပြုလုပ်
ပေးခြင်း၊ လုပ်အားပေးခြင်းများလည်း ပြုလုပ်ပေးခဲ့ပါသည်။ မူပညာသင်တန်းများတွင် အင်္ဂလိပ်စာ၊
ကရင်စာ၊ ခေတ်ပေါ်မူသီချင်းများ၊ မူသီချင်းများ၊ သမ္မာကျမ်းစာပုံပြင်များ၊ အသင်းတော်ယုံကြည်ကျင့်
သုံးမှုများ၊ လက်မှုပညာ၊ ဂီတာသင်တန်း၊ အကများ၊ မိတ်သဟာရဂိမ်းကစားခြင်းနှင့် သင်ခန်းစာများကို
သင်ကြားပေးခဲ့ပါသည်။ ညပိုင်းတွင် ပြိုင်ပွဲအစီအစဉ်များနှင့် တင်ဆက်ခြင်းများကို ပျော်ရွှင်စွာဖြင့် ပြုလုပ်
ခဲ့၏။

ဝါတွင်းကာလဖြစ်သည့်အားလျော်စွာ အသင်းတော်ရှိအိမ်များသို့ သွားရောက်ဝတ်ပြုခြင်း၊ မိတ်သ
ဟာရဖွဲ့ခြင်း၊ Visiting သွားခြင်းစသည်တို့ကို ပြုလုပ်ခဲ့၏။ ထို့ပြင် ဗုဒ္ဓဘာသာဝင်များနှင့်လည်း မိတ်သဟာ
ရဖွဲ့ခွင့် ရခဲ့၏။ ဘုရားကျောင်းခေါင်းလောင်းစင်ဆောက်လုပ်ရန်တွင် ပန်းရံအဖြစ်လုပ်အားပေးခြင်း၊ ဘုရား
ကျောင်း ဆေးသုတ်ခြင်းကိုလည်း လုပ်ဆောင်ခဲ့၏။ အသင်းတော်တွင် လုပ်ဆောင်ရမည့် အခြားကာယ
လုပ်အားပေးခြင်းများလည်း လုပ်ဆောင်ခဲ့၏။ နာမကျန်းသူများကိုလည်း ဆေးဝါးကုသမှုများကိုလည်း ကုသ
ပေးခဲ့၏။

ကျောင်းသားများအားလုံးစုပေါင်းကာ သောကြာကြီးနေ့တွင် ပါဝင်ခြင်း လားဝါ၊ ကွမ်းတော
(ရှင်မာကု) ရွှေရတုတွင် ပါဝင်ခြင်း၊ ဂုဏ်တော်ချီးမွမ်းခြင်းနှင့် တင်ဆက်ခြင်းတွင် ပါဝင်ခဲ့သည်။ မဲသဖူးထရွာ
တွင်ရှိသော ရှင်ပြန်ထမြောက်ခြင်းအသင်းတော်၊ ဘုရားကျောင်းဖွင့်ပွဲ အနုမောဒနာအစီအစဉ်တွင်လည်း
သွားရောက်ပါဝင်ကာ မိတ်သဟာရဖွဲ့ခဲ့ကြ၏။ ဝတ်ပြုခြင်း၊ ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၊ ခွန်အားပေး
တိုက်တွန်းခြင်း၊ သက်သေခံခြင်းများ ခရီးစဉ်တစ်လျှောက် ပြုလုပ်ခဲ့သည်။

ဤသို့ ကျွန်တော်တို့ ဒုတိယနှစ်ကျောင်းသား/သူများသည် ဘားအံ့သာသနာပိုင်နယ်သို့
ကွင်းဆင်းလေ့လာသင်ယူခြင်း ခရီးစဉ်သွားရောက်ခဲ့ရာတွင် အတွေ့အကြုံများစွာ ရရှိခဲ့ပါသည်။ ဝိညာဉ်
ရေးရာတွင်လည်း ဘုရားသခင်နှင့် ပိုမိုနီးကပ်သိကျွမ်းလာမှုရှိသည်ဟု ခံယူမိပါသည်။ သွားရောက်ခဲ့သော
အသင်းတော်ရှိ အသင်းသူ၊ အသင်းသားများနှင့်လည်း ရင်းနှီးမှုရရှိပြီး ယုံကြည်မှုလည်း ရရှိခဲ့ပါသည်။
ချစ်ခင်ဖွယ်ကောင်းလှသော အသင်းသားများထံမှလည်း သင်ခန်းစာများကိုလည်း ကျွန်တော်တို့ရရှိခဲ့ပါ
သည်။ အမှုတော်ဆောင်ရန် ဘဝအသက်တာအတွက် အတွေ့အကြုံများ သင်ခန်းစာများ ခရီးစဉ်တစ်
လျှောက် တွင် ရရှိခဲ့ပါသည်။

ဘားအံ့သာသနာပိုင်နယ်သို့ သွားရောက်ခဲ့ရာ၌ ကျောင်းသား/သူများသည် အဖွဲ့ခွဲ၍ သွားရခြင်း
အပေါ်တွင် အနည်းငယ် အားနည်းမှုရှိခဲ့ပါသည်။ သို့သော် ဘုရားသခင်၏ကျေးဇူးတော်ကြောင့် အဆင်ပြေခဲ့
ပါသည်။ ပင်ပန်းမှုအနည်းငယ်နှင့် တွေ့ကြုံခဲ့ရခြင်း၊ မသွားရောက်မီရည်ရွယ်ချက်နှင့် ထပ်တူမကျသော်
လည်း အနီးစပ်ဆုံး ထပ်တူကျခဲ့၏။ အသင်းသားများ၏ နွေးထွေးမှု၊ ချစ်ခင်ကြင်နာမှုရရှိခဲ့ကာ ခရီးစဉ် တစ်
လျှောက် ပျော်ရွှင်စွာဖြင့် အမှုတော်ထမ်းဆောင်ခွင့် ရရှိခဲ့ပါသည်။ ဘာသာစကား အနည်းငယ် အားနည်းမှု
ရှိသော်လည်း နွေးထွေးသောဆက်ဆံမှု၊ မိတ်သဟာရဖွဲ့မှုအားဖြင့် ရင်းနှီးစွာ ကျော်လွှားနိုင်ခဲ့၏။ ပင်ပန်းခြင်း၊
ခက်ခဲခြင်းနှင့် အရာရာတိုင်းကို ဘုရားသခင်၏ကျေးဇူးတော်အားဖြင့် ကျော်လွှားနိုင်ခဲ့၏။ ခရီးစဉ် တစ်
လျှောက်လုံး ဘုရားသခင်၏ကွယ်ကာမှုဖြင့် အမှုတော်ဆောင်နိုင်ခဲ့ပါသည်။ ပျော်ရွှင်ဝမ်းမြောက်စွာဖြင့် ကျွန်
တော်တို့ ဒုတိယနှစ်ကျောင်းသားများသည် ဘားအံ့သာသနာပိုင်နယ်တွင် အမှုတော်ထမ်းဆောင်ခဲ့ပြီး
အမိကျောင်းတော်ကြီးသို့ ပြန်လည်၍ ရောက်ရှိခဲ့ပါသည်။

အာ၊ လူ





# အမြဲတမ်း ချစ်နေပါတယ်

## နှမတော်။

**အားမိုင်(နာဂရိပ်သာ)**

အချိန်ကား ဣသရေလတိုင်းပြည်အား ဒါဝိတ်မင်းကြီးအုပ်စိုးနေစဉ် ပုန်ကန်သူအာမုန်ပြည်၊ ရဗ္ဗာမြို့အား လုပ်ကြံတော်မူချိန် . . ။

"တပ်မှူးဥရိယ၊ မောင်မင်းကို နေပြည်တော်က အမှာတော်ပို့လိုက်တယ်" စစ်သေနာပတိချုပ် ယွာဘထံမှ ကြားရသောစကားက ဥရိယအား ဇဝေဇဝါ ဖြစ်သွားစေသည်။

"အဘယ်အခင်းကြောင့်ပါလဲ ဗိုလ်မင်း"

"ဒါတော့ အမှာစာထဲမှာမပါဘူး မောင်မင်းနှစ်ရက် တွင်း နေပြည်တော်ကိုအရောက်ပြန်ရမယ်လို့ ဘဝ





ရှင်မင်းတရားကြီးက မိန့်တော်မူလိုက်တယ် . . ။ ဒါကြောင့် မောင်မင်း ခုချက်ခြင်း နေပြည်တော်ပြန်ဖို့ ပြင်ဆင်တော့"

တပ်မှူးဥရိယမှာ အဘယ်အခင်းကြောင့် နေပြည်တော်မှ အခေါ်လွှတ်သည်ကို မသိရသော်လည်း ဘဝရှင်မင်းတရားကြီး၏ အမိန့်တော် ဆိုသောကြောင့် ချက်ချင်းပင် နေပြည်တော်သို့ အပြင်းနှင်ကာ ပြန်လာခဲ့လေတော့သည်။

ဟိုးအဝေးမှ မြင်တွေ့ရသော နေပြည်တော်ကြီးမှာ ကြီးကျယ်ခမ်းနားလှသည်။ သို့သော် ဥရိယအတွက်မှာ ခမ်းနားမှု၊ ထည်ဝါမှုတို့ကို မမြင်နိုင်သေးပေ။ ဘဝရှင်မင်းတရားကြီး ခေါ်တော်မူခြင်းမှာ အဘယ်မျှအရေးကြီးသော အကြောင်းပါလိမ့်ဟူသော အတွေးဖြင့်သာ အဖြေမရှိသော မေးခွန်းများကို ထပ်ခါတလဲလဲမေးရင်း အပြင်းနှင်လာ ခြင်းသာဖြစ်သည်။ အရေးတော်လည်း ခုချိန်ထိမပြီးပြတ်သေးသောအခြေအနေတွင် အဘယ်အခင်းကြောင့် ဆင့်ခေါ်ရပါသနည်းဟူသော အတွေးများဖြင့်သာ ခရီးဆက်လာရင်း နေပြည်တော်သို့ ရောက်ရှိလာလေသည်။

ဥရိယမှာ အမှုတော်ကိုသာ အာရုံစိုက်ထားခြင်းကြောင့် နေအိမ်သို့မပြန် ရွှေနန်းတော်သို့သာ ချက်ချင်းသွားရောက်ကာ ဘဝရှင် မင်းတရားကြီးအား တွေ့ဆုံခဲ့သည်။

"အရှင့်ကျွန်ဥရိယ ရှေ့တော်မှောက် ရောက်ရှိကြောင်းပါဘုရား" ဥရိယ၏ လျှောက်သံကြောင့် သလွန်ပေါ်တွင် စံနေသော ဒါဝိတ်မင်းကြီးမှာ ထိတ်လန့်စွာဖြင့် ထထိုင်တော်မူလျက် "အလို၊ မောင်မင်းတယ်လည်း မြန်ပါလားကွဲ့၊ မောင်မင်းရဲ့အိမ်ကိုရောရောက်ခဲ့ပါရဲ့လား"

"မှန်ပါ၊ မရောက်သေးကြောင်းပါအရှင် မင်းကြီး။ အဘယ်ကြောင့် အရှင့်ကျွန်အား ဆင့်ခေါ်တော်မူသည်ကို သိလိုသောကြောင့် ရွှေနန်းတော်သို့သာ လာခဲ့ပါသည်ဘုရား"

"အော်၊ မောင်မင်းအိမ်ကို မရောက် သေးဘဲကိုး . . .။ ဘာဇာအကြောင်းကြောင့်မှ ခေါ်တာမဟုတ်ပါဘူး။ မောင်မင်းတို့ ရှေ့တန်းစစ်မျက်နှာ သတင်းကြားချင်လို့သာ ဆင့်ခေါ်ရခြင်း ဖြစ်ပါတယ် . . ။ ဗိုလ်ချုပ်ယွာဘကော နေကောင်းရဲ့လား၊ စစ်မှုအရေးကော အဘယ်အခင်းများရှိလဲမောင်မင်း"

"စစ်မှုအခင်း၌ အရေးသာလျက် ရှိကြောင်းပါ။ မကြာမီတွင် ပုန်ကန်သူ အစိုင်အမာ တပ်စွဲထားသောရဗ္ဗာမြို့ကို အောင်တော်မူရန် ဗိုလ်မင်းယွာဘလည်း အပြင်းရှိဖို့ ကြံဆောင်နေကြောင်းပါဘုရား။

"ဘယ်လို မောင်မင်း ခုချိန်ထိ ကြံဆောင်နေတုန်းဘဲ ဟုတ်လား" ရှင်ဘုရင်ထံမှစကားတော်မာလေသောကြောင့် တပ်မှူးဥရိယ အနည်းငယ်မျက်မှောင်ကြုံ့မိလေသည်။

"မှန်ပါ့ ရန်သူတို့မှာ ခွန်အားကြီးသည် သာမက စစ်မှုလည်းကျွမ်းကျင်သောကြောင့် သေနာပတိချုပ်မှာ နည်းပရိယာယ်များဆင်ကာ ကျွန်တော်မျိုးတို့ဘက်မှ အကျအဆုံးနည်းနည်းနှင့် ထိုမြို့ကို အောင်လိုသောကြောင့် ကြန့်ကြာနေခြင်းပါ ဘုရား။"

"အင်း၊ မောင်မင်းလျှောက်သလို ဆိုတော့ - လည်း ယွာဘက ငါကိုယ်အရေးကို ကြည့်လိုသာပေါ့လေ။ ငါကိုယ်တော်တော့ အမြန်ပင် အောင်တော်မူလိုတယ် မောင်မင်း"

"မှန်ပါ့ ထာဝရဘုရား၏ မစမှုနဲ့ အရှင့်ဘုန်းတော်ကြောင့် အောင်တော်မူမည်ဖြစ်ပါတယ် ဘုရား။ စိတ်ချ၍ နေတော်မူပါအရှင်ဘုရား"

"ကောင်းပါပြီ တပ်မှူးရယ်။ ကဲ ခုတော့ မောင်မင်းအိမ်ပြန်ပြီး သွားနားလို့ ရပါပြီ။ မောင်မင်းရဲ့ကြင်ယာတော်လည်း မောင်မင်းကို မျှော်နေရော့မယ်။ အိမ်ပြန်ပြီး ကောင်းကောင်းအနားယူတော့"

"ကျွန်တော်မျိုး ခုလိုအခွင့်ပေးသောကြောင့် အထူးပင်ကျေးဇူးတင်ပါတယ်ဘုရား။ သို့သော် ကျွန်တော်မျိုးညီအစ်ကိုများ စစ်မြေပြင်တွင် ရန်သူနှင့် ကိုယ့်မယားရင်ခွင်၌ ရောက် သတ်ပုတ်နေချိန်တွင် ကိုယ့်မယားရင်ခွင်၌ ရောက်နေခြင်းမှာ အဘယ်သို့ မဖြစ်နိုင်သောကြောင့် အရှင့်အကျွန်ုပ်ကို ရှေ့တန်းသို့သာ ပြန်လည်သွားခွင့်ပြုပါဘုရား။"

"တယ် . .၊ ကျွန်စုတ်။ ငါကိုယ်တော်က မောင်မင်းကို အနားယူစေချင်လို့ခွင့်ပေးတာ ငါ့ကျေးဇူးကိုမှ နားမလည် ပြန်ပြောလေတယ်။" "မှန်ပါ့ ကျွန်တော်မျိုးအား နန်းတော်၌သာ အနားယူခွင့်ပေးတော်မူပါဘုရား" "အေးလေ.. မောင်မင်းသဘောဘဲ"

ငါ့ကိုယ်တော်ရဲ့စေတနာကို မောင်မင်း နားလည်ရင်တော့ မောင်မင်းအိမ်ကိုဘဲပြန်ပါ။ ကဲကဲ မောင်မင်းလည်း သွားနိုင်ပါပြီး"ဟု အခွင့်အပေးသောကြောင့် တပ်မှူးဥရိယလည်း ရှင်ဘုရင့်ရှေ့တော်မှ ထွက်ခွာခဲ့လေသည်။ အဘယ့်မျှလည်းအရေးမကြီးသည်ကို အဘယ့်ကြောင့် ဘဝရှင်မင်းတရားကြီးက သူ့ကိုဆင့်ခေါ်ကြောင်းကို မသိ၊ ခုလည်း အတင်းပင် အိမ်ပြန်နိုင်းနေပြန်တယ်။ ဘယ်ကြောင့်ပါလိမ့်။ သူတွေး မရဖြစ်နေစဉ်..

"မင်း ငါ့အိမ်ကို ရောက်သေးတယ်ဟုတ်လား။ ဒါနဲ့ နမတော်လေးကော ဘယ်လိုနေလဲ၊ သူ နေမှကောင်းရဲ့လား ယောသေ။ ငါပြန်လာတယ်ဆိုတာကော သိရဲ့လား" ဥရိယမှာ ဘယ်လိုမှ ဆောက်တည်ရာမရ။ ယေသေကိုသာ တရပ်စပ်မေးခွန်းတွေ မေးနေလေတော့သည်။

"သိလို့ မင်းကိုမျှော်နေတယ်လို့ ပြောနေတာပေါ့ကွာ။ မင်းအိမ်ကိုပြန်ပြီးညီမကို နှစ်သိမ့်လိုက်ပါဦးကွာ"

"ငါပြန်ချင်ပါတယ်၊ ဒါပေမယ့် ငါ့ရဲ့တိုက်ပွဲဝင်ဘက် ညီအစ်ကိုတွေက စစ်မြေပြင်မှာ ဒုက္ခအမျိုးမျိုးနဲ့ ကြုံနေရချိန်မှာ ငါကမိန်းမရင်ခွင်မှာ နားနေတာက ဘယ်တရားမလဲကွ၊ ခုတောင် ဘုရင်ကြီးက အခွင့် မပေးသေးလို့ ငါ ရှေ့တန်း မပြန်သေးတာကွ"

"အင်း မင်းရဲ့စိတ်ဓာတ်ကိုတော့ ချီးကျူးပါတယ်ကွာ၊ ဒါပေမယ့် မင်းအိမ်တော့ ပြန်သင့်တယ် ဥရိယ။ မင်းအိမ်မပြန်တာ ဘုရင်ကြီးလည်း သိနေပြီကွာ။ မင်းတစ်ခုခု ဖြစ်လိမ့်မယ်နော်။ ဥရိယ" ယောသေထံမှ စိုးရိမ်စိတ်ဖြင့် ဥရိယအား သတိပေးသော်လည်း . .။

"ငါမပြန်ဘူးယောသေ၊ မင်းပြောသလို ငါ တစ်ခုခုဖြစ်ခဲ့ရင်လည်း တို့ယုံကြည်တဲ့ ထာဝရဘုရားလက်ထဲမှာဘဲရှိပါစေ" ဆုံးဖြတ်ချက် ခိုင်မာလွန်းသော ဥရိယကြောင့် ယောသေလက်လျှော့ကာ..

"ဒါဆိုလည်းရော့.. မင်းအတွက် ညီမဗာသရှေဘ ပေးလိုက်တဲ့စာ၊ မင်းဖတ် ကြည့်ပေါ့ကွာ"ဟု စာရေးထားသော ပိတ်စတစ်ခုကိုပေးကာ . . "ငါသွားအုံးမယ်ဥရိယ၊ မင်းဘေးကင်းပါစေကွာ"ဟု ပြောပြီး ထွက်သွားလေသည်။ ဥရိယလည်း ယောသေ ပေးသွားသောစာကိုဖတ်ရန် နန်းတော်တိုင်နား မှီလျက် ထိုင်ချလိုက်သည်။

"မောင်တော်ဥရိယ၊ မောင်တော်ရဲ့ရင်ထဲမှာ ဘယ်လိုခံစားနေရမယ်ဆိုတာ နမတော် နားလည် ပါတယ်။ နမတော်ကို မုန်းနေမယ်ဆို တာသိပါတယ်။ ဒါပေမယ့်မောင်တော် . . နမတော်ဟာ မောင်တော်ထင်သလို ဂုဏ်တစ်ခုအတွက် သစ္စာဖောက်တဲ့၊ ဖောက် ပြန်ခဲ့တဲ့သူ မဟုတ်ပါဘူး။ နမတော်ရင်ထဲမှာ မောင်တော်ကလွဲပြီး ဘယ်ယောကျ်ားကိုမှလည်း စိတ်မဝင်စားခဲ့ဘူး။ နမတော်နှလုံးသားထဲမှာ မောင်တော်တစ်ယောက်တည်း ရှိတာပါ။ မောင်တော်ကို အဖြစ်မှန်တွေရှင်းပြဖို့ နမတော်နေ့တိုင်းဘဲ မျှော်နေပေမယ့် မောင်တော်ရောက်မလာခဲ့ဘူး။ တကယ်တမ်းတော့၊ နမတော်မှာ ရွေးချယ်ခွင့်မရှိခဲ့လို . . . . .

"တပ်မှူးဥရိယ . . " ခေါ်သံကြောင့် လှည့်ကြည့်ရာ ဘဝရှင်မင်းတရား၏ အတွင်းဝန်ဖြစ်နေသောကြောင့် ဥရိယ စာကိုတပိုင်းတစဖြင့် ရပ်ကာ "ရှိပါတယ်ဝန်မင်း" ဟု ဖြေလျက် အရိုသေပေးကာ ရပ်နေလေသည်။ ဝန်မင်းက

"မောင်မင်းအတွက် အမိန့်တော်ပါတယ်၊ မောင်မင်း ခုချက်ခြင်းရှေ့တန်းကိုပြန်ထွက်ရမယ်လို့ ဘဝရှင်မင်းတရားက မိန့်တော်မူလိုက်တယ်၊ မောင်မင်းနဲ့အတူ စစ်သေနာပတိချုပ်ယွာဘအတွက် စာလည်း တပါတည်းထည့်ပေးလိုက်တယ်" ဟုပြောကာ စာလိပ်ကို ကမ်းပေးလိုက်သည်။

"ကျေးဇူးတင်ပါတယ် ဝန်မင်း" ဥရိယစာကိုယူကာပြောသည်။ မိမိအရမ်းချစ်တဲ့သူကိုမှ စော်ကားသောဘုရင်ကို မည်မျှပင်နာကျည်း မုန်းတီးသော်လည်း ယခုအချိန်သည် တိုင်းပြည်အတွက် အရေးကြီးကာလမို့ တာဝန်နှင့် ကိုယ်ရေးကိုယ်တာ ပြဿနာကို ခွဲခြားရမည်ဖြစ်သည်။ မိမိရဲ့ကိုယ်ရေး ကိုယ်တာကိစ္စကြောင့် တိုင်းပြည်နစ်နာမှုမျိုး မလိုလားပေ။

ထို့ကြောင့် တာဝန်ကိုသာ ကျေပွန်စွာ ထမ်းဆောင်ရန် ဥရိယဆုံးဖြတ်ကာ ချက်ချင်းပင် ရှေ့တန်းသို့ပြန်ရန် မြင်းစောင်းသို့ ထွက်ခွာလာခဲ့လေသည်။ အတွေးထဲမှာတော့ စစ်မြေပြင်မှအောင်ပွဲဆင်ပြီးပြန်လာချိန်မှာ အောင်ပန်းနဲ့ ကြိုနေမယ့် နမတော်ဗာသရှေဘ မျက်နှာကိုသာ မြင်ယောင်ရင်းစရီးဆက်ခဲ့လေသည်။

"နမတော်ရယ်၊ ဘယ်လိုအဖြစ်မျိုးတွေဘဲဖြစ်ပါစေ၊ မောင်တော်ခွင့်လွှတ်ပါတယ်။ နမတော်ရဲ့နလုံးသားမှာ မောင်တော်တစ်ယောက်တည်းရှိနေတာ သိရတဲ့အတွက် မောင်တော် ကျေနပ်ရပါတယ်။ မောင်တော်တို့ ခုလည်း မောင်တော်ရှေ့တန်းကိုသာသွားရပေမယ့် စိတ်ကတော့နမတော် နားမှာပါပဲ။ မောင်တော်တို့ စစ်သားဟူသည်မှာ ကိုယ့်မိသားစုထက် တိုင်းပြည်ရန်စွယ်ဖြေရှင်းဖို့က အဓိကဘဲလေ။ ခုဖြစ်သွားတဲ့ အဖြစ်အပျက်မှာလည်း နမတော်မမှားပါဘူး။ နမတော်ကို အနိုင်ကျင့်ခဲ့တဲ့ သူကို ထာဝရဘုရားသာ စီရင်စေဖို့ မောင်တော်ဆုတောင်းပါတယ်။ နမတော်ဆီကို မောင်တော် ပြန်လာမှာပါ။ ချစ်နေပါတယ်။ မောင်တော့်နလုံးသားမှာ အမြဲတမ်းချစ်နေပါတယ် . . နမတော်ရယ် . . .။"

စိတ်ကူးအတွေးပေါင်းများစွာဖြင့် ပြန်လမ်းမရှိတော့သည့် ရှေ့တန်းသို့ တပ်မှူးဥရိယ ထွက်ခွာသွားခဲ့လေသည် . . .။

အားမိုင်(နာဂရိပ်သာ)

## စာမျက်နှာ(၅၄) သန့်ရှင်းဖြင့်မြတ်သောနှလုံးသားအဆက်

ထို့ကြောင့် မိမိ၌ ဖြူစင်သောနှလုံးသားရှိရန် လိုအပ်ပေသည်။ အထူးသဖြင့် အမှုတော်ဆောင်များတို့တွင် အလွန်ပင် ရှိသင့်ရှိထိုက်သော အရာပင်ဖြစ်ပေသည်။ ခွန်အားယူလေ့လာရာချက်များ - (ရှင်လုကာ ၁၀း၂၅-၃၇)ကိုကြည့်သောအခါ အလွန်ပင်သနားကြင်နာတတ်သော ကောင်းသောရှမာရိအကြောင်းကို ကျွန်ုပ်တို့ လေ့လာခြင်းအားဖြင့် သူ၏ ဂရုဏာစိတ်ထားဖွယ် ကောင်းလှပေ၏။ ကျမ်းညွှန်းများ မဿဲ ၅း၃-၁၂ ကမ္ဘာ ၃၉း၁-၆၊ သုတ္တံ ၄း၂၃၊ ကမ္ဘာ ၃၇း၅-၂၈၊ ကမ္ဘာ ၁း၃၆။ ဘုရားသခင်၏ အနှိုင်းမဲ့ သန့်ရှင်းဖြူစင်သော နှလုံးသားမှာ တစ်ပါးတည်းသော သားတော်ကို စွန့်တော်မူသည့်တိုင်အောင် လောကသားတို့ကိုချစ်တော်မူကြောင်း ပေါ်လွင်ထင်ရှားစွာ ပြသခဲ့၏။ ယော ၃း၁၆။

JOHN BA SENG LOWT(L.Z)



# တွတ်ပီ မဲဇလီမြေ မှအမှတ်တရလေးများ

ရှာလုပ်မှာ စာမူလေးရေးပေးပါလို့ ဆိုလာတဲ့အခါမှ ခေါင်းထဲမှာ ရောက်တတ်ရာရာ တွေးနေမိတယ်။
ဘဝအသက်တာထဲမှာ မမေ့နိုင်တဲ့အဖြစ်အပျက်တွေက အများသားမဟုတ်လား။ ဒီထဲကနေ ကောင်းနိုးရာရာ
လေးတွေ ရေးဖြစ်မိတယ . . .။

ကျမ်းစာကျောင်းဆင်းပြီးခါစ ပျံတက်ခါစငှက် အရမ်းပျံချင်သလို၊ စက်ဘီးစီးတတ်ခါစ အရမ်းစက်ဘီး
စီးချင်နေသလို ခံစားမှုမျိုးနဲ့။ ငါဟဲ့ . . မဗ္ဗဆရာဆိုပြီး ရခိုင်ရိုးမပေါ် လက်သီးလက်မောင်းတန်းပြီး ထွက်လာ
ခဲ့ပါတယ်။ အပြောလွယ် အလုပ်ခက်ဆိုတဲ့အတိုင်း ဆက်ကပ်မယ်လို့ ပြောတာကလွယ်တယ်။ လက်တွေ့မှာ
တော့ အငိုနဲ့စခဲ့ရပါတယ်။ ဇာတ်လမ်းက ဒီလို . . .။

လူငယ်ဘဝတုန်းက ရခိုင်ရိုးမပေါ်ကို သုံးကြိမ်တိတိ ရောက်ဖူးတဲ့ကျွန်တော် . .၊ ကျောင်းပြီးရင် ဆက်
ကပ်မယ်လို့ အပြောင်အပျက်လိုလို၊ အတည်လိုလိုနဲ့ တကယ်ရောက်သွားပါတော့တယ်။ အဖက်ဖက်က
ပြင်ဆင်ပြီးနောက် ကျွန်တော်ကို ဦးမောင်ချစ်ထည့်ပေးလိုက်တဲ့ ငွေလေးသောင်းနဲ့အတူ ကျွန်တော်နဲ့ သစ္စာရှိ
ရှိစွာဆက်ကပ်တဲ့ ကျွန်တော့်ရဲ့ကီးဘုတ်၊ အစားသောက်၊ ဟိုမှာပြုလို့မရတဲ့အဖြူအမဲ ဆယ့်လေးလက်မ
တီဗွီတစ်လုံးနဲ့အတူ ခရီးစဉ်ကို စတင်ခဲ့ပါတယ်။ မေလအကုန်ဆိုပေမယ့် မိုးစရွာနေပြီ။ ရန်ကုန်ကနေ ဥဿျှစ်
ပင်မြို့မှာ ခဏနားပါတယ်။ အခုလိုဖုန်းလိုင်းဆက်သွယ်ရေးမကောင်းသေးတဲ့ အချိန်ဆိုတော့ ညောင်လုံထိုး က
ကျောင်းထိုင်ဘုန်းတော်ကြီးဆီဆက်သွယ်လို့မရလို့ ဘုန်းတော်ကြီးဂျေနီးလုံးက သူ့လူငယ်တစ်ဦးကို ကျွန်တော်
နဲ့အတူ ထည့်ပေးလိုက် ပါတယ်။ အခက်အခဲတွေက နိဒါန်းအနေနဲ့ လာပါပြီ။





တောင်ပေါ်တက်ရမယ်ဆိုတော့ လိုင်းကားစီးရမယ်ထင်နေတာ၊ မဟုတ်ဘူးဗျ။ ဘယ်အချိန်လာ
မယ်မှန်းမသိတဲ့ကားကို စောင့်ပြီးစီးရတာပဲ။ ဥဿျှစ်ပင်မြို့အထွက် ပုသိမ်၊ မုံရွာလမ်းခွဲမှာ ထိုင်စောင့်တယ်၊
ညောင်းရင်ပြန်ထတယ်၊ ဒီလိုနဲ့ ညနေစောင်းလာပါတော့တယ်။ မကြာခင်မှာ ပြည်လိုင်းကားတွေ လာတော့
မယ်။ ကျွန်တော့်ပစ္စည်းတွေနဲ့ လိုင်းကားတွေကို တားစီးဖို့ဆိုတာ မလွယ်ဘူးလို့ ဆိုပါတယ်။ အဲ့ဒီအချိန်မှာပဲ
ဘီလပ်မြေအိတ်တွေတင်လာတဲ့ကားကြီး ရောက်လာပါတယ်။ အသံထွက်ပြီးတစ်မျိုး၊ စိတ်ထဲကနေတစ်ဖုံ၊
မရပ်မနားတောင်းတဲ့ ဆုတွေကြောင့် ဘုရားက ကြည့်မနေတော့ပါဘူး။ ကိုယ့်ပစ္စည်းတွေကို မိုးကာနဲ့ထုပ်၊
ကြိုးနဲ့တုပ် ကုန်ကားပေါ်မြဲမြဲကိုင်ပြီး တောင်ပေါ်ခရီး စတင်ပါတယ်။

တောင်ပေါ်တက်တာနဲ့ အေးမြတဲ့ရာသီဥတုကို သည်းထန်တဲ့မိုးတွေက ပံ့ပိုးပေးတဲ့အခါမှာ နှစ်
ယောက်သား မေးခိုက်နေပါပြီ။ မိုင်လေးဆယ်လောက်ဝေးတဲ့ခရီးက လမ်းမှာညအိပ်ရတယ်လို့ဆိုရင် ယုံနိုင်
စရာမရှိဘူးဗျ။ ဘီးပေါက်တယ်၊ ကားဆရာတွေနားတယ်၊ လမ်းပျက်တယ်၊ အမျိုးမျိုးပေါ့လေ။ ဒီလိုနဲ့
ညောင်လုံထိုးကို ရောက်လာပါတယ်။ ခရီးစဉ်က တစ်ဝက်ကျော်ပြီ။ ဒါပေမယ့် ကျန်တဲ့အပိုင်းကမှ အနှစ်။
နှစ်ရက်နားပြီး ညောင်လုံထိုးဘုန်းတော်ကြီးက သူ့လူငယ်သုံးဦးကို ကျွန်တော့်ကိုလိုက်ပို့ဖို့ ထည့်ပေးလိုက်
ပါတယ်။ ညောင်လုံထိုးကနေ မဲဇလီကိုသွားဖို့ဆိုတာ ရိုးမပေါ်က ကားလမ်းအတိုင်း ဆက်သွားပြီးတော့
၉၃မိုင် (သို့) ကျောက်တံခါးစခန်းမှာဆင်းပြီး ကျန်တာလမ်းလျှောက်ပေါ့။ ကျွန်တော်တို့ ကြုံရာကားကို
စီးပြီးတော့ (၉၃)မိုင်မှာ ဆင်းပါတယ်။ မဲဇလီကို စတင်လမ်းလျှောက်ပါတယ်။ ဦးဆုံး တောင်ကုတ် ချောင်းက
ရောက်အောင်ဆင်းရပါတယ်။ နွေရာသီမှာ သွားနေကျမို့လို့ မိုးရာသီရဲ့ခက်ခဲမှုကို မျက်ဝါးထင်ထင် တွေ့မြင်
ရပြီ။ တဟဲဟဲအော်မြည်နေတဲ့ ချောင်းရေစီးသံက ကြောက်ခမန်းလိလိ။ ကူးစရာလှေက မရှိ။ ခွေးလို
အူရမယ့်အဖြစ် ရောက်လာပြီ။ ဒါနဲ့ လိုက်ပို့ပေးတဲ့ လူငယ်ထဲက မဗ္ဗဆရာကိုဝင်းနိုင်က ထိုင်နေလို့တော့မဖြစ်
ဘူးဆိုပြီး ထသွားပါတယ်။ ပြန်လာတဲ့အခါမှာ ငှက်ပျောပင်တွေထမ်းလာတယ်။ နားမလည်ပေမယ့်
ကြည့်ရင်းကြည့်ရင်း ဖောင်ဖွဲ့နေတယ်ဆိုတာကို သိလိုက်ရတယ်။

ရုပ်ရှင်ထဲမှာ မြင်ဖူးတဲ့ဖောင်တွေက စနစ်တကျနဲ့ တော်တော်လေး ကြည့်ကောင်းတယ်။ ကျွန်တော်
တို့စီးရမယ့်ဖောင်က ပစ္စည်းတွေအားလုံးတင်ပြီးတဲ့အထိ ဘာမှတော့မဖြစ်သေးဘူး။ အဲ့ . .၊ လူလည်းတက်
ရော၊ မြုပ်ရောဗျာ။ ဒါနဲ့ အားလုံးသဘောတူ ဖက်ပြီး မျောကြပါတော့တယ်။ ပါလာတဲ့လူတွေက တောင်
ပေါ်သားတွေဆိုတော့ ရေပိုင်းဆိုင်ရာမှ သိပ်မကျွမ်းကျင်ဘူးဆိုတာ ခဏအကြာမှ ကျွန်တော်ရိပ်မိလာတယ်။
အထိန်းအကွပ်မရှိတဲ့ဖောင်ဟာ ရေစီးချောင်းရဲ့ သယ်ဆောင်ရာကို ပရမ်းပတာ ဟိုဝင်ဒီတိုး မြုပ်ချည်
ပေါ်တလှည့် မျောလာပါတယ်။ ဇော်ပိုင်ရဲ့ ရင်ခုန်ရလွန်းလို့ရူးမှာပဲဆိုတာ ဒါကိုပြောတာ ထင်တယ်။ ကိုယ်က
ရေကူးတတ်ပေမယ့် ပါလာတဲ့ပစ္စည်းတွေက ရေမကူးတတ်ဘူးလေ။ ဖောင်ကြီးကွဲရင် မတွေးဝံ့စရာ . . .။
ကျောက်ဆောင်တွေ မြင်တိုင်း ဘုရားတ ရတယ်။ ခုနက ပြောသလိုပေါ့ ဘုရားက ကြည့်မနေပါဘူး၊ တစ်ချီမှာ
ပြင်းထန်တဲ့ လှိုင်းပုတ်ချက်တွေကြောင့် ဖောင်က ကမ်းစပ်တစ်နေရာကို ဝင်ဆောင့်ပါတော့တယ် .။ ကြည့်
လိုက်တော့ ဒါပေမယ့်မိုးကချုပ်လာတော့ စိုးရိမ်စိတ်ကပိုလာပါတယ်။ လကမသာ၊ မိုးကရွာ၊ ဝမ်းကလဲပူဆာ
မနေသာဘူး။ လမ်းကမရှိချောပါဘိသနဲ့။ စမ်းတဝါးဝါး တဘုန်းဘုန်းလဲရင်းပေါ့။ လမ်းမှာတွေ့တဲ့ တဲက
လေးမှာ အရေးမကြီးတဲ့ ပစ္စည်းတွေကိုထားခဲ့ပြီး၊ ဒီလိုနဲ့ ရွာရောက်လာပါတယ်။ ရွာလယ်ခေါင်ကို ရောက်ပြီ
ဖြစ်ပေမယ့် လူတစ်ယောက်မှ မတွေ့တာလည်း အံ့ဩစရာပဲ။ တောင်ယာမှာ အလုပ်များနေတဲ့ အချိန်ဆိုတာ
သိရပြီးတဲ့နောက် ရွာမှာကျန်ရှိတဲ့ သက်ကြီးရွယ်အိုများနှင့် ကလေးသူငယ်များသာ ကြိုဆိုကြပါတယ်။ တစ်
ယောက်က စပြီးတော့ စမိုဖူးညေ့(ဆရာရောက်ပြီ)လို့ အော်လိုက်တဲ့အခါမှာ အလျှိုလျှိုနဲ့ထွက်လာပြီး ကြိုကြ
ပါတယ်။ ဘာပဲပြောပြော ငှက်ပျောသီးလုံးဝမကြိုက်တဲ့ကျွန်တော် ခြောက်လုံးစားပြီး အိပ်လိုက်ပါတယ်။ ခန္ဓာ
ရဲ့ပင်ပန်းခြင်း၊ စိုးရိမ်ခြင်းတွေ လွန်မြောက်သွားပြီးဆိုတော့ စိတ်လျှော့လိုက်တာနဲ့ တစ်ပြိုင်နက် အိပ်ပျော်
သွားပါတော့တယ်။ မကြာပါဘူး ဆူရှုညည်အသံတွေကြားပြီးတဲ့နောက်မှာ ထမင်းဝိုင်းက အသင့်ဖြစ်နေပြီ။

ထမင်းပူပူရယ် နုတ်ခမ်းကြီးထော်လာအောင်စပ်တဲ့ ငရုတ်သီးထောင်း၊ ရာသီပေါ်မြစ်ပြုတ်၊ တော်ပြီပေါ့ . . .။ အိတ်အထဲကနေ လက်ဖက်သုပ်ကလေးထုတ်ပြီး ပူးပေါင်းလိုက်တဲ့အခါမှာတော့ ကမ္ဘာ့အရသာအရှိဆုံး ထမင်းတစ်နပ်ထဲမှာ မှတ်တမ်းတင်လိုက်ပြီ . . .။

အဓိကအနေနဲ့ ကျောင်းဆရာအလုပ်ကို လုပ်ရပါတယ်။ လူဦးရေ (၂၂)ယောက်သာရှိတဲ့ကျောင်းကလေးဟာ သူငယ်တန်းမှစလို့ (၇)တန်းအထိ ရှိတယ်လို့ပြောရင် ဘယ်သူယုံနိုင်မှာလဲနော်။ ကျွန်တော်က တော့ကြုံရပြီး စသင်တဲ့အခါမှာ မြန်မာ့ဆိုင်းဝိုင်းကိုသာ သတိရပါတော့တယ်။ ကျွန်တော်က အလယ်မှာထိုင် တုတ်တစ်ချောင်းကိုကိုင်ပြီး ကျွန်တော့်ကို ဝန်းရံနေတာကတော့ မတူညီတဲ့ အတန်းများက ကျောင်းသားများ ဖြစ်တယ်။ ဒါဆိုရင်တော့ ရိပ်မိလောက်ပြီးပေါ့နော်။ ဇာတ်လမ်းကအစုမှ အစဆိုတော့ ရေးမယ်ဆိုရင် ရှာလုမ်တစ်အုပ်လုံးလောက်ချင်မှ လောက်မယ်။ မှတ်မှတ်ရဖြစ်မယ့်ဟာလေးတွေ ပြောချင်ပါတယ်။ အတန်းကြီးများ စသင်တဲ့အခါမှာ ရှာမှာသင်ပြီးတော့ ဖြေတဲ့အခါမှာ တောင်ကုတ်မြို့မှာ သွားဖြေရပါတယ်။ ဒါပေမယ့် အစုနစ်ကစလို့ အငယ်တွေပါသွားရမယ်လို့ဆိုတဲ့အခါမှာ သူတို့ကိုမြို့မှာ ဖြေဆိုဖို့အတွက် လေ့ကျင့်ပေးရပါတယ်။ ပထမဦးဆုံး အဖြေတရွက်ပေါ်မှာ မိမိနာမည်၊ ရှာနာမည်ရေးရန်ကို မမေ့နိုင်ပေါ့။ ဥပမာ-လှလှရီ၊ တတိယတန်း၊ မဲဇလီကျးရွာ စသဖြင့်ပေါ့။ ဒါနဲ့ သွားဖြေပြီးလို့ မကြာပါဘူး။ မြို့ကျောင်းဆရာက ကျွန်တော့်ကို ခေါ်ပါတယ်။ ခင်ဗျားတပည့်တွေအားလုံး လှလှရီ ဖြစ်နေတယ်။ လုပ်ပါအုံးလို့ ဆိုပါတယ်။ ငိုအားထက်ရယ်အားသန်ပေါ့လေ။ နောက်တစ်ခု မမေ့နိုင်စရာကတော့ အခုချိန်ထက်ထိ လေ့မလော့်တက်တဲ့ကျွန်တော် တောင်ကုတ်ချောင်းမှာ ဟွန်ဒါစက်လှေမောင်းခဲ့တာပဲ။ အဲ့ဒီအချိန်ကတော့ ဖောင်စီးပြီးသွားရတာကို စိတ်ပျက်တာကတစ်ကြောင်း၊ အားလုံးကအထင်ကြီးလို့ မာန်တက်တာကတစ်ကြောင်း၊ စုန်ချည်ဆန်ချည် တောင်ကုတ်ချောင်းမှာ စက်လှေမောင်းခဲ့ပါတယ်။ နောက်တစ်ချက်ကတော့ နှစ်လတစ်ခါ ပုံမှန်ငှက်ဖျားထပါတယ်။ တစ်နှစ်ကျော်လာတဲ့အခါမှာတော့ ဖျားတဲ့တိုင်ပင်ကို နားလည်လာပြီ။ ဩော်၊ နောက်သုံးရက်ကြာရင် ငါဖျားတော့မှာလားဆိုတာကို အံ့ဩဖွယ် ကြိုသိလာရပါတော့တယ်။ ထူးဆန်းပါပေ့ကတွတ်ပီ။ ကျွန်တော့် အရင်ဆက်ကပ်သွားခဲ့တဲ့ ဆရာမတွေထဲက ဆရာမတင်မာချိုအပါအဝင် ဆရာ၊ ဆရာမတော်တော်များများ တောင်ကုတ်ဆေးရုံကို ရောက်ဖူးကြပါတယ်။ ကျွန်တော်ကတော့ မရောက်လိုက်ရပါ။ တစ်ခါဝတ်ပြုခြင်းအဝတ်ပြုပုံကတော့ အင်္ဂလိကန်အတိုင်းပဲပေါ့။ အဲ့ဒီအချိန်က လူစုံတဲ့ရက်ပဲဖြစ်တယ်။ ထက်ဝက်တောင် မရှိပါဘူး။ ဒါပေမယ့်ဘုရားကျောင်းတက်မယ်ဆိုတာနဲ့ တစ်ယောက်မကျန်တော့ လာတက်ရှာပါတယ်။ ဖတ်တဲ့ကျမ်းစာတွေ ဟောတဲ့တရားတွေနားလည်ချင်မှ နားလည်မယ်။ ဒါပေမယ့် စိတ်အားထက်သန်မှုကိုတော့ မြင်တွေ့ရတယ်။ ဒီလိုဆိုတော့လည်း အမောပြေရတာပေါ့။ သီချင်းဆိုတဲ့အခါမှာ တိုင်ပင်အနေးအမြန် ကီးကြောင်တာတွေ၊ သူတို့မလိုဘူး။ မှားမှန်းလည်း မသိတဲ့အတွက် ကျေကျေနပ်နပ်ကြီး သီဆိုနေကြတာပဲ။

နောက်တစ်မျိုးကတော့ သူတို့ရဲ့ ဆန်သယ်နည်းပါ။ စပါးမပေါ်ခင် မြို့ကိုတက်ပြီးဆန်ဝယ်။ ကားလမ်းအတိုင်းကားစီး၊ ဇုနမှာဆင်း၊ ချောင်းကိုရောက်တော့ ဆန်တစ်အိတ်ကို ထက်ဝက်ဝက်ပြီး မိုးကာနဲ့ လုံအောင်ထုပ်ပြီး ချောင်းထဲပစ်ချ၊ ခိုစီးပြီး လိုက်ပါလာပါတော့တယ်။ မယုံရင်စမ်းကြည့်ပါ။ စိတ်မကောင်းစရာတစ်ခုကတော့ လူမမာတွေ မြို့ပေါ်သွားပြီး ဆေးကုမယ်ဆိုရင်လည်း ဖောင်ကိုစီးပြီး အောက်ပိုင်းရေစီးအပေါ်ပိုင်းနေပူ၊ မိုးလင်းကနေ နေဝင်ချိန်အထိ စီးရတယ်။ အမျိုးမျိုးပေါ့လေ . . ။ ဒါ အစပဲရှိသေးတယ်။ နောက်ကြုံတဲ့အခါ ဝေမျှပါဦးမယ်။ ဒီစာမူအားဖြင့် တောအုံတောင်ကြား ဝေးလံခေါင်သီတဲ့ဒေသမှာ အမှုထမ်းနေကြတဲ့ အမှုတော်ဆောင်များကို ဂုဏ်ပြုပါတယ်။


တွတ်ပီ







# ဆေးကျောင်းသူ မဝိုးဘောက်ရ နှင့် ဟိုမေး၊ ဒီမေး



ဆေးကျောင်းသူတစ်ယောက်အနေနဲ့ စာတွေ အရမ်းများပေမယ့် အသင်းတော်အတွက် ဘယ်လိုအချိန်ပေးလဲ။

■■ စာတွေဘယ်လောက်ကျက်စရာရှိရှိ ဘုရားသခင်ကိုတော့ အချိန်ပေးဖြစ်ပါတယ်။ စာမေးပွဲတွေ ဘယ်လိုရှိရှိ ဘုရားကျောင်းကိုတော့ သွားဖြစ်တယ်။ အသင်းတော်က လူငယ်ဝတ်မှာလည်း အပတ်တိုင်း မဟုတ်ရင်တောင်မှ အတတ်နိုင်ဆုံး ပါဝင်နိုင်အောင် ကြိုးစားပါတယ်။ AYPA Day လို Activity မျိုးတွေမှာလည်း အသင်းတော်လူငယ် တစ်ယောက်အနေနဲ့ ပါဝင်ပါတယ်။

ဘုရားသခင်နဲ့ ဘယ်လိုအချိန်ယူခဲ့လဲ။

■■ ဘုရားသခင်ကိုတော့ နံပါတ်(၁)ဦးစားပေး အချိန်ပေးဖြစ်ပါတယ်။ မိုးလင်းတာနဲ့ ကျေးဇူးတော်ချီးမွမ်းပြီး ဆုတောင်းတယ်။ ကျမ်းစာအခန်းကြီး (၁)ခန်း ဖတ်ဖြစ်အောင်ဖတ်ပြီး ဘုရားသခင်က ဘာပြောချင်လဲဆိုတာကို နားထောင်တယ်။ တစ်နေ့လုံးမှာလည်း သီးသီးသန့်သန့် အချိန်ယူတာမျိုး မဟုတ်ရင်တောင်မှ တခြားဘာပဲလုပ်နေလုပ်နေ ဘုရားသခင်ကို အာရုံပြုထားတယ်။ အထူးသဖြင့် စိတ်ညစ်စရာ၊ စိတ်ပျက်စရာ၊ အားငယ်စရာတွေကြုံလာတဲ့အခါမှာ ဘုရားသခင်နဲ့ ပိုအချိန်ယူဖြစ်တယ်။

ဝိညာဉ်ရေးအသက်တာကို ဘယ်လို တည်ဆောက်လဲ။

■■ ဆုတောင်းရင်းနဲ့ ဘုရားသခင်ကို စကား

ပြော၊ ကျမ်းစာဖတ်ရင်းနဲ့ ဘုရားသခင်ပြောတာကို နားထောင်ရင်းနဲ့ ဝိညာဉ်အသက်တာကို တည်ဆောက်ပါတယ်။ ကျွန်မအသက်တာက ပြည့်ဝစုံလင်တဲ့အသက်တာမျိုးတော့ မဟုတ်သေးပါဘူး။ ဒါပေမယ့် ဘုရားသခင်ရဲ့လမ်းပြမှု၊ ဘုရားသခင်ပေးတဲ့ ခွန်အားနဲ့ စုံလင်သောအသက်တာရှိသောသူဖြစ်ဖို့ ကြိုးစားတည်ဆောက်ပါတယ်။

**ကိုယ်ရဲ့အင်္ဂလီကန်အသင်းတော် အပေါ် အမြင်။**

■■ အသင်းတော်က အရင်ထက်ပိုပြီး နိုးကြား တက်ကြွလာတယ်လို့ ထင်ပါတယ်။ ဥပမာ- Alpha သင်တန်းမျိုးတွေကို သာသနာပိုင်ချုပ်ကြီးရဲ့ ဦးဆောင်မှုနဲ့ အသင်းတော်တိုင်းမှာ တွင်တွင်ကျယ်ကျယ် ပို့ချသင်တန်းပေးတယ်။ ဒါဝိညာဉ်ရေး တိုးတက်ကြီးထွားဖို့ အသင်းတော်တွင်း နိုးကြားလာဖို့ အများကြီး အထောက်အကူပြုပါတယ်။ ရှေ့ဆက်ပြီးတော့လည်း အင်္ဂလီကန်အသင်းတော်ကို ဘုရားသခင်က ဒါထက်နိုးကြွားစေမယ်၊ ပိုပြီးအသုံးပြုမယ်လို့ ထင်ပါတယ်။

**အင်္ဂလီကန်လူငယ်တွေ အပေါ်အမြင်။**

■■ လူငယ်တွေကတော့ လူငယ်နဲ့ ပတ်သက်တဲ့ Activityတွေမှာတော့ တက်တက်ကြွကြွ ပါဝင်ကြတယ်။ ဒါပေမယ့် ဝိညာဉ်ရေးရာမှာတော့ အားနည်းနေကြသေးတယ်လို့ ထင်ပါတယ်။ ဧဝံဂေလိလုပ်ငန်းမျိုးတွေမှာလည်း သိပ်မပါဝင်ကြတာ တွေ့ရတယ်လို့ မြင်ပါတယ်။ ဝိညာဉ်ရေးရာ တော်တော်ပြည့်ဝဖို့ လိုသေးကျွန်မအပါအဝင်ပေါ့။

**ခွန်အားအရဆုံး ကျမ်းချက်။**

■■ ၁ပေ ၂း၉၊ သင်တို့မူကား မှောင်မိုက်ထဲမှ အံ့ဖွယ်သောအလင်းတော်သို့ ခေါ်သွင်းတော်မူ သောသူ၏ဂုဏ်ကျေးဇူးများကို ဖော်ပြစေခြင်းငှာ ရွေးချယ်သောအမျိုးဖြစ်ကြ၏။ မင်းစည်းစိမ်ရှိသော ယဇ်ပုရောဟိတ်အမျိုး၊ သန့်ရှင်းသောလူမျိုး၊ ပိုင်ထိုက်တော်မူသောအမျိုး ဖြစ်ကြ၏။ နောက်တစ်ခုက ဟေရှာယ ၄၁း၁၀ ပါ။ မစိုးရိမ်နှင့် ငါသည်သင့်ဘက်မှာ ရှိ၏။ မကြောက်နှင့်။ သင်၏ဘုရားသခင်ငါသည် သင့်ကို နိုင်ခံ့စေမည်။ သင့်ကို စောင့်မမည်။ ငါသာစာလက်ယာလက်ဖြင့် ထောက်မမည်။"

**Own Motto။**

■■ စိတ်ထဲမှာစွဲနေတဲ့ motto တွေကတော့ အများကြီး ရှိပါတယ်။ အကြိုက်ဆုံးကတော့ " Winners never quit and Quitters never win." အလုပ်တစ်ခုကို လက်လျှော့လိုက်တော့မယ် စိတ်ကူးမိတဲ့အခါတိုင်း အဲဒီဆောင်ပုဒ်ကို သတိရမိတယ်။ ငါလက်လျှော့လိုက်ရင်winner တစ်ယောက် မဖြစ်တော့ဘူးလို့ တွေးလိုက်မိရင် အလိုလို ကြိုးစားချင်စိတ် ပေါ်လာတယ်။

**အနာဂတ်မှာ ကိုယ့်ရဲ့ Anglican အသင်းတော်မှာ ဘယ်လိုဆက်ကပ်မလဲ။**

■■ နောင်တစ်ချိန်မှာ ကိုယ်တတ်ထားတဲ့၊ ဆည်းပူးထားတဲ့ ပညာတွေနဲ့ အသင်းတော်အတွက် တတ်နိုင်သလောက် ပါဝင်မယ်။ လူတွေရဲ့အသက်တာတွေကိုသာမက ဝိညာဉ်တွေကိုသာ ကယ်နိုင်တဲ့ ဆရာဝန်ကောင်းတစ်ယောက်၊ ယေရှုခရစ်ရဲ့ ငယ်သားကောင်းတစ်ယောက် နောက်လိုက်ကောင်း တစ်ယောက်အဖြစ် အသင်းတော်အတွက် ပါဝင်ဆက်ကပ်ပါမယ်။

**ကျောင်းတက်နေစဉ် တွေ့ကြုံရတဲ့ အခက်အခဲတွေနဲ့ ဘုရားသခင်ရဲ့ဦးဆောင်မှု။**


■■ ကျောင်းမှာ အဓိကကြုံတွေ့ရတဲ့ အခက်အခဲကတော့ စာတွေအရမ်းများတာပါပဲ။ အဲ့လောက်များတဲ့စာတွေကို ကျက်ရတဲ့အခါမှာ သာမန်အားဖြင့်တော့ ပင်ပန်းမှု၊ စိတ်ဖိစီးမှုတွေ အရမ်းများကြမှာပေါ့။ ဒါပေမယ့် ကျွန်မအမြဲတမ်း ဘုရားသခင်ကို ခွန်အားတောင်းတဲ့အတွက် သူများတွေလောက် stress မရဘူး။ ပြီးတော့ စာကျက်ခါနီးတိုင်းမှာလည်း ဘုရားသခင်ဆီက ဉာဏ်ပညာတောင်းတယ်။ အဲ့ဒါကြောင့် သူများတွေထက် စာပိုရလွယ်တယ်။ စာတစ်ပိုဒ်ကို ကျက်မယ်ဆိုရင် သူများတွေပေးသလောက်အချိန်ပေးစရာမလိုဘူး။ ဒါတွေဟာ ဘုရားသခင်ရဲ့ စောင်မမှုတွေကြောင့်လို့ပဲ ယုံကြည်ပါတယ်။

**လူငယ်တွေအတွက် အားပေးစကား။**

■■ လူငယ်အချိန်ဆိုတာ စိတ်သွားတိုင်းကိုယ်ပါပြီး ဘာမဆို တက်တက်ကြွကြွ လုပ်နိုင်တဲ့အရွယ် ဖြစ်ပါတယ်။ ဒီအရွယ်ဟာ နောက်တစ်ကြိမ်လည်း ထပ်မရနိုင်တော့တဲ့ အချိန် ဖြစ်တယ်။







ဒါကြောင့် ဒီအချိန်မှာ ပညာရေး၊ စီးပွားရေးမှာ အစစအရာရာတို့ကို ရှာဖွေဆည်းပူးထားသင့်ပါတယ်။ အဲ့လိုအရွယ်မှာ ခပ်ပေါ့ပေါ့နေခဲ့လို့ရှိရင် လူကြီးတစ်ယောက်ဖြစ်လာတဲ့အခါကျမှ နောင်တရလိမ့်မယ်။ အဲ့ဒါကြောင့် ကိုယ့်ရဲ့ရှေ့ရင်းအတွက် ကြိုတင်စဉ်းစားထားပြီး ယခုထဲကကြိုးစားသင့်တယ်။ အခုခေတ်က "Try your best or you will be nothing" လို့ ဆိုရလောက်တဲ့ ခေတ်ကြီးဖြစ်တဲ့အတွက် သူ့ထက်ငါ အပြိုင်အဆိုင်ကြိုးစားမှ သူများရှေ့ရောက်နိုင်မှာဖြစ်ပါတယ်။ ငါကကြိုးစားမှ သူများရှေ့ရောက်နိုင်မှာ... ငါက နဂိုထဲက ညံ့တဲ့သူ၊ ကြိုးစားလည်းထူးမှာ မဟုတ်ဘူးဆိုတဲ့စိတ်မျိုးလည်း မထားပါနဲ့။ ဘာလို့လဲဆိုတော့ ကျွန်မကိုယ်တိုင်က တစ်သက်လုံးအရမ်းတော်လာတဲ့လူတော့မဟုတ်ပါဘူး။ ဘုရားသခင်ရဲ့ အကူအညီနဲ့ ကြိုးစားလို့သာ ဒီနေရာကို ရောက်လာတာဖြစ်ပါတယ်။ အဲ့ဒါကြောင့် အားလုံးလည်း တတ်စွမ်းသလောက် ကြိုးစားကြဖို့ ပြောချင်ပါတယ်။

**ဆေးကျောင်းတက်နေစဉ် အတွေ့အကြုံရတဲ့ အမှတ်ရစရာတွေ။**

■■ ကျောင်းမှာ အမှတ်ရစရာတွေကတော့ အများကြီးပါပဲ။ စာမေးပွဲနီးတိုင်းသူငယ်ချင်းတွေနဲ့ အတူတူစာကျက်တာတွေ၊ စာမေးပွဲပြီးတိုင်းလည်း အပန်းဖြေတဲ့အနေနဲ့ တစ်နေရာကိုသွားကြတာတွေ၊ ခရစ်ယာန် သူငယ်ချင်းတွေစုပြီး အတူတူကျမ်းစာဖတ်၊ ဆုတောင်းကြတာတွေက အမှတ်ရစရာတွေပါပဲ။

ရှာလုမ်ဝိုင်းတော်သားများ



# ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်ခြင်း

အိမ်သားလေး

ဝတ်ပြုကိုးကွယ်ခြင်းသည် ခရစ်ယာန်အသက်တာတွင် အလွန်အရေးကြီးသော ဘဝအစိတ်အပိုင်းတစ်ခု ဖြစ်ပါသည်။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သောသူ၏ အခန်းကဏ္ဍနှင့် လုပ်ဆောင်ရသောအရာများသည် အလွန်အရေးကြီးပါသည်။ ထိုသို့ဆိုသော် သန့်ရှင်းသောဝတ်ပြုခြင်းကို မှန်ကန်စွာဦးဆောင်နိုင်ရန် ဘာလိုအပ်သနည်း။ ဝတ်ပြုခြင်းကို ဦးဆောင်သူသည်လည်း နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း၊ ဝတ်ပြုခြင်းမရှိပါက အခြားသူများအားဝတ်ပြုခြင်းတွင် မည်သို့မှန်မှန်ကန်ကန် ဦးဆောင်နိုင်မည်နည်းဆိုသည်ကို စဉ်းစားရပေမည်။





## ဘုရားသခင်အနီးမှာရှိကြောင်း သိပါ။

ဘုရားသခင်ကို ဝတ်ပြုရန် ထိုသူသည် ဘုရားသခင်၏ မျက်မှောက်တော်၌ တည်ရှိနေခြင်းသဘောကို ဦးစွာခံစားနိုင်ရပါမည်။ ဘုရားသခင်ကို မည်သည့်အခါမျှ ပြီးပြည့်စုံစွာ သိရှိနိုင်မည် မဟုတ်သော်လည်း ဘုရားသခင်ကို သိရှိထားရပေမည်။ ဘုရားသခင်၏ ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သူအနေဖြင့် အနီးအပါး၌ ဘုရားသခင်ရှိနေခြင်းကို ဦးစွာ သိရှိခံစားနိုင်ရပါမည်။

## ပြင်ဆင်မှုပြုပါ

ဝတ်ပြုခြင်းတွင် ဦးဆောင်သူတစ်ဦးသည် အေးဆေးတည်ငြိမ်စွာ အစမပြုသင့်ပေ။ တရားမဟောခင်ပြင်ဆင်ပါဟူ၍ ပြောဆိုခြင်းရှိသကဲ့သို့ ဝတ်ပြုခြင်းကို ဦးဆောင်ရာတွင်လည်း ပြင်ဆင်မှု လိုအပ်ပေသည်။ ဓမ္မသီချင်းကိုရှာမရခြင်း၊ ဝတ်ပြုခြင်းမစမီ (၅)မိနစ်အလိုမှ စီစဉ်ခြင်းမျိုး မဖြစ်သင့်ပေ။ ထိုသို့လုပ်ဆောင်ရာတွင် အလုပ်ဖြစ်သော်လည်း မှားယွင်းသည်ဟု ဆိုရပါမည်။ ပြင်ဆင်မှုနည်းသော ဝတ်ပြုခြင်းကို ဦးဆောင်သူတစ်ဦးသည် ထိုဝတ်ပြုခြင်းပြီးနောက် အင်း၊ အဆင်ပြေသားပဲဟူ၍ တွေးနေပါက ထိုသူသည် မှားနေပြီ ဖြစ်သည်။ ဝတ်ပြုခြင်းသည် ကြုံသလိုလုပ်ဆောင်ရသောအရာ မဟုတ်ပေ။ ဝတ်ပြုခြင်းသည် အသက်ရှင်သော ဘုရားသခင်နှင့် ပေါင်းသင်းဆက်ဆံခြင်း၊ မိတ်ဖွဲ့ခြင်းဝတ် တစ်ခုဖြစ်ပါသည်။ ၎င်းအပြင် ဘုရာသခင်အား ဝတ်ပြုခြင်းသည် ခရစ်ယာန်အသက်တာတွင် လုပ်ဆောင်ရသော အခြားအရာများကဲ့သို့ မိမိအစွမ်းဖြင့် လုပ်ဆောင်နိုင်သောအရာ မဟုတ်ပေ။ စစ်မှန်သော ဝတ်ပြုကိုးကွယ်ခြင်းတွင် သန့်ရှင်းသော ဝိညာဉ်တော်တန်ခိုး ပါရှိသည်။ ဝတ်ပြုကိုးကွယ်လိုသောစိတ် မရှိချိန်တွင်ပင် ဝတ်ပြုလိုသောစိတ်ကို သန့်ရှင်းသောဝိညာဉ်တော်က ကျွန်ုပ်တို့ကိုပေးနေပါသည်။ ကျွန်ုပ်-တို့ အတွေးအခေါ်၊ အကြံအစည်နှင့် နှလုံးသားများကို လမ်းပြခြင်းဖြင့်လည်းကောင်း၊ ကျွန်ုပ်တို့နှုတ်ထွက်စကားနှင့်လုပ်ဆောင်မှုများကို တွန်းအားပေးခြင်းဖြင့်လည်းကောင်း သန့်ရှင်းသော ဝိညာဉ်တော်သည် ကျွန်ုပ်တို့၏ ဝတ်ပြုခြင်းကို စစ်မှန်စေပါသည်။

ဘုရားသခင်၏ဝိညာဉ်တော်သည် ကျွန်ုပ်တို့ ဝတ်ပြုခြင်းကိုလေးနက်ဖြစ်တည်စေပြီး ဝတ်ပြုခြင်းတန်ခိုးကိုပေးပြီး ဝတ်ပြုခြင်းပုံစံကိုလည်း လမ်းညွှန်ပေးနေပါသည်။ ထို့ကြောင့် ဝတ်ပြုကိုးကွယ်ခြင်း အမှုပြုရာတွင် ဘုရားသခင်ကူညီမစခြင်းအားဖြင့် ကျွန်ုပ်တို့ လုပ်ဆောင်ရမည့် အရာများကို မှန်ကန်စွာ လုပ်ဆောင်နိုင်ပါ သည်။ ထိုအရာသည် ဘုရားသခင်နှင့် တစ်လုံးတစ်ဝတည်းဖြစ်ခြင်းအားဖြင့် ဖြစ်ပေါ်လာပါသည်။

## ဆုတောင်းခြင်း၊ ကျမ်းစာဖတ်ခြင်း၌မျှလျော်ပါ

ပရိတ်သတ်ရှေ့တွင် မှန်ကန်စွာဆုတောင်းနိုင်ရန် ဦးစွာ ကျွန်ုပ်တို့တစ်ဦးတည်း ရှိသောအချိန်တွင် မှန်ကန်စွာ ဆုတောင်းရပါမည်။ လူများအားအဖဘုရားနှင့် စကားပြောခြင်းတွင် ဦးဆောင်ရန် ဦးစွာ ကျွန်ုပ်တို့တန်ခိုးတော်ရှင်နှင့် ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သောသူအနေဖြင့် ဝတ်ပြုခြင်းတွင်ပါဝင်ရမည်။ ကိစ္စများစွာ လုပ်ဆောင်နေသောအမှုတော်ဆောင်သင်းအုပ်အနေဖြင့် ဝတ်ပြုကိုးကွယ်ခြင်းသည် မည်သူကို ဆက်သွယ်နေပါသနည်း။ ပရိတ်သတ်များ ဓမ္မသီချင်းဆိုနေစဉ်တွင် ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သူသည် အနားရှိလူကြီး တစ်ဦးဦးကို တိုးတိုးလေး စကားပြောနေပေမည်။ သို့မဟုတ် လမ်းမပေါ်ရှိ တစ်ဦးဦးနှင့် ဖုန်းအားဖြင့် ဆက်သွယ်နေပေမည်။ ကြိမ်ဖန်များစွာခေါင်းငုံ့လျက် (ဆုတောင်းနေခြင်းမဟုတ်) နောက်အစီ အစဉ်ဖြစ်သောတရားဟောခြင်းအတွက် မိမိစာရွက်များကို ပြန်ကြည့်နေပေမည်။ ပရိတ်သတ်များဝတ်ပြုနေစဉ် အရေးတကြီး တွေ့မည့်သူ အပြင်ရှိရာ အပြင်ဘက်သို့ မကြာမကြာကြည့်နေပေမည်။ ထိုသင်းအုပ်မျိုးသည် သင်းအုပ်၏တရားဟောချက်သာ အရေးကြီးသည်ဟူသော ဝတ်ပြုခြင်းမျိုးကို ပုံဖော်ထားပါသည်။ ဝတ်ပြုခြင်းကို ဦးဆောင်ခြင်းသည် သံစဉ်တည်ဆောက်ခြင်းပင် ဖြစ်သည်။ အကယ်၍ ဝတ်ပြုခြင်းအရေးကြီးသောအရာဟု မထင်ဘဲ အချိန်ဖြုန်းသည်ဟုသဘောထားပါက အသင်းတော်သည် လူအများဝတ်ပြုရန်မဟုတ်ဘဲ နားထောင်ဖို့ သက်သက်သာ လာသောနေရာနှင့် ဘုရားသခင် အကြောင်း

လာရောက်ရေး မှတ်ရာနေရာကဲ့သို့ ဖြစ်လာမည်ဖြစ်ပြီး ဘုရားသခင်၏ တည်ရှိခြင်း ဘုရားသခင်ရှေ့မှောက်၌ မွေ့လျော်ခြင်းသဘောမျိုး ရှိမည် မဟုတ်ချေ။ ထို့ကြောင့် စစ်မှန်သောဝတ်ပြုကိုးကွယ်ခြင်းသည် ဘုရားသခင်၏သန့်ရှင်းခြင်းနှင့် ဘုရားသခင်သည် အနီး၌ရှိသည် ဟူသောအမှန်တရား နှစ်ခုအပေါ် ရပ်တည်ရပါမည်။ ကျွန်ုပ်တို့မထိုက်တန်ပါ။ သန့်ရှင်းသောဗိညာဉ်တော်တန်ခိုးဖြင့်သာ ကျွန်ုပ်တို့လုပ်ဆောင်မည် ဖြစ်သည်။

## ဝတ်ပြုနေချိန် မိမိအသင်းသားများအားဂရုစိုက်ပါ

Westminster Confession တွင် ခရစ်ယာန်ဝတ်ပြုခြင်း၏ အဓိကအချက်ကို ဘုရားသခင်ဘုန်းတော်ထင်ရှားစေရန်နှင့် ဘုရားသခင်၌ ပျော်မွေ့ရန်ပင်ဖြစ်သည်။ သို့ရာတွင် တနင်္ဂနွေနေ့နံနက်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်ဘုန်းတော်ထင်ရှားစေပြီး ဘုရားသခင်၌ပျော်မွေ့ချိန်တွင် ကျွန်ုပ်တို့သည် ဘုရားသခင်၏လူအများအား ဂရုပြုနေပါသည်။ တနင်္ဂနွေနေ့ဝတ်ပြုခြင်းကို စနစ်တကျ ရေးဆွဲခြင်းမရှိဘဲ ဖြစ်သလိုသာ ပါဝင်လုပ်ဆောင်နေသော သင်းအုပ်များသည် အလွန်အဓိကကျသော အသင်းသားကို ဂရုစိုက်ရန်အားနည်းနေပေမည်။ မကြာခဏဆိုသလိုပေ၊ Pastoral Care ကို တစ်ဦးချင်းစီ နှစ်သိမ့် ဆွေးနွေးပေးခြင်းဟု ကျွန်ုပ်တို့မြင်လေ့ရှိပါသည်။ သို့ရာတွင် ဝတ်ပြုချိန်၌ပင် အခြားသောနေ့များထက် မိမိအသင်းသားများစွာနှင့် ပိုမို ထိတွေ့ရပါသည်။ အသင်းသားအများစုသည် သူတို့ကို တစ်ဦးချင်း နှစ်သိမ့်ဆွေးနွေးခြင်းအားဖြင့် ကျွန်ုပ်တို့ကို သိရှိခြင်းမျိုး မဟုတ်ဘဲ ဝတ်ပြုခြင်း၌ ဦးဆောင်ခြင်းတွင်သာ ကျွန်ုပ်တို့ကို သိရှိကြမည်ဖြစ်သည်။ မည်သို့သော အသက်ရှင်မှုပုံစံအားဖြင့် ဝတ်ပြုခြင်းကို ကျွန်ုပ်တို့ ဦးဆောင်နိုင်ပါသနည်း။ ကျွန်ုပ်တို့ အသင်းသားများသည် ကျွန်ုပ်တို့အား သူတို့ကိုဂရုစိုက်သောသူ၊ တစ်ဦးချင်းစီအပေါ်တွင် နွေးထွေးမှုရှိသူအဖြစ် ခံစားရမည်လော။ သို့မဟုတ် အေးတိအေးစက်နိုင်သူ၊ သူ-တို့နှင့် နေ့စဉ်ဘဝလိုအပ်မှုများကို ဂရုမစိုက်သော သူအဖြစ် မြင်မည်လော စသည်ဖြင့်၊ အမြဲတမ်း မိမိကိုယ်ကို မိမိ မေးနေရပါမည်။

## သေးငယ်သောအမှုဖြစ်ပါစေ မေတ္တာစေတနာထားလျက် လုပ်ဆောင်ပါ။

တစ်ခါတစ်ရံ သင်းအုပ်တစ်ယောက်၏ ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်ခြင်းသည် အသင်းသားများအား သူတို့၏လိုအပ်ချက်များ၊ ပြဿနာများအချို့ကိုဖွင့်ပြောနိုင်ရန် ချဉ်းကပ်မှုပြုနိုင်ရန် ဖိတ်ခေါ်ခြင်းဖြစ်လာပါသည်။ ထို့ကြောင့် ဝတ်ပြုခြင်းကို ဦးဆောင်ခြင်းအားဖြင့် Pastoral Care သိုးထိန်းလုပ်ငန်းလုပ်ဆောင်နိုင်ရန် အခြေအနေများကို ရှာဖွေသင့်ပါသည်။ ပွဲတော်ဝတ်တွင် မုန့်နှင့်စပျစ်ရည်ကို ပေးဝေခြင်း၊ ကလေးများအတွက်တရားဟောရာတွင် သူတို့နှင့် ထိတွေ့ဆက်ဆံခြင်း (သို့) မင်္ဂလာဆောင်ပွဲတွင် တရားဟောခြင်းတို့သည် သေးငယ်သောအမှုဟု မြင်နိုင်စရာရှိသော်လည်း ထိုအရာများသည် အခြားသော အချိန်ဘဝတစ်ကွေ့တွင် မိမိအသင်းသားများ၏ဘဝပြဿနာများကို အတူတကွဖြေရှင်းနိုင်ရန် ဖိတ်ခေါ်ချက် ဖြစ်လာနိုင်ပါသည်။ ဝတ်ပြုခြင်းသည် အသင်းသားများအသက်တာ၏ အရေးအမြစ်(ဘဝတွင်အရေးတကြီးလုပ်ဆောင်သောအရာ) ဖြစ်သောကြောင့် တနင်္ဂနွေတွင် သတိထား၍ ဟောပြောသွန်သင်တတ်ပါသည်။ တနင်္ဂနွေနေ့ ဝတ်ပြုခြင်းများကဲ့သို့ပင် မင်္ဂလာဆောင်ပွဲများ၊ အသုဘများသည် အသင်းသားများ ဖွင့်မပြောခင် လုပ်ဆောင်ရသော ဘဝပြဿနာများဖြစ်သောကြောင့် ဘဝပြဿနာများကို ဆွေးနွေးပြောဆိုနိုင်သည်သာမက မိမိ၏မေတ္တာစေတနာနှင့် ဂရုစိုက်ခြင်းများကို လက်တွေ့ဖော်ပြနိုင်သော အချိန်အခါကောင်းများ ဖြစ်သည်။

ဘုရားသခင်အား ဝတ်ပြုကိုးကွယ်ခြင်းသည် နာမ်ဝိညာဉ်နှင့်လည်းကောင်း၊ သစ္စာနှင့်လည်းကောင်း လုပ်ဆောင်ရသော ဝတ်ဖြစ်သောကြောင့် ဝတ်ပြုကိုးကွယ်ခြင်းကို ဦးဆောင်သူများသည်လည်း သစ္စာရှိစွာ ဦးဆောင်မှုပြုလျက် မိမိကိုယ်တိုင်သော်လည်းကောင်း အခြားသူများကိုသော်လည်းကောင်း ဘုရားသခင်ကို ရှိသေလေးမြတ်စွာ ဝတ်ပြုကိုးကွယ်လျက် ဘုန်းတော် ထင်ရှားနိုင်ပါစေ . . . ။

အိမ်သားလေး






# သက်သေခံချက် (၂တိ ၁း၇)

ကျွန်တော့်ဘဝအသက်တာနှင့် ညီအစ်ကိုမောင်နမများကို ရှာလုမ်မဂ္ဂဇင်းမှတဆင့် သက်သေခံဝေမျှ ခွင့်ရသောကြောင့် ကျေးဇူးတော်ကို ချီးမွမ်းပါတယ်။ ကျွန်တော်ငယ်စဉ်ကတည်းက ခရစ်ယာန်တစ်ဦးဖြစ်ပါ တယ်။ ခရစ်ယာန်အသိုင်းအဝိုင်းမှာ ကြီးပြင်းပါတယ်။ Sunday School ပုံမှန်တက်တယ်။ ဘုရားကျောင်း လည်း မှန်မှန်တက်တယ်။ သို့သော် ဦးဆောင်သည့်နေရာတွင် ဘယ်တော့အခါမှ မပါဝင်ခဲ့ပါဘူး။ ဆုတောင်းပါ၊ သက်သေခံပါလို့ပြောရင် ဘယ်တော့မှ ဘုရားကျောင်းမတက်တော့တဲ့အထိ ကြောက်ရွံ့၊ ရှက်ကြောက်ခဲ့ပါ တယ်။ မိသားစုတွင်လည်းသားဦးဖြစ်သောအခါ ထမင်းစားဆုတောင်းခိုင်းခြင်းတွေ ရှိပါတယ်။ ဆုတောင်းခိုင်း ပါက ထမင်းမစားဘဲ ထွက်ပြေးခဲ့ပါတယ်။ ကျွန်တော်ရဲ့အသက်တာမှာ ကြောက်ရွံ့ခြင်းနှင့်သာ အသက်ရှင် ခဲ့ပါတယ်။ ဆရာဝန်တစ်ဦးပြောခဲ့သောစကားတစ်ခွန်း ရှိပါတယ်။ ကင်ဆာရောဂါရှိတဲ့ လူတစ်ဦးက ကြောက်ရွံ့ နေပါက ၅၀% သည် ရောဂါကို တိုးပွါးစေပါတယ်တဲ့။ ကျွန်တော့်အသက်တာတွင်လည်း ကြောက်ရွံ့မှုကြောင့် စာတန်ကို အရှုံးပေးတဲ့အချိန်တွေ အများကြီး ရှိပါသည်။ ကြောက်ရွံ့ခြင်းသည် (ကမ္ဘာဦးကျမ်း၃း၁၀)အရ စာ တန်၏ တန်ခိုးကိုရှုံးနိမ့်ခြင်း ဖြစ်တယ်။

ဆရာတစ်ဦးသက်သေခံတာကို ကျွန်တော်ကြားခဲ့ပါတယ်။ ကျွန်တော်အတွက် တကယ်ကို ခွန်အား တစ်ခုဖြစ်စေပါတယ်။ ထိုဆရာက တစ်နေ့မှာ ကျေးဇူးတော်ကြောင့် နိုင်ငံခြားကို သွားခွင့်ရရှိခဲ့ပါတယ်။ သူလည်း ရန်ကုန်လေဆိပ်မှဗန်ကောက်ကို ထွက်ခွါခဲ့ပါတယ်တဲ့။ လေယာဉ်ပေါ်ရောက်တဲ့အခါ စားဖို့ ကွတ်ကီး ပေးပါတယ်။ ဘေးကထိုင်တဲ့လူတွေက ဖောက်ပြီးစားကြတယ်။ ဤဆရာက ဆရာကရှက်ကြောက်လို့ ပေါင်ကြားမှာထားပြီး ဖောက်တယ်။။ ဖောက်လို့မရဘူးတဲ့။ ဘန်ကောက်လေဆိပ်ရောက်ခါနီးအထိ ဖေါက်လို့ မရဘူး။ နောက်ဆုံးသူက ထုတ်ပြီး ဖေါက်မည့်နေရာမှဖေါက်တဲ့အခါ လွယ်လွယ်ကူကူ ဖေါက်နိုင်ခဲ့ပါတယ်။ ဗန်ကောက်လေဆိပ်မှတဆင့် အစ္စရေးနိုင်ငံယေရုရှလင်မြို့သို့ ရောက်သောအခါ ထိုနေရာတွင်ရှိသော လူတွေ က သူ့ကို သခင်ယေရှုနေထိုင်အသက်ရှင်ခဲ့သည့်နေရာများ၊ သခင်ယေရှုနှင့် ပတ်သက်သည့် သမိုင်းဝင်အဖြစ် အပျက်နေရာများသို့ လိုက်လံပြသခဲ့သည်။ နောက်ဆုံး သခင်ယေရှုခရစ်၏ သချိုင်းဂူအတွင်း ဝင်ရောက် ကြည့်ရှုခဲ့ရာမှ သူ့ဘဝတစ်လျှောက်လုံး ကြောက်ရွံ့နေသောအရာအားလုံးဟာ ထိုနေရာမှာပင် ပျောက်ကွယ်ခဲ့ တယ်။ ထိုအချိန်မှစ၍ သူသည် ကျော်ကြားသော တရားဟောဆရာ ဖြစ်လာခဲ့တယ်။ ကြောက်ရွံ့သော စိတ်နှင့် အသက်ရှင်ခဲ့ပါသည်။ ဆရာ၏ သက်သေခံ

ကျွန်တော့်အသက်တာသည် ကြောက်ရွံ့သော စိတ်နှင့် အသက်ရှင်ခဲ့ပါသည်။ ကျွန်တော် ဆုတောင်းခဲ့ပါသည်။ ကြောက်ရွံ့ ချက်ကို ကြားရသောအခါ ကိုယ့်ကိုယ်ကို စစ်ဆေးခဲ့ပါသည်။ ကျွန်တော် ဆုတောင်းခဲ့ပါသည်။ ထို့ကြောင့် (၂တိ ၁း၇)မှာရှိသော အ သောစိတ်သည် စာတန်၏လုပ်ဆောင်မှုဆိုတာကို သိခဲ့ရပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ကြောက်ရွံ့ ကြောင်းအရာကို ဖတ်ရှုသောအခါတွင် ခွန်အားရရှိစေပါသည်။ ဘုရားသခင်သည် ကျွန်တော်တို့ကို ကြောက်ရွံ့ တတ်သောစိတ်ကို ပေးသည်မဟုတ်။ တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်ကို ပေးသည်ကို ကျွန်တော်ဖတ် ရသောအခါ ကျွန်တော်ကြောက်ရွံ့သောစိတ်ကို ဖယ်ရှားရန်အတွက် ခွန်အားယူခဲ့ပါသည်။ ယနေ့ညီအစ်ကို မောင်နှမတို့၏အသက်တာမှာ ကြောက်ရွံ့သောစိတ်သည် ခရစ်ယာန်အသက်တာတွင်လည်း စာတန်မာနတ်၏ အောက်တွင်အသက်ရှင်ခြင်း ဖြစ်သည်။ ကြောက်ရွံ့သောစိတ်ကို ဖယ်ရှားရမည် ဖြစ်ပါသည်။ ကြောက်ရွံ့သော စိတ်သည် စာတန်မာနတ်ကို အရှုံးပေးခြင်း ဖြစ်သည်။ ထိုသို့ကြောက်ရွံ့သောစိတ်ကို ဖယ်ရှား၍ ဘုရားသခင် ပေးသောစိတ်သဘော တန်ခိုးပါသောစိတ်၊ ချစ်တတ်သောစိတ်၊ ရှင်းလင်းသောစိတ်နှင့် ခရစ်ယာန်အသက်တာ တွင် အသက်ရှင်ကြပါစို့ . . . ။

ရှောလမုန်(B.Th III)



# Christy
# အမြင်သစ် NEW PERSPECTIVE

၁ရာ ၁၆း၇၊ ထာဝရဘုရားသည် လူမြင်သကဲ့သို့ မြင်တော်မူသည်မဟုတ်၊ ထာဝရဘုရားမူကား နှလုံးကို ကြည့်ရှုတော်မူ၏။

ကိုယ်ပိုင်မြင်တွေကြတဲ့ အမြင်ပေါ်မှာအခြေခံပြီး ဝေဖန်ခြင်းများဟာ မှန်ကန်သော ထင်မြင်ယူဆချက် အဖြစ် ခံယူလို့ ရနိုင်ပါ့မလား။ လူတစ်ယောက်ရဲ့ ဆိုးခြင်း၊ ကောင်းခြင်းတွေကို အမြင်အားဖြင့် ဝေဖန်သုံးသပ်





ရန်မှာ မှန်ကန်မှုရှိမည် မဟုတ်ပေ။ ထို့ကြောင့် တစ်ပါးသူအပေါ် မြင်မြင်ချင်း သုံးသပ်ဆုံးဖြတ်ခြင်းများသည် မှားယွင်းသောအရာများသာ ဖြစ်လာမည် ဖြစ်သည်။ ၁ရာ ၁၆း၇မှာ ဘာတွေဆက်ပြောထားလဲ ဆိုရင် ဘုရားသခင်က သူ၏မျက်နှာ၊ သူ၏အရပ်ကို မကြည့်ရှုနှင့်ဟု မိန့်တော်မူခြင်းကို တွေ့ရှိရမည် ဖြစ်သည်။ ဣသရေလတို့၏ ဘုရင်ဖြစ်သည့် ရှောလု ဖောက်ပြန် ပျက်စီးလာသည့်အခါတွင် ရှောလုအား ဘုရားသခင်သည် ဘုရင်အဖြစ်မှ ပစ်ပယ်ဆုံးမခဲ့သည်။ ထိုအချိန်တွင် ဣသရေလတို့၏ဘုရင်အဖြစ် ပမည်သူအား ရွေးကောက်တင်မြှောက်ရန်အတွက် ပရောဖက်ရှမွေလ စိုးရိမ်ပူပန်မှုဖြစ်ခဲ့သည်။ များမကြာမီ ပရောဖက်ရှမွေလသည် ဘုရားသခင်မိန့်တော်မူသည့်အတိုင်း ယေရှဲ၏သားများထဲမှ တစ်ဦးဦးကို ဘုရင်အဖြစ် ရွေးကောက်တင်မြှောက်ရန် ယေရှဲထံသို့ ရောက်ရှိခဲ့သည်။ ယေရှဲ၏သားများထဲမှ သားကြီး၊ သားလတ် စသဖြင့် ရုပ်ပိုင်းဆိုင်ရာ၊ ခန္ဓာပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုများ အပေါ်တွင် မြင်တွေ့သည့်အမြင်အားဖြင့် သာ ပရောဖက်ရှမွေလ ရွေးချယ်နေခဲ့သည်။ ဖခင်ဖြစ်သူ ယေရှဲ၏အမြင်တွင်လည်း ဘုရင်အဖြစ် သားကြီး၊ သားလတ်တို့သာ ရရှိနိုင်မည်ဟု ထင်မြင်နေမိခဲ့သည်။ သားခုနစ်ယောက်အပေါ်တွင် ယုံကြည်စိတ်ချမှု ရှိနေခဲ့ခြင်းအား မြင်တွေ့ရမည် ဖြစ်သည်။ သို့သော် သားကြီးခုနစ်ဦးတို့တွင် တစ်ဦးတစ်ယောက်မျှ ဘုရားသခင်၏ရွေးချယ်မှုတွင် ပါဝင်ခြင်း မရှိခဲ့ပေ။ ဒါဝိဒ် နောက်ဆုံး အငယ်ဆုံး သားတစ်ဦးဖြစ်သည့် ဒါဝိဒ်အား ဘုရင်အဖြစ်ရွေးချယ်ရန် ထာဝရဘုရားသည် ပရောဖက်ရှမွေလအား နှိုင်းစေခဲ့ခြင်းကို မြင်တွေ့ရသည်။

ထိုအကြောင်းအရာသည် ဘုရားသခင်က ဒါဝိဒ်အပေါ်တွင် ယုံကြည်မှုနှင့်အတူ တွေ့မြင်ရွေးချယ်ထားခြင်း ဖြစ်သည်။ တွေးကြည့်မည်ဆိုလျှင် ဣသရေလတို့၏ ဘုရင်အဖြစ် ဒါဝိဒ်အား ရွေးချယ်ခြင်းသည် မဖြစ်နိုင်ပေ။ ဒါဝိဒ်သည် အစ်ကိုများကဲ့သို့ ရုပ်ပိုင်းဆိုင်ရာ၊ ခန္ဓာပိုင်းဆိုင်ရာ တောင့်တင်းသူ တစ်ဦး မဟုတ်ပေ။ ပညာဗဟုသုတကြွယ်ဝ သူတစ်ဦးလည်း မဟုတ်ပေ။ သို့သော် ဘုရားသခင်သည် ဒါဝိဒ်၏ အားနည်းခြင်းများအား ဖုံးကွယ်၍ ချီးမြှင့်မြောက်စားခြင်းကိုသာ တွေ့ရှိခဲ့ရသည်။ သူတစ်ပါးအပေါ် မြင်မြင်ချင်း ဝေဖန်သုံးသပ်ဖို့က အလွန်လွယ်ကူပါသည်။ ရှင်မဿဲ ၇း၁ တွင် သခင်ခရစ်တော်က သင်-တို့သည် စစ်ကြောစီရင်ခြင်းနှင့် ကင်းလွတ်မည် အကြောင်း သူတစ်ပါး၏အမှုတွင် စစ်ကြောစီရင်ခြင်းကို မပြုနှင့်။ သင်တို့သည် အကြင်တရားအတိုင်း သူတစ်ပါးကို စီရင်ကြ၏။ ထိုတရားအတိုင်း စီရင်ခြင်းကို ခံရမည်ဟု မိန့်တော်မူခြင်းကို တွေ့ရှိရသည်။

ထို့ကြောင့် ကျွန်ုပ်တို့ အသက်တာတွင်လည်း ရှိနှင့်ပြီးသောအကျင့်စရိုက်ဟောင်းများအား စွန့်လွှတ်ရန် လိုအပ်ပေသည်။ အကျင့်စရိုက်ဟောင်းအတိုင်း လူတစ်ယောက်ကို၊ အသီတစ်ယောက်၊ ဒါမှမဟုတ် ကိုယ်နဲ့နီးစပ်သူတွေကို အရင်တုန်းကလို၊ အရင်တုန်းက မြင်တဲ့အမြင်တွေ ရှိနေတုန်းဘဲလား ဆိုသောအရာအား ပြန်လည်ဆန်းစစ်ရန် လိုအပ်ပေသည်။ အရက်သောက်နေတဲ့ သူတစ်ယောက်ကို ဒီလူကအရက်သမားဘဲ၊ ဆင်းရဲချို့တဲ့ သူတစ်ယာက်ကို ဒီလူကနုံချာပါတယ်ကွာ" စသည်ဖြင့် ရှုံးနိမ့်သောအမြင်အားဖြင့် မမြင်သင့်ပေ။ လူသည် ပြောင်းလဲနိုင်သကဲ့သို့ တစ်နေ့ရာတည်းတွင် ရပ်တည်ကြသူများ မဟုတ်ချေ။ ဘုရားက ဒါဝိဒ်ကို မြင်သည့်အမြင်ဖြစ်သည့် အားနည်းချက်များကိုဖုံးကွယ်ပြီး မြင်သကဲ့သို့ ဘုရားသားသမီးများ ဖြစ်ကျွန်ုပ်တို့သည်လည်း တစ်ဦးနှင့်တစ်ဦး ဖေးမကူညီတတ်သောသည့်အခါ အတွေးအမြင်အားဖြင့် မြင်နိုင်ရန် လိုအပ်သဘော၊ ပေသည်။ ထို့ကြောင့် အမြင်သစ် (new perspective) အားဖြင့် ယုံကြည်ချက်နှင့်အတူ တစ်ယောက်စီတိုင်းအပေါ်တွင် မြင်နိုင်ခြင်းအားဖြင့် သာယာလှပသော အရာများအား ဖန်တီးလာနိုင်မည် ဖြစ်သည်။

**Christy**



ဝေဒနာသည်ဆိုတဲ့ ခေါင်းစဉ်အောက်ကနေ အများရဲ့ အပယ်ခံဖြစ်နေတဲ့ ခရစ်တော်ချစ်တဲ့ အငယ်ဆုံးသော သူတွေအတွက် ဖေးမသောလက်များနဲ့ လူ့အသိုင်းအဝန်းမှာ ပြန်လည်ဝင်ဆံ့နိုင်ဖို့ ဖန်တီးပေးနေတဲ့ (MCLM) မှဆရာတစ်ဦးနှင့်တွေ့ဆုံခိုက . . .။

⌂ မင်္ဂလာပါဆရာ...

■■ ဟုတ်ကဲ့ . . မင်္ဂလာပါ။

⌂ ပထမဦးဆုံးအနေနဲ့ ဆရာ့နာမည်လေး သိပါရစေ။

■■ ကျွန်တော့်နာမည်က စောအယ်ထူးပါ။ ကျွန်တော့်တာဝန်က (MCLM) ရဲ့ အစီအစဉ် အတွင်းရေးမှူးအနေနဲ့ တာဝန်ယူပေးနေပါတယ်။ ဆက်ပြီးတော့ ဒီအဖွဲ့ထဲမှာ အကျိုးဆောင်တွေနဲ့ ဖွဲ့စည်းထားတဲ့ အုပ်ချုပ်ရေးကော်မတီတစ်ခု ရှိပါတယ် . . . ။ အဲ့ဒီမှာ အင်္ဂလီကန်၊ နှစ်ခြင်း၊ ပရက်စပီတေးရီးယန်း၊ ကက်သလစ်နဲ့ မက်သဒစ်အသင်းတော်များမှ စုစုပေါင်း ကိုယ်စားလှယ်(၁၉)ဦး ပါဝင်ပါတယ်။ ဂိုဏ်းပေါင်းစုံပေါ့။ အဲ့ဒီကဦးဆောင်မှုနဲ့ ရုံးအဖွဲ့က လှုပ်ရှားပါတယ်။ ရုံးအဖွဲ့က ကျွန်တော်အပါအဝင် (၃)ဦးရှိတယ်။ သာသနာအလုပ်ဆိုတော့ ကျဉ်းကျဉ်းလေးနဲ့ ကျယ်ကျယ်ပြန့်ပြန့် ဝိုင်းလုပ်ကြပါတယ်။

⌂ ဆရာရေ (MCLM)ရဲ့ ဖြစ်ပေါ်လာပုံသမိုင်းအကျဉ်းလေးကို ပြောပြပေးပါဦး။

■■ အရင်တုန်းက (Laper Mission) လို့ ခေါ်တာပေါ့။ အဲ့ဒါက သာသနာပြုတွေရဲ့ လက်ထက်ကတည်းကစခဲ့တယ်။ အကျဉ်းချုပ်ပြောရမယ်ဆိုရင် (၁၉၆၄) မှာ သာသနာပြုတွေ ပြန်ပြီးနောက်ပိုင်း တိုင်းရင်းသားတွေ ဦးဆောင်ပြီး လုပ်လာခဲ့ပါတယ်။ မော်လမြိုင်မှာရှိတဲ့ ဆေးရုံကို နှစ်ခြင်းအဖွဲ့ချုပ်က တာဝန်ယူရတယ်။ အဲ့ဒါတွေအပြင် လွန်ခဲ့တဲ့ နှစ် ၁၃၀လောက် ကတည်းက မက်သဒစ်နဲ့ ကက်သလစ်တို့ကလည်း စခဲ့တယ်။ ၁၉၈၄ မတိုင်ခင်မှာတော့ နှစ်ခြင်း ခေါင်းဆောင်ပိုင်းတွေက စဉ်းစားလာတယ်။ ဒီအလုပ်က နှစ်ခြင်းတွေပဲ

# MCLM

## မှ ဆရာတေအယ်ထူး နှင့် ဟိုမေး ဒိဖြေ





လုပ်တာ မဟုတ်ဘူး။ တခြားဂိုဏ်းဂဏတွေ လည်း လုပ်တဲ့အတွက် အားလုံးပေါင်းပြီး လုပ်ဆောင်မယ်ဆိုရင် ဘုန်းတော်ပိုထင်ရှားမယ်။ အဲ့ဒါနဲ့ပဲ ဂိုဏ်းဂဏပေါင်းစုံမှ ကိုယ်စားလှယ်တွေဖိတ်၊ အလုပ်ရုံဆွေးနွေးပွဲတွေလုပ်၊ ဖွဲ့စည်းပုံကိုလည်း ရေးခဲ့ပြီးနောက်ပိုင်း ၁၉၈၄ စက်တင်ဘာ ၂၅ရက်နေ့မှာ တိုင်းရင်းသား ခရစ်ယာန်အနာကြီးသာသနာ ပေါ်ပေါက်လာခဲ့တယ်။

⌂ ဆရာရေ အခုလောလောဆယ် (MCLM) အနေနဲ့ ဘယ်လိုနေရာဒေသတွေကို အဓိကထားလဲ။

■■ ကျွန်တော်တို့ရဲ့ ရူပါရုံက အနာရောဂါ ဝေဒနာခံစားမှု ပပျောက်ရေး၊ လူ့အသိုင်းအဝန်းနဲ့ ပြန်လည်ဝင်ရောက်ရေးအတွက် လူမျိုးမရွေး၊ ဘာသာမရွေး၊ အဆင့်အတန်းမရွေးဘဲ ခရစ်တော်၏နာမ၌ အတတ်နိုင်ဆုံး အမှုတော်ဆောင်ရေး ဖြစ်တယ်။ အုပ်ချုပ်ရေးကော်မတီရဲ့ လက်အောက်မှာ တာဝန်ခံက လှုပ်ရှားရပါတယ်။ အစပိုင်းမှာတော့ တာချီလိတ်နဲ့ မော်လမြိုင်ဆေးရုံနှစ်ခုနဲ့ မရမ်းချောင်းပဲရှိပါတယ်။ အဲ့ဒါက နှစ်ခြင်းရဲ့အခြေခံပေါ့။ နောက်ပိုင်း ဂိုဏ်းပေါင်းစုံဖြစ်လာတဲ့အခါမှာ မက်သဒစ်က ရေနံ့သာနယ် ပါလာတယ်။ နောက်ပြီးတော့ မင်းဘူးပေါ့။ ကျိုင်းတုံ (နောင်ကန်)၊ သရက်၊ လှိုင်လင် (ဟိုခိုက်) က ကက်သလစ်အုပ်စုပေါ့။ အခုလောလောဆယ်တော့ အဲ့ဒီနေရာတွေမှာ လှုပ်ရှားနေပါတယ်။ နောက်ပိုင်းမှာတော့ ပုသိမ်နဲ့ လက်ပံတန်းဆိုပြီး ထပ်ပြီး တိုးလာပါတယ်။ အားလုံး (၁၁)ခု ရှိပါတယ်။

⌂ အနာကြီးရောဂါဝေဒနာသည်တွေနဲ့ မိသားစုတွေအတွက် ဆရာတို့အနေနဲ့ ဘယ်လောက်အထိ တာဝန်ယူ ကြည့်ရှုပေးလဲ။

■■ ကျွန်တော်တို့ကတော့ အတတ်နိုင်ဆုံး (Scope) ကို ကျဉ်းအောင်လုပ်ပါတယ်။ ဘယ်လိုကျဉ်းအောင်လုပ်လဲဆိုတော့ အစောနက ပြောထားတဲ့ စင်တာ(၁၁)ခုမှာက ကိုယ်ပိုင်ကော်မတီနဲ့ ရှိကြပါတယ်။ ကျွန်တော်တို့အနေနဲ့ကတော့ သူတို့နဲ့ လက်တွဲလုပ်တယ်။ အထူးသဖြင့် သူတို့လိုအပ်ချက်ကို ကူညီပံ့ပိုးပေးတယ်။ ကိုယ်တိုင်ဝင်လုပ်တာမျိုး မဟုတ်ဘူး။ ဘယ်လိုမျိုးလဲဆိုတော့ Tranings လုပ်ပေးတယ်။ နောက်ပြီးတော့ နိုင်ငံတကာက အလှူရှင်တွေကိုလည်း ရှာဖွေပေးပါတယ်။ ကိုယ်တိုင်ကိုယ်ကျကတော့ ဒေသရဲ့ အနာကြီးသာသနာကပဲ လုပ်ဆောင်ပါတယ်။ လုပ်ဆောင်တဲ့အခါမှာလည်း တစ်နေရာနဲ့ တစ်နေရာ မတူပါဘူး။ တစ်ချို့နေရာတွေမှာ အသက်ကြီးသူတွေရဲ့ စားသောက်ရေးအထိ တာဝန်ယူတယ်။ ကလေးတွေနဲ့ပတ်သက်ပြီး တာဝန်ယူပေးပါတယ်။ အဆောင်တွေထားပေးပြီး နေရေး၊ စားသောက်ရေး၊ ကျန်းမာရေးအထိ တာဝန်ယူပေးပါတယ်။ ကျွန်တော်တို့ကတော့ ပညာရေး (သို့မဟုတ်) ကျန်းမာရေး အစရှိတာတွေနဲ့ပတ်သက်ပြီး Leader-ship အပိုင်းနဲ့ သင်တန်းပေးတာတွေ ပြုလုပ်ပေးရပါတယ်။ ဝေဒနာသည်တွေရဲ့ သာရေး၊ နာရေး အစရှိတာတွေကိုတော့ ဒေသခံစင်တာတွေကပဲ တာဝန်ယူ လုပ်ဆောင်ပေးပါတယ်။

⌂ ဆရာတို့အနေနဲ့ အဲ့ဒီဝေဒနာသည်တွေကို ဘယ်လိုနည်းမျိုးနဲ့ သတင်းကောင်းဝေမျှနေလဲ။

■■ ကျွန်တော်တို့ကတော့ အကယ်၍ ဝေဒနာသည် အသစ်တွေတယ်ဆိုရင် ကျန်းမာရေးဌာနကနေ ပေးတဲ့ဆေးကို သောက်နိုင်ဖို့ရန်အတွက် အကူအညီပေးတယ်။ နောက်ပြီး အထူးအရေးပြား ဆေးခန်းကို ပို့ပေးပါတယ်။ ဆေးသောက်ဆေးထည့်ဖို့အတွက် နီးစပ်ရာတွေက တာဝန်ယူပေးပါတယ်။ နောက်ပြီး ပတ်တီး၊ ဂွမ်းအစရှိတာတွေကိုလည်း ထောက်ပံ့ပေးပါတယ်။ ရန်ကုန်ဧရိယာဆိုရင် အဖွဲ့ချုပ်အနေနဲ့ လိုအပ်ရာများကို တာဝန်ယူပေးပါတယ်။ အခြားစင်တာတွေကတော့ အခြားရောဂါတွေပါ တာဝန်ယူပေးရပါတယ်။

⌂ ဆရာတို့အနေနဲ့ ဝေဒနာသည် ဘယ်နှစ်အိမ်ထောင် လောက်ကိုများ တာဝန်ယူဆောင်ရွက်ပေးနေလဲ။

■■ ၂၀၁၂-ခုနှစ်က လူဦးရေ ၈၀၀၀ လောက်ကို တာဝန်ယူပေးနေပါတယ်။ လူနာဦးရေကိုတော့ ဌာနကထုတ်တဲ့ လက်ကမ်းစာစောင်တွေမှာ အသေးစိတ် ကြည့်ရှုနိုင်ပါတယ်။

⌂ ဆရာတို့ ကွင်းဆင်းလုပ်ငန်းအနေနဲ့ ဘယ်လိုပုံစံမျိုး ဆရာတို့ ဆောင်ရွက်နေကြလဲ။

■■ ကွင်းဆင်းလုပ်ငန်းအနေနဲ့ကတော့ နေရာဒေသ၊ လိုအပ်ချက်တို့နဲ့ ဆိုင်ပါတယ်။ အရမ်းဝေးပြီး

စရိတ် ကြီးတဲ့နေရာတွေကတော့ ခဏခဏ မရောက်ဖြစ်ပါဘူး။ ဒါပေမယ့် အနည်းဆုံး တစ်နှစ်တစ်ခေါက်တော့ ရောက်ပါတယ်။ နီးတဲ့နေရာတွေကတော့ အလျှင်းသင့်ရင် သင့်သလို လုပ်ငန်းသဘော သဘာဝအရ သွားရတာပေါ့နော်။ သူတို့ရဲ့ ဘုတ်အဖွဲ့မှာ ကျွန်တော်တို့ လူတွေပါတဲ့အတွက် အနည်းဆုံး တစ်နှစ်တစ်ခေါက်တော့ အစည်းအဝေး သွားတက်ရပါတယ်။

ဝေဒနာသည်မိသားစုဝင်ကလေးတွေရဲ့ ပညာရေးကို ဘယ်အချိန်လောက်အထိ တာဝန်ယူပေးလဲ။

■■ အဲ့ဒါတွေနဲ့ပတ်သက်ပြီး ၂၀၀၀-ခုနှစ်မတိုင်မီက လူဦးရေ (၂၀-၂၅)လောက်နဲ့ ကိုယ်ထူကိုယ်ထ စတင်ခဲ့ပါတယ်။ ၂၀၀၃-ခုနှစ်မှာ အမေရိကန်အနာကြီးသာသနာ (ALM) နဲ့ ချိတ်ဆက်မိပြီး ကျောင်းသား (၂၀၀)လောက်နဲ့ ဆက်လက်လုပ်ဆောင်ခဲ့ပါတယ်။ ၂၀၁၂-မှာတော့ လူဦးရေ (၈၃၀) ကျောင်းထားပေးနိုင်ခဲ့ပါတယ်။ ဆယ်နှစ် အတွင်းမှာ ကျောင်းသားငါးထောင်ကျော် ကျောင်းထားပေးနိုင်ခဲ့ပါတယ်။

ဆရာ့အနေနဲ့ ဒီလုပ်ငန်းမှာ ပါဝင်လုပ်ဆောင်ရတဲ့အတွက် ဘယ်လို ခံစားချက်များရှိလဲ။

■■ ကျွန်တော့်အနေနဲ့က လုပ်ငန်းက ကြီးတဲ့အခါမှာ အနာကြီးသာသနာမှာရှိတဲ့ လူတွေကလည်း Volunteer တွေပဲ ဖြစ်တယ်။ ရုံးလုပ်သားဆိုတာက တကယ့်လုပ်ငန်းကြီးတဲ့ နေရာမှာပဲ ရှိပါတယ်။ နေရာအလိုက် ကျွမ်းကျင်တဲ့ လူတွေရှိတဲ့အတွက် ပေါ့ပေါ့ပါးပါးပဲ လုပ်ရပါတယ်။ ဆုံးဖြတ်ချက်ချတာတွေ၊ အကြံဉာဏ်တွေကတော့ ကော်မတီ ရှိတဲ့အတွက် ကိုယ်စားလှယ်တွေရဲ့ ဆုံးဖြတ်ချက်အတိုင်း လုပ်ဆောင်ရပါ တယ်။ ပျော်ရွှင်မှုနဲ့လုပ်တဲ့အခါမှာ စေတနာပါတဲ့အတွက် အောင်မြင်တယ်လို့ ယူဆရပါတယ်။ ဘယ်လိုပဲဖြစ်ဖြစ် ကျွန်တော်တို့က တာဝန်ကို မျှထမ်းရတဲ့အတွက် အလုပ်မှာ ပျော်ရွှင်မှုရှိပါတယ်။

ဆရာ့အနေနဲ့ အင်္ဂလိကန်အသင်းသူ၊ အသင်းသားတွေကို (MCLM) နဲ့ပတ်သက်ပြီး ဘယ်လိုမျိုး ပါဝင်စေချင်ပါသလဲ။

■■ အင်္ဂလိကန်တွေ အနေနဲ့ ကိုယ်စားလှယ်တွေ၊ ဘုတ်အဖွဲ့တွေမှာ ပါဝင်နေတာရှိပါတယ်။ အထူးသဖြင့်တော့ စက်တင်ဘာ ဒုတိယအပတ်မှာ ပြုလုပ်တဲ့ အနာကြီးဥပုသ်နေ့မှာ ပိုမိုပါဝင်ပေးဖို့ ဖြစ်တယ်။ တစ်ခါတရံမှာလည်း အင်္ဂလိကန်အသင်းတော်နဲ့ အချိတ်အဆက်ပြတ်တာတွေလည်း ရှိပါတယ်။ အထူးသဖြင့် နယ်အသင်းတော်တွေရဲ့ ပါဝင်မှုအားနည်းနေတာတွေကို တွေ့ရပါတယ်။ အရင်တုန်းကပြည်ပရဲ့ ထောက်ပံ့မှုကိုရတဲ့အတွက် ကလေးတွေကို ပညာရေးနဲ့ပတ်သက်ပြီး ပိုမိုထောက်ပံ့ပေးနိုင်ခဲ့တယ်။ အခုအခါမှာတော့ ပြည်တွင်းအားနဲ့ လုပ်ရတဲ့အခါကျတော့ အသင်းတော်တွေရဲ့ အခန်းကဏ္ဍက အလွန် အရေးပါလာပါတယ်။ အသင်းတော်တွေအနေနဲ့ ကူစရာနေရာတွေ လှူစရာနေရာတွေများတဲ့အတွက် တာဝန်တော့ကြီးပါတယ်။ ဒါပေမယ့် ခရစ်တော်ရဲ့အနာကြီးသာသနာပြုခြင်းကို မမေ့ဘဲ Channel တစ်ခုအဖြစ် တစ်ထောင့်တစ်နေရာမှာ ထားပြီး ပါဝင်ပေးကြဖို့ ဖြစ်ပါတယ်။

ဆရာရေ၊ မေးတာတွေလည်း စုံသလောက် တော့ ရှိပါပြီ။ နောက်ဆုံးအနေနဲ့ ဆရာတို့ရဲ့ ရှေ့လုပ်ငန်းစဉ်နဲ့ ပတ်သက်ပြီး ဘာများပြောကြားချင်ပါသေးသလဲ။

■■ ရှေ့လုပ်ငန်းစဉ်ကတော့ အထက်က ပြောခဲ့တဲ့လုပ်ငန်းစဉ်တွေကို စဉ်ဆက်မပြတ် ဆက်လက်လုပ်ကိုင်သွားဖို့ ဖြစ်ပါတယ်။ အထူးသဖြင့် ပညာရေးကတော့ လုပ်ကိုလုပ်ရမှာ ဖြစ်ပါတယ်။ ဘာဖြစ်လို့လဲဆိုရင် ရှုပါရုံအရ လူ့အသိုင်းဝန်းထဲမှာ ပြန်လည်လက်ခံဖို့ဆိုရင် ပိုက်ဆံရှိရုံနဲ့ မရနိုင်ပါဘူး။ ပညာတတ်ဖို့နဲ့ ယဉ်ကျေးသိမ်မွေ့စွာ အလုပ်အကိုင်တွေနဲ့ ဖြစ်မှ အသိုင်းအဝန်းထဲ ဝင်ဆံ့နိုင်မှာ ဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့အနေနဲ့ ပညာရေးကို တစိုက်မတ်မတ်လုပ်ဆောင်သွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် အသင်းတော်အတွင်းတွင်မကဘဲ အပြင်မှာ ပြည်သူတွေကို အနာကြီးရောဂါနဲ့ ပတ်သက်ပြီး ခွဲခြားဆက်ဆံမှုမလုပ်ကြဖို့ အမြင်ဖွင့်တာတွေ လုပ်သွားမှာ ဖြစ်ပါတယ်။ ရောဂါသည်တွေနဲ့ပတ်သက်ပြီး ဆေးမီရင် ခန္ဓာကိုယ် ပျက်စီးခြင်းက ကာကွယ်နိုင်မှာ ဖြစ်တဲ့အတွက် ကာကွယ်ရေးလုပ်ငန်းတွေဖြစ်တဲ့ ဆေးထည့်ခြင်း၊ ဆေးသောက်ခြင်းများကို ဆက်လက် လုပ်





ဆောင်သွားမှာ ဖြစ်ပါတယ်။ အဲ့ဒါကြောင့် အသင်းတော်တွေအနေနဲ့ ဆက်လက် ပါဝင်ပေးကြပါ။ ဒါတွေနဲ့ ပတ်သက်ပြီးတော့ ပိုပြီးသိချင်တယ်ဆိုရင်လည်း ကျွန်တော်တို့ကို ဖိတ်ခေါ်နိုင်ပါတယ်။

အခုလိုကျွန်တော်တို့အပေါ် သဘောထားကြီးပြီး စိတ်ရှည်ရှည်ဖြင့် ပြည့်စုံစွာ ဖြေကြား ပေးသွားတဲ့ ဆရာ့ကို ရှာလုမ်ဝိုင်းတော်သားများအားလုံးကိုယ်စား ကျေးဇူးအထူးတင်ရှိပါတယ်။

ဒီကဏ္ဍလေးအားဖြင့် ဝေဒနာသည်များအား ဖေးမကူညီသောလက်များဖြင့် တတ်နိုင်သည့်ဘက်မှ ငွေအားဖြင့်သော်လည်းကောင်း၊ ဆုတောင်းပေးခြင်းအားဖြင့်သော်လည်းကောင်း၊ ကိုယ်တိုင်ကိုယ်ကျ ပါဝင်ခြင်းအားဖြင့်သော်လည်းကောင်း ဆက်ကပ်နိုင်ကြဖို့ ဖြစ်ပါတယ်။

ကျေးဇူးအထူးတင်လျက်
ရှာလုမ်ဝိုင်းတော်သားများ


# တရားဆိုသည်မှာ နာရုံသက်သက် မဟုတ်၊ သိယုံနှင့်လည်း မပြီး စိတ်နှလုံးသားနှင့် ခံယူတတ်ရန်

အားလုံးဘဲ . . မင်္ဂလာပါ ကျွန်တော်အနေနှင့် ဒီနှစ်ရှာလုမ်မဂ္ဂဇင်းမှာ ဤသက်သေခံဝေမျှခြင်း အရာကလေးနှင့် ပါဝင်ခွင့်ရသည့်အတွက် ဘုရားရဲ့ကျေးဇူးတော်ကို ဦးစွာချီးမွမ်းပါတယ်။ ကျွန်တော်ကတော့ ယခုလက်ရှိတွင် စတုတ္ထနှစ်၌ ဓမ္မပညာရပ်များကို ဆည်းပူးလေ့လာနေသောအချိန်ဖြစ် ပါတယ်။ ဒီနှစ် ရှာလုမ်မဂ္ဂဇင်းမှာ ကျွန်တော်အနေနှင့် တရားဆိုသည်မှာ နာရုံသက်သက်မဟုတ်၊ သိယုံနှင့်လည်းမပြီး အတွင်းစိတ်နှလုံးသားဖြင့် ခံယူတတ်ရန်ဆိုသော သက်သေခံချက်ကို ဖော်ပြလိုခြင်းမှာ တခါတရံမှာသာမက ကျွန်တော်တို့ အသက်တာကို ပြန်လည်ရေတွက် စဉ်းစားတဲ့အခါမှာ ယုံကြည်သူသားသမီးတိုင်းဟာ မိမိတို့ကိုးကွယ်ယုံကြည်ရာဖြစ်သော (သို့) ဘုရားဝတ်ပြုရာနေရာသို့ အစဉ်အမြဲ လာရောက်ကြပါတယ်။ ဒီလို လာရောက်ခြင်းကလည်း ဘုရားရဲ့တရားတော် (သို့) နှုတ်ကပတ်တော်ကို ကြားနာဖို့ လာရောက်ကြခြင်း ဖြစ်ပါတယ်။ သို့သော် လာရောက်နားထောင်တဲ့သူတွေထဲမှာလည်း တစ်ဦးနှင့်တစ်ဦး စရိုက်လက္ခဏာ၊ ဆင်းရဲချမ်းသာ၊ လူတန်းစားအမျိုးမျိုး လာရောက်ကြပါတယ်။ ဘယ်လိုဘဲလာရောက်သည်ဖြစ်ပါစေ အသက်တာမှာ တရားကို နာရုံသက်သက်ဖြင့် လာရောက်ခံယူလျှင် အကျိုးသိပ်ရှိမှာ မဟုတ်မည်ကို စဉ်းစားတွေး တောမိပါသည်။ ဘာကြောင့်လဲဆိုတော့ တရားဆိုတာကို နာရုံသက်သက်မဟုတ်ဘဲ လက်တွေ့အသက်တာမှာ စိတ်နှလုံးနှင့်ခံယူပြီး ဘုရားရဲ့နှုတ်ကပါတ်တော်များ စကားတော်များကို နာခံမှုအပြည့်နှင့် လိုက်လျှောက် အသက်ရှင်ဖို့ရန် အလွန်အရေးကြီးသော အချက်ဖြစ်သည်ဟု ခံယူမိပါသည်။ ကျွန်တော်အသက်တာနှင့် ဆက်စပ်၍သက်သေခံရမည်ဆိုလျှင် ကျွန်တော်သည် ယခုအသက်အရွယ် အချိန်အထိ ဘုရားဝတ်ပြုခြင်း၌ တရားကိုနာရုံသက်သက်သာ ဖြစ်ခဲ့သောအချိန်များ ရှိခဲ့ပါသည်။ ဘုရားရဲ့တရားတော်ကို ဘယ်လို နားထောင် လိုက်လျှောက်ရမလဲဆိုသည့်အရာကို မသိခဲ့ပါ။ သို့သော် ယခုအချိန်တွင် ဘုရားသခင်၏နှုတ်ကပါတ်တော် (သို့) တရားတော်ကို နာရုံသက်သက်မဟုတ်ဘဲ အမှန်တကယ်စိတ်နှလုံးထဲ၌ စဉ်းစားဆင်ခြင်၍ လက်တွေ့ ဘဝမှာ ဘုရားရှင်တပည့်တော်အဖြစ်သို့ အသက်ရှင်နေထိုင်ရမည်ကို သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှု အားဖြင့် ခံစားထိတွေ့ ရရှိလာခဲ့ပါသည်။ ဘုရားသခင်သည် မိမိဘဝအတွက် အသွေးသွန်းခဲ့ခြင်း၊ စွန့်လွှတ် အနှစ်နာခံခြင်း၊ အသေခံခြင်း၊ ကယ်တင်ခြင်းအမှုများကို နှုတ်ကပါတ်တော်နှင့် ချိန်ထိုး၍ စဉ်းစားလိုက် သောအခါ ကျွန်တော်အသက်တာတွင် ထိုတရားတော်သည် နာရုံသက်သက် မဟုတ် အတွင်းစိတ်နှလုံးသား နှင့် ခံယူတတ်သောဘဝကို ပိုင်ဆိုင်ရရှိလာခဲ့ပါသည်။ ဒါကြောင့် ယခုနှစ် ရှာလုမ်ပရိတ်သတ်များအား ကျွန် တော်နှင့်အတူ ထပ်တူထပ်မျှခံစားတတ်လာစေရန် တရားကိုနာရုံမျှသာမဟုတ်၊ သိရုံမျှသာမဟုတ် အတွင်း စိတ်နှလုံးနှင့် သန့်ရှင်းသောဝိညာဉ်တော်၏ လမ်းပြမှုကိုခံယူပြီး တရားစစ်ကို လက်တွေ့အသက်တာတွင် ခံယူ တတ်လာစေရန်အတွက် ဝေမျှပေးလိုက်ရခြင်း ဖြစ်ပါသည်။

B.Th (IV) ဖရန်စစ်မင်းကိုဝင်း







ဦးအောင်လှထွန်း

# လုပ်လေရာတွင် အကောင်းဆုံး လုပ်ဆောင်ခြင်း

ခရစ်ယာန်တစ်ဦးသည် မည်သည့်လုပ်ငန်း၊ မည်သည့်တာဝန်ကို ထမ်းဆောင်ရသည်ဖြစ်စေ အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ရမည် ဖြစ်သည်။ သမ္မာကျမ်းစာကလည်း ကျွန်တော်တို့အား လုပ်ဆောင်လေရာတွင် အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်ရန် တိုက်တွန်းနှိုးဆော်ထားပါသည်။ ကျွန် တော်တို့သည် မိမိကိုယ်တိုင်အတွက်လည်းကောင်း၊ အခြားလူများအားလုံးအတွက်လည်းကောင်း အ ကောင်းဆုံးဖြစ်ရန်အတွက် စံချိန်စံနှုန်းများသတ်မှတ်၍ အသက်ရှင်ခြင်းပြုရန် ခေါ်တော်မူခြင်းကို ခံရသည့် လူများဖြစ်၏။ ဖိလိပ္ပိ(၁း၁၀)တွင် ရှင်ပေါလုက ဆုတောင်းခြင်းပြုရာ၌ အကောင်းဆုံးဖြစ်သောအရာများကို လက်ခံနိုင်သည့် အရည်အသွေးရှိရန် ဆုတောင်းပေးခဲ့သည်ကို တွေ့ရ၏။ ရှင်ပေါလုက "သင်တို့သည် အမြတ်ဆုံးသောအရာကို ရွေးယူနိုင်အပ်သောငှာ အသိပညာဝေဖန်ပိုင်းခြားတတ်သော ဥာဏ်ရည်တို့နှင့် ပြည့်စုံ၍ မေတ္တာပါရမီတိုးသည်ထက် တိုးလာကြစေရန် သင်တို့အတွက် ငါဆုတောင်းပဌာ ပြုပါသည်၊ အပြစ်ဆိုဖွယ်ရန်မရှိ။ အညစ်အကြေးနှင့်ကင်းစေမည့်အကြောင်း" ဆုတောင်းခြင်းကို ပြုလုပ်ခဲ့၏။

ကာလောသဲ (၃း၁၇)တွင်လည်း ရှင်ပေါလုက ကျွန်တော်တို့အားလုံး ဆိုဆုံးမခဲ့ခြင်းပြုရာ၌ " သင်-တို့သည် ပြောဆိုမှုပြုရာတွင် သခင်ယေရှုခရစ်၏ နာမတော်ကိုထောက်၍ ပြောဆိုမှုပြုကြလော့။ ထိုအရှင်ကို အမည်ပြု၍ အဖဘုရားသခင်၏ ကျေးဇူးတော်ကို ချီးမွမ်းကြလော့" ဟု ပြောဆိုခဲ့၏။ ဤသို့ မြင့်သောစံချိန်ကို ဘယ်နေရာမှ ရှာတွေ့နိုင်မည် မဟုတ်ပေ။

သို့ရာတွင် ကျွန်တော်တို့အားလုံးလိုလိုသည် လက်တွေ့အသက်ရှင်ရာ၌ ဤကဲ့သို့ လိုက်နာကျင့်သုံးခြင်း မပြုခဲ့သည် အချိန်အခါများစွာ ရှိကြသည်ကို ဝန်ခံကြရမည် ဖြစ်၏။ ထို့ကြောင့် ဤမိန့်ဆိုချက်နှင့်အညီ အသက်ရှင် လိုက်လျှောက်နိုင်ရန်အတွက် ခရစ်ယာန်ခေါင်းဆောင်များအနေနှင့် မည်ကဲ့သို့ လက်တွေ့ ကျင့်သုံးနေကြပါသနည်း။ ကျွန်တော်တို့အနေနှင့် အကောင်းဆုံးလုပ်ဆောင်ခြင်းဆိုသော စကားနှင့်ပတ်သက်၍ အဓိပ္ပါယ် ဖွင့်ဆိုချက်အချို့ကို ဦးစွာပထမ စဉ်းစားဆင်ခြင်သင့်၏။

### အကောင်းဆုံးလုပ်ဆောင်ခြင်းသည် အတိုင်းအတာတစ်ခုဖြစ်၏။

ပထမအချက်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းဆိုသည်မှာ အတိုင်းအတာတစ်ခုဖြစ်သည်ကို သိရှိရမည်ဖြစ်၏။ ဤအချက်ကို အဓိပ္ပါယ်ဖွင့်ဆိုခြင်းပြုရန် လိုအပ်၏။ ကျွန်ုပ်တို့နေ့စဉ်နှင့်အမျှလုပ်ဆောင်လျက်ရှိသော အလုပ်များကို အဘယ်မျှကောင်းစွာ လုပ်ကိုင်သနည်းဟု မေးမြန်းခြင်းပြုပါကဘဝနှင့်နှိုင်း၍ ပြောရမည်နည်းဟု ပြန်၍ ဖြေကြားလေ့ရှိ၏။

ထို့နည်းတူ အကောင်းဆုံးလုပ်ဆောင်ခြင်းဆိုသည်မှာလည်း ဤကဲ့သို့ပင် ဖြစ်၏။ ဤကဲ့သို့လုပ်ဆောင်မှုတွင် စံချိန်စံညွှန်းတစ်ခုရှိ၏။ တစ်ချိန်တည်း၌ပင် အကောင်းဆုံးဖြစ်ခြင်းသည် ဆန့်ကျင်ဘက်အားဖြင့် အရည်အသွေး ညံ့ဖျင်းခြင်းကိုလည်း အတိုင်းအတာတစ်ခုအဖြစ် ဖော်ညွှန်း၏။ ထို့ကြောင့် ခေါင်းဆောင်ခြင်းပြုရာ၌လည်းကောင်း၊ လုပ်ဆောင်သည့်အခြေအနေကို ပြောဆိုရာတွင်လည်းကောင်း၊ အကောင်းဆုံးထက်လျော့နည်းသည်၊ ဖြစ်နိုင်သည်ထက် လျော့နည်းသည်၊ ဖြစ်သင့်သည်ထက် လျော့





နည်းသည် စသည်ဖြင့် နှိုင်းယှဉ်၍ပြောဆိုလေ့ ရှိကြသည်။ ထို့ကြောင့် လူတို့၏ လုပ်ဆောင်မှုမှန်သမျှကို အကောင်းဆုံးနှင့်နှိုင်းယှဉ်၍ လုပ်ဆောင်သည့် အရည်အသွေးကို တိုင်းတာခြင်း ပြုလုပ်လေ့ရှိ၏။

### အကောင်းဆုံးလုပ်ဆောင်ခြင်းသည် ပန်းတိုင်တစ်ခုကို ရည်မှန်း၍ လုပ်ဆောင်၏။

ဒုတိယအချက်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းသည် ပန်းတိုင်တစ်ခု (သို့) ရည်ရွယ်ချက်တစ်ခုကို အခြေခံ၍မှန်းဆပြီး သတ်မှတ်လုပ်ဆောင်လေ့ရှိ၏။ အကောင်းဆုံးလုပ်ဆောင်ခြင်းဟု ပြောဆိုရာတွင် စဉ်းစားနိုင်သည်ထက် အမှန်တကယ်လုပ်နိုင်သည်ထက် မျှော်မှန်း၍ ကြည့်ရှုပြီး လုပ်ဆောင်နိုင်သည့်အတိုင်းအတာ၊ ဖြစ်သင့်သည့် အတိုင်းအတာနှင့် ချိန်ထိုး၍ ရှုမြင်လေ့ရှိ၏။ အကောင်းဆုံးလုပ်ဆောင်ခြင်းသည် သတ်မှတ်ထားသော ပန်းတိုင်ကို ရောက်ရှိရန် အကောင်းဆုံး ကြိုးစား လုပ်ဆောင်ခြင်း ဖြစ်၏။

### အကောင်းဆုံးလုပ်ဆောင်ခြင်းပြုရာတွင် ဦးစားပေးများကို သတ်မှတ်၍ လုပ်ဆောင်ခြင်းပြုရမည် ဖြစ်သည်။

တတိယအချက်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းပြုရာ၌ ဦးစားပေးကိုချမှတ်၍ လုပ်ဆောင်ပြုရမည် ဖြစ်၏။ ဤသို့လုပ်ဆောင်ခြင်းသည် မိမိလုပ်ဆောင်သည့်အလုပ်ကို အကောင်းဆုံး လုပ်ဆောင်ခြင်းနှင့်သာ သက်ဆိုင်သည်မဟုတ် ထားရှိသော ပန်းတိုင်များထဲမှ အကောင်းဆုံးကိုရွေးချယ်၍ လုပ်ဆောင်ခြင်းတွေလည်း သက်ဆိုင်၏။ ပန်းတိုင်များထဲတွင် ဘုရားသခင်၏နာမတော်ကို ထောမနာပြုရန် ပါရှိသကဲ့သို့ လုပ်သင့်လုပ်ထိုက်သည့် လုပ်ငန်းများလောက် အရေးမပါသည့် ပန်းတိုင်အချို့လည်းရှိနေပေသည်။ လူအားလုံးအတွက် ပန်းတိုင် တစ်ခု-ကို လုပ်ဆောင်ခြင်းကသာ အကောင်းဆုံးလုပ်ဆောင်မှုဖြစ်သည်ဟု ပြောဆို၍မရပေ။ လူတိုင်းတွင် ကဏ္ဍတစ်ခုစီ၌ အကောင်းဆုံး လုပ်ဆောင်နိုင်သည့် အရည်အသွေးနှင့် စွမ်းအားများ ရှိနေပေသည်။ ကျွန်ုပ်တို့သည် အသက်တာတွင် များစွာသော အလုပ်များကို တစ်ချိန်တည်း လုပ်ဆောင်ရန် ခေါ်ယူ



ခြင်းကို ခံရကြ၏။ သို့ရာတွင် ဤသို့လုပ်ဆောင်ရသည့်အထဲမှ အချို့အရာများကို အကောင်းဆုံး လုပ်ဆောင်ရန် ဘုရားရှင်က မျှော်လင့်ထားပေသည်။ ဥပမာအားဖြင့်ဆိုသော် ဆုတောင်းရာ၌ ထူးချွန်ခြင်း၊ အကောင်းဆုံးလုပ်ဆောင်ခြင်း။ ထို့နည်းတူ သမ္မာကျမ်းစာထဲ၌ ပါရှိသောကျမ်းစောင်တစ်ခုကို ထူးထူးခြားခြား သိတတ်နားလည်ခြင်း၊ အကောင်းဆုံး ဖော်ပြနိုင်ခြင်း (သို့) မိမိရရှိထားသော ဆုကျေးဇူး တစ်ခုကို အကောင်းဆုံးအနေအထားသို့ ရောက်ရှိအောင် ပြုစုပျိုးထောင်၍ အသုံးပြုခြင်းစသည်တို့ ဖြစ်သည်။ (လူအချို့တို့သည် ကြီးမားသောဆုကျေးဇူးများကို အရရှိထားသော်လည်း ဤဆုကျေးဇူးများကို အကောင်းဆုံးအခြေအနေရောက်အောင် ပြုစု၍ အသုံးပြုရန် ပျက်ကွက်ကြ၏။ ပျင်းရိကြ၏။ ဥပေက္ခာပြုကြ၏။

### အကောင်းဆုံးလုပ်ဆောင်ခြင်းသည် နည်းစဉ်တစ်ခုဖြစ်၏။

စတုတ္ထအချက်အနေဖြင့် အကောင်းဆုံးလုပ်ဆောင်ခြင်းသည် စွမ်းဆောင်ချက်တစ်ခု ဖြစ်သည်ထက် နည်းစဉ်တစ်ခုဖြစ်၏။ ထိုနည်းတူစွာ စီမံခန့်ခွဲခြင်းသည်လည်း နည်းစဉ်တစ်ခုဖြစ်၏။ နည်းစဉ်ဆိုသည်မှာ တစ်ခုပြီးတစ်ခု ဆက်၍လုပ်ရသော လုပ်ငန်း ဖြစ်၏။ သမိုင်းဖြစ်စဉ်များအား ပြန်၍လေ့လာကြည့်မည်ဆိုပါက ပုဂ္ဂိုလ်တစ်ဦး (သို့) ဖြစ်ရပ် တစ်ခုတည်း အကောင်းဆုံးဖြစ်သည်ဟု ပြောဆိုနိုင်သည့် အချိန်များရှိခဲ့သည့်နည်းတူ ဆက်လက်၍လည်း လူသားများအနေနှင့် အကောင်းဆုံး အနေအထားကို ရရှိရန် ကြိုးစားအားထုတ်ရန်ကိုလည်း ဤအချက်က နောက်ကွယ်မှ တွန်းအားပေးလျက်ရှိပေသည်။

"ညီအစ်ကိုတို့ ငါသည် ထိုဆုကို ရရှိပြီးဟု မထင်မမှတ်၊ ငါပြုသောတစ်ခုတည်းသောအရာကား ငါသည် နောက်၌ရှိသောအရာတို့ကို မေ့ပစ်ပြီးလျှင် ရှေ့၌ရှိသောအရာသို့ ရောက်ခြင်းငှာ အစွမ်းကုန် ကြိုးစား၏။ သို့ဖြစ်၍ ငါသည် ဆုကိုရရန် ပန်းတိုင်သို့ ရှေ့ရှု၍ပြေး၏။ ထိုဆုကား အထက်အရပ်၌ အသက်ရှင်ရင်းအတွက် ခရစ်တော်ယေရှုအားဖြင့် ဘုရားသခင်ဖိတ်ခေါ်တော်မူခြင်း" ပင်ဖြစ်သည်။ ဖိလိပ္ပိ (၃း၃-၁၄) ဟု ရှင်ပေါလုက မိန့်ဆိုခဲ့၏။

### အကောင်းဆုံးလုပ်ဆောင်ခြင်းသည် အသက်တာ၏ ပုံစံတစ်ခု ဖြစ်သင့်၏။

ပဥ္စမအချက်အနေနှင့် အကောင်းဆုံး လုပ်ဆောင်ခြင်းသည် အသက်တာ၏ပုံစံတစ်ခုနှင့် သက်ဆိုင်သည်ကို သိရှိရမည် ဖြစ်၏။ သင့်ကိုယ်သင် သိရမည်ဖြစ်၏။ သင်၏အသက်တာပုံစံသည် အဘယ်နည်း။ အဘယ်ကဲ့သို့ ဖြစ်သနည်း။ လူတစ်ဦးနှင့်တစ်ဦး များစွာကွဲပြားခြားနား ကြ၏။ ကွဲပြားသောဆုကျေးဇူးများကို ရရှိကြ၏။ ကွဲပြားသော ခေါ်တော်မူခြင်းကိုလည်း ခံကြရ၏။ ပွင့်ပွင့်လင်းလင်း ပျူငှာစွာဆက်ဆံတတ်သောသူများ ရှိသကဲ့သို့ တစ်ကိုယ်တည်းနေချင်သော သူများလည်း ရှိကြ၏။ တွေးတောတွေဝေနေသော သူများရှိသကဲ့သို့ လုပ်ကိုင်လိုသူများ ရှိကြ၏။ ခေါင်းဆောင်များရှိသကဲ့သို့ နောက်လိုက်များရှိကြ၏။ စူးစမ်းဆင်ခြင်လိုသော သူများရှိသကဲ့သို့ သင်ကြားပေးသူများ၊ သင်ကြားလိုသော သူများလည်း ရှိ၏။

အချို့တို့သည် လက်ရှိအခြေအနေထက် ရှေ့သို့ရောက်နေတတ်၏။ အချို့တို့မှာမူ နောက်တွင်ကျန်နေတတ်၏။ အချို့တို့မှာ တေးဂီတဆရာတစ်ဆူဖြစ်သော်လည်း လူအချို့တို့မှာ ဤကဲ့သို့မဟုတ်ကြပေ။ အချို့တို့မှာ တရားဟောအလွန်ကောင်းသော်လည်း အချို့တို့မှာ မဟောတတ်ကြပေ။ အချို့တို့မှာကြီးကျယ်သော သဘောတရားသစ်များကို ဆင်ခြင်တွေးတောသူများဖြစ်ပြီး အချို့မှာ အသေးစိတ်ကို ကြည့်တတ်သူများလည်း ရှိပေသည်။ သို့ရာတွင် ကျွန်ုပ်တို့တစ်ဦးစီသည် အကောင်းဆုံး လုပ်ဆောင်ခြင်းပြုသည်ဟု ဆိုရာ၌ ဘုရားသခင် ချပေးတော်မူသော ဆုကျေးဇူးနှင့်အညီ အကောင်းဆုံး လုပ်ဆောင်ခြင်းပင် ဖြစ်သည်။

### အကောင်းဆုံးလုပ်ဆောင်ခြင်းသည် လှုံ့ဆော်တိုက်တွန်းခြင်းနှင့် သက်ဆိုင်၏။

ဆဋ္ဌမအချက်အနေနှင့် အကောင်းဆုံး လုပ်ဆောင်ခြင်းသည် လှုံ့ဆော်တိုက်တွန်းခြင်းနှင့် သက်ဆိုင်၏။ အကောင်းဆုံးလုပ်ဆောင်ခြင်းကို အလွယ်တကူပြုလုပ်၍ မရနိုင်ပေ။ အကောင်းဆုံးလုပ်ဆောင်ရာတွင် ပထမလုပ်ဆောင်မှု ၈၀% သည် လွယ်ကူစွာ

ဖြစ်မြောက်သွားသည်ကို တွေ့ရသော်လည်း နောက်ထပ်၁၅%ကောင်းမွန်လာအောင် ထပ်တိုး၍ ပြုလုပ်ခြင်းသည် ခက်ခဲ၏။ ၁၀၀%သို့ အပြည့်ရောက်ရှိရန်အတွက်မူ မြင့်မားစွာလှုံ့ဆော်တိုက်တွန်းခြင်းခံရသည့် ပုဂ္ဂိုလ်များသာ ရောက်ရှိနိုင်၏။ ကျွန်ုပ်တို့အားလုံးလိုလိုသည် အကောင်းဆုံးကိုလုပ်ဆောင်နိုင်သည့်အတွက် ရှင်လန်းဝမ်းမြောက် ခြင်းဖြစ်ရသည့်ခံစားချက်မျိုးမှာ အလွန်ရခဲသည့် အတွေ့အကြုံတစ်ခုဖြစ်၏။ အလွယ်တကူ လုပ်ဆောင်နိုင်သည့် ပန်းတိုင်များသည် လူတစ်ဦးအား စိတ်အတွင်း၌ ကျေနပ်နှစ်သိမ့်မှုကို အနည်းငယ်ကိုသာပေးနိုင်၏။ ထို့ကြောင့် ကျွန်ုပ်တို့သည် ပြီးခဲ့သည့်အရာများကို နောက်တွင်ချန်ထားပြီး ရှေ့တွင်ဆက်၍ မြင့်မားသည့် တိုက်တွန်းလှုံ့ဆော်မှုဖြင့် ရှေ့ဆက်၍ လုပ်ဆောင်ရမည်ဖြစ်၏။ ဘုရားသခင်ထံ ရှေ့ရှုအသက်ရှင်ရမည် ဖြစ်၏။ ရိုးရိုးကျင့် မြင့်မြင့်ကြံပါ။ မြင့်မြတ်သည့် ဘုရားသခင်ကို ယုံကြည်ကိုးစားရမည် ဖြစ်သည်။ ဘုရားသခင်သည် အရာရာထက် အလွန်ကြီးမြတ်ကြောင်းကို သတိရနေရမည် ဖြစ်၏။

**အကောင်းဆုံးလုပ်ဆောင်ခြင်းတွင် တာဝန်ရှိ၏၊ တာဝန်ယူရန်လိုအပ်၏။**

သတ္တမချက်အနေနှင့် အကောင်းဆုံးလုပ်ရန် လူတိုင်း၌တာဝန်ရှိ၏။ တာဝန်ယူရန်လည်း လိုအပ်၏။ တာဝန်ယူသည်ဟုဆိုရာ၌ မိမိကိုယ်တိုင်က စိတ်အတွင်း၌ သတ်မှတ်ထားသောစံချိန် (သို့) အုပ်စုတစ်စုက သတ်မှတ်ထားသော စံချိန်နှင့် ကိုက်ညီအောင် လုပ်ဆောင်ရန် တာဝန်ရှိ၏။ သို့ရာတွင် ကျွန်ုပ်တို့ခရစ်ယာန်များသည် မကြာခဏ ဤအချက်ကို သတိပြုရန် ပျက်ကွက်ကြသည်။ အကောင်းဆုံးလုပ်ဆောင်ခြင်းသည် အတိုင်းအတာတစ်ခုဖြစ်၍ တာဝန်ယူရမည့် စံချိန်သည်လည်း ရှိ၏။ ထို့ကြောင့် စံချိန်နှင့်အညီ လုပ်ဆောင်ခြင်းရှိမရှိ လုပ်မလုပ် ဆိုသည့်အချက်ကသာ ဆုံးဖြတ်ပေး၏။

အကောင်းဆုံးလုပ်ဆောင်ခြင်းတွင် ပန်းတိုင်တစ်ခုရှိရန် လို၏။ ဤသို့ထားရှိခြင်းသည် အခြားသူများအတွက် မိမိကတာဝန်ယူ လုပ်ဆောင်ပေးခြင်းဖြစ်၏။ (က)အကောင်းဆုံးလုပ်ဆောင်ခြင်းတွင် ဦးစားပေးထားရှိရန် လိုအပ်၏။ ထို့ကြောင့် အသက်တာသည် ဘယ်အရာကိုပထမထား၍ လုပ်ဆောင်ရမည်ကို သိရမည်ဖြစ်၏။ (ခ)အကောင်းဆုံးလုပ်ဆောင်ခြင်းသည် နည်းစဉ်တစ်ခုဖြစ်၏။ ထို့ကြောင့် တိုးတက်မှုရှိရန်ဆက်တိုက်ကြိုးစား လုပ်ဆောင်ရန်လိုအပ်သကဲ့သို့ တိုးတက်မှုကို ဆက်တိုက်စစ်ဆေးသုံးသပ်ခြင်းကိုလည်း ပြုနေရမည် ဖြစ်၏။ အကောင်းဆုံးဖြစ်ရန် ထားရှိသော ပန်းတိုင်ကို ကျွန်ုပ်တို့အနေနှင့် မည်သို့ တုန့်ပြန်ရမည်နည်း။

(၁) သင်၏ပန်းတိုင်များကို ရှင်းရှင်းလင်းလင်းသိအောင် ပြုလုပ်ရမည်။ သင်သည် အရာရာတိုင်းကို မပြုလုပ်နိုင်ကြောင်း သိရမည်။ ဤအတွက်လည်း ဘာမှစိုးရိမ်စရာမရှိပေ။

(၂) သင်ဖြစ်မြောက်အောင် လုပ်ဆောင်ရမည့်ပန်းတိုင်များထဲမှ ထိပ်တန်းဦးစားပေးပန်းတိုင်ကို ဆုံးဖြတ်ရမည်။ ဤပန်းတိုင်ကို ရောက်ရှိအောင် အကောင်းဆုံးလုပ်ဆောင်ရမည်။

(၃) သင်အဘယ်သူနည်း (သို့) သင်အားဘုရားသခင်က အဘယ်ကဲ့သို့ဖန်ဆင်းထား၍ ဘာကို လုပ်ဆောင်စေလိုသနည်းဆိုသည်ကို ဆုံးဖြတ်ခြင်း ပြုလုပ်ရမည်။ ထို့နောက် ဤဆုံးဖြတ်ချက်ကို အကောင်းဆုံးဖြစ်အောင် လုပ်ဆောင် ရမည်။

(၄) ကျွန်ုပ်တို့သည် ခရစ်ယာန်တစ်ဦးအနေနှင့် အကောင်းဆုံးဖြစ်အောင် ကြိုးစားလုပ်ဆောင်ရမည့် လုပ်ငန်းကို သိမြင်အောင် ရှုမြင်တတ်ရမည်။ အချို့အရာများသည် တစ်ခြားအရာများထက် ပိုမိုကောင်းမွန်သာလွန်သည် ဆိုသောအချက်ကို ဆုံးဖြတ်နိုင်ရန်အတွက် ရှင်ပေါလုက ဖိလိပ္ပိ(၁း၉)တွင် သင်တို့သည် အမြတ်ဆုံးသောအရာကို ရွေးယူနိုင်အံ့သောငှာ အသိပညာပိုင်းခြားဝေဖန်တတ်သော စွမ်းရည်တို့နှင့်ပြည့်စုံ၍ မေတ္တာပါရမီတိုးသည်ထက် တိုးလာစေရန် သင်တို့အတွက် ပဌနာပြုပါသည်။ သို့မှသာလျှင် သင်တို့သည် ခရစ်တော်ကြွလာတော်မူသော နေ့ရက်၌ အပြစ်ဆိုဖွယ်မရှိ။ တစ်နည်းဆိုသော် အကောင်းဆုံးအနေအထား၌ ရှိနေရန် ဆုတောင်းပေးခြင်း ဖြစ်၏။ အညစ်အကြေးနှင့်ကင်းစင်လိမ့်မည်ဟု ဖော်ပြထားသည်။

ထို့ကြောင့် ကျွန်ုပ်တို့ထားရှိရမည့် ရည်ရွယ်ချက်သည် ဘုရားသခင်၏ ဘုန်းဂုဏ်တော်ကို ထင်ရှားရန် ချီးမွမ်း ထောပနာပြုရန် ဖြစ်၏။ ကျွန်ုပ်တို့၏ ပန်းတိုင်သည် လုပ်လေလေရန်တွင် အကောင်းဆုံးဖြစ်ရန် လုပ်ဆောင်ခြင်း ဖြစ်၏။

ဦးအောင်လှထွန်း





ယနေ့လူ့ဘောင်အဖွဲ့အစည်းအတွင်းမှာ ဘဝမှန်တိုင်းပြင်းထန်စွာ တိုက်ခတ်နေချိန် စိန်ခေါ်မှုတွေ ရှုပ်နေချိန် ပြောင်းလဲမှုတွေလျှင်မြန်နေချိန်မှာ အမှန်ကို မြင်နိုင်ပါစေ။ အမှန်မြင်မှ အမြင်မှန်မှာနော်။ လူငယ်ဆိုတာ အနာဂတ်ရဲ့ခေါင်းဆောင်များဖြစ်တယ်။ လူငယ်များကို တိုင်းပြည်က အားထားတယ်။ ယနေ့လူငယ်တွေ အမှန်မြင်နိုင်ဘို့အတွက် လူငယ်သုံးမျိုးအကြောင်း ပြောပြချင်တယ်။ တစ်ယောက်ကလူမိုက်၊ တစ်ယောက်က လူလိမ္မာ၊ တစ်ယောက်ကပညာရှိဆိုတဲ့လူငယ်သုံးယောက်အကြောင်း။ ကိစ္စတစ်ခု၊ အဖြစ်အပျက်တစ်ခု၊ အချိန်တစ်ခု၊ အခြေအနေတစ်ခုနဲ့ကြုံတဲ့အခါ လူမိုက်က ဘယ်လိုပြုမူတယ်။ လူလိမ္မာက ဘယ်လိုစဉ်းစားတယ်။ ပညာရှိက ဘယ်လိုရှင်သန်နေတယ်ဆိုတာကို ခွဲခြား ပြထားတယ်။ ရွေးချယ်ရမှာ ကိုယ့်အလုပ် ဆုံးဖြတ် ရမှာ ကိုယ့်တာဝန် ရုန်းကန်ရမှာက ကိုယ့်အရည်အချင်း ရပ်တည်ပြရမှာက ကိုယ့်သတိ ဖြစ်တယ်။ အောင်မြင် သူဖြစ်ဘို့ကြိုးစားရင်း၊ စိတ်ထားမတတ်လို့ သောကပွေစရာ ဒုက္ခရောက်စရာ အမှုအခင်းတွေ မဖြစ်အောင် စဉ်းစားတွေးဆတို့ ပြောပြထားတယ်။ ဒီအကြောင်းအရာလေးတွေကို တွေးရင်း စိတ်လေ့ကျင့်ခန်းလုပ်ပြီး လူ့သိက္ခာကို တည်ဆောက်ကြည့်ရအောင်။ တွေးယူခြင်း၊ ကြံဆခြင်း၊ စဉ်းစားခြင်းဟာတကယ်တော့ လူတစ်ဦး တစ်ယောက်အတွက် မရှိမဖြစ်လုပ်ရမဲ့ လေ့ကျင့်ခန်းတစ်ခုပါ။

# ယနေ့လူငယ်တို့ ကြံ့ခိုင်ချမ်းစွာရှင်သန်ရေး

ဒေါ်စည်စည်လှဘိုးကဲ



မလုပ်ခင်စဉ်းစား။
စဉ်းစားပြီး လုပ်။
လုပ်ပြီးပြန်စဉ်းစား။

ပညာရှိတွေက ဒီလိုဆိုတယ်။ ဒါပေမယ့် လူဆိုတာတစ်ခါတစ်ခါလူမိုက်ဖြစ်ပြီး၊ တစ်ခါတစ်ခါတော့လူလိမ္မာ၊ တစ်ခါတစ်လေကျတော့ ပညာရှိဖြစ်နေတတ်ပါတယ်။ ဒါတွေကြောင့် ပတ်ဝန်းကျင်မှာ ပဋိပက္ခတွေ ဖြစ်နေကြတာပေါ့။ ယနေ့ပြောင်းလဲမှုဖြစ်စဉ်နဲ့ စိန်ခေါ်မှုတွေရှုပ်ထွေးနေချိန်မှာ လူမိုက်၊ လူလိမ္မာ၊ ပညာရှိဟာတစ်ယောက် တည်းဖြစ်နေတတ်ပါတယ်။

လောကသားပီပီ၊ အမြဲတမ်း၊ တသမတ်တည်း လူမိုက်ဖြစ်မယ်။ ပညာရှိဖြစ်မယ်လို့ပြောလို့မရကြောင်းကို တော့ သတိမူရမှာ ဖြစ်တယ်။

ဒါကြောင့်ဆွေးနွေးထားတဲ့ လူသုံးမျိုးထဲက မိမိအတွက်၊ မိမိအိမ်ထောင်အတွက်၊ မိမိအသင်းတော်အတွက်၊ မိမိတိုင်းပြည်အတွက်၊ ငြိမ်းချမ်းစွာအသက်ရှင်သန်နိုင်ဘို့ စိတ်ခါတ်လေ့ကျင့်ခန်းလေးလုပ်ကြည့်ရအောင်။ စိတ်ခါတ် ရှင်သန်မှ လုပ်ရပ်မှန်မယ်။ စိတ်ကငြိမ်းချမ်းမှ ကိုယ်ငြိမ်းချမ်းမယ်။ ယနေ့လူငယ်တွေငြိမ်းချမ်းမှုကို ကြိုးစားတည် ဆောက်ကြရတော့မယ်။ စိတ်တွေမငြိမ်းချမ်းတဲ့အချိန်

ကိုယ်လည်းမငြိမ်းချမ်းတဲ့အခြေအနေ
လုပ်ရပ်တွေလည်း မငြိမ်းတော့
ကမ္ဘာကြီးလည်း မငြိမ်းချမ်းတော့ဘူး။
ကမ္ဘာကြီးငြိမ်းချမ်းဘို့ လူတိုင်းမှာတာဝန်ရှိတယ်။

အဓိကလူငယ်မှာ တာဝန်ရှိတယ်။ ယနေ့လူငယ်တို့ငြိမ်းချမ်းစွာ ရှင်သန်ရေးဟာ မနက်ဖန် ကမ္ဘာကြီးငြိမ်းချမ်းစွာ ရလာဒ်ဖြစ်မယ်။ မနက်ဖန်ကိုပိုင်စိုးတာက ယနေ့လူငယ်တွေဖြစ်တယ်ဆိုတာ ခံယူတတ်စေချင်တယ်။ ဒါကြောင့် ငြိမ်းချမ်းရေးကို ဦးဆောင်မဲ့စိတ်ခါတ်ကို အလင်းစေတမန် ဖြစ်နိုင်စေရန် လေ့ကျင့်ကြစို့။

ကိုယ့်ကိုကိုယ်မသိခြင်း

လူမိုက်တွေက - သူတို့ရှင်သန်နေတဲ့ဘဝကို လုံးဝနားမလည်ဘူး။
သူတို့မှာ သောကတွေဘဲ ရှာလို့တွေ့တယ်။

လူလိမ္မာကတော့ - ကိုယ့်ကိုကိုယ်သိဖို့ သင်ယူနေထိုင်ကြတယ်။
ကိုယ့်ကိုကိုယ် မောင်းနှင်ရင်း ဗျာများနေကြတယ်။

ပညာရှိကတော့ သူတို့နေထိုင်တဲ့ဘဝမှာ ခဏတာဖြစ်မှုကို မြင်တယ်။ အစွမ်းရှိသလောက် အသုံးချပြီး ချန်ထားခဲ့ကြတယ်။။

အတွေးများ

လူမိုက်တွေက - လုပ်ပြီးမှစဉ်းစားတယ်။
မဆုံးနိုင်တဲ့ဒုက္ခနဲ့ အမှားတွေဆီ ဦးတည်ကြတယ်။

လူလိမ္မာကတော့ - မလုပ်ခင်စဉ်းစားတယ်။
သူတို့ရဲ့အတွေးတွေက သူတို့ရဲ့သတ္တိကို ခဏခဏ ဖျက်ဆီးခံရတယ်။

ပညာရှိကတော့ - အတွေးထဲက ထုတ်နုတ် အလုပ်လုပ်ကြတယ်။
လုပ်နေတုန်းလည်း စဉ်းစားတယ်။ အချိန်နဲ့စွမ်းအားကို မဖြုန်းတီးဘူး။
ဒါကြောင့် အောင်မြင်နေရကြတယ်။

အတွေးရေအလျဉ်

လူမိုက်တွေက - အတွေးထဲမှာ အဆုံးအစမဲ့လိုက်ပါကြတယ်။





လူလိမ္မာက - အတွေးအသစ်တွေဖန်တီးတယ်။
သူတို့ရဲ့တွေးရေအလျဉ်ကို စီမံခန့်ခွဲကြတယ်။

ပညာရှိကတော့ - အတွေးထဲက အကျိုးအမြတ်ကို အကောင်းဆုံး ထုတ်နုတ်ကြတယ်။

စကားပြောခြင်း

လူမိုက်တွေကတော့ - အငြင်းအခုံသန်တယ်။ ဆန့်ကျင်ဘက်တွေ ဖန်တီးတယ်။

လူလိမ္မာကတော့ - မေးမြန်းတတ်တယ်။ ဗဟုသုတရတယ်။

ပညာရှိကတော့ - ဆိတ်ငြိမ်စွာ စဉ်းစားနေတတ်တယ်။ သင့်တင့်စွာ အကြံပေးတတ်တယ်။

ဝေဖန်မှု

လူမိုက်တွေက - တခြားလူတွေကို ဝေဖန်ပြစ်တင်ချင်ကြတယ်။
ဒါကြောင့် ရိုးသားတဲ့ မိတ်ဆွေမရရှိကြဘူး။

လူလိမ္မာတွေက - သူတို့ကိုယ်ကိုပြစ်တင်ဝေဖန်တယ်။ အခြားသူတွေက
သူ့ကိုနားလည်ရခက်လို့ အထီးကျန်ဖြစ်ရတယ်။

ပညာရှိကတော - ဝေဖန်ပြစ်တင်မှု မလုပ်ဘူး။ ဝေဖန်ပြစ်တင်မှုကို သူ့အတိုင်းထားတယ်။
ဒါကြောင့် တကယ့်မိတ်ဆွေတွေရတယ်။

ပန်းတိုင်

လူမိုက်တွေက - ငွေအတွက် အလုပ်လုပ်ကြတယ်။ ဒါကြောင့် သူတို့ငွေဘဲရတယ်။
တစ်ခြားဘာတန်ဘိုးမှမရှိဘူး။

လူလိမ္မာတွေက - ကံကြမ္မာတိုးတက်ကောင်းမွန်ဘို့ အလုပ်လုပ်တယ်။
ငွေကြေးနဲ့အောင်မြင်မှုက နောက်ကလိုက်လာတယ်။

ပညာရှိကတော့ - ကောင်းမြတ်မှုနဲ့ လူ့ကျင့်ဝတ်သိက္ခာအတွက် အလုပ်လုပ်တယ်။
သူတို့မှာ မိတ်ဆွေ၊ အောင်မြင်မှု၊ ပျော်ရွှင်မှုနဲ့ ငွေကြေးပြန်ရကြတယ်။

ချမ်းသာမှု

လူမိုက်တွေက - ချမ်းသာဖို့ဖြတ်လမ်းနည်းကိုသုံးတယ်။
ဒါပေမဲ့ဆင်းရဲမှုဆီ ဖြတ်လမ်းနည်းနဲ့ ရောက်သွားတယ်။

လူလိမ္မာတွေက - ချမ်းသာဖို့ စနစ်တကျ နည်းလမ်းချပြီး လုပ်တယ်။
စနစ်မှားရင်တော့ ချမ်းသာမှုဆိုသည်မှာလည်း ပျောက်ဆုံးသွားတာဘဲ။

ပညာရှိကတော့ - လူ့သိက္ခာကိုအမြဲမပြတ် ချမ်းသာခြင်းအဖြစ် ရှာဖွေတယ်။
စိတ်ကျေနပ်မှုကို ချမ်းသာကြတယ်။
တိုးတက်အောင်ကြိုးစားလို့ စဉ်ဆက်မပြတ် ချမ်းသာကြတယ်။

ဘဝနေနည်း

လူမိုက်တွေက - တစ်ခြားလူကို လှည့်ပတ်တတ်တယ်။
ဒါကြောင့် ဒုက္ခနဲ့သာကြုံရပြီး ရန်သူများစေတယ်။ အဆက်မပြတ်ပြိုင်နေတယ်။

လူလိမ္မာတွေက - တခြားသူတွေနဲ့ တရားမျှတစွာ ယှဉ်ပြိုင်တယ်။
ရပ်နားလိုက်တာနဲ့ သူတို့ကို ဖြတ်နင်းသွားရော။ ပေါင်းစပ်တယ်။

ပညာရှိတွေကတော့ - သူတို့ရဲ့တန်ဖိုးကို အခြားသူတွေနဲ့မျှဝေတယ်။
ဖန်တီးတယ်။ ကာကွယ်တယ်။ အကျိုးရစေတယ်။
ဒါကြောင့် စေတနာကောင်းတဲ့အဖော်တွေ ရလာတယ်။
ထိုအဖော်တွေနဲ့ငြိမ်းချမ်းစွာနေထိုင်တယ်။

အပြုအမူ

လူမိုက်တွေက - သူလိုချင်တာကို တောင်းဆိုတယ်။ တစ်ခြားသူများကို ဒုက္ခနှင့်ငြီးငွေ့မှုကို ဖန်တီးတယ်။ ဒါကြောင့် တစ်ခြားလူများက သူတို့ကိုခွာသွားကြတယ်။

လူလိမ္မာက - ညှိနှိုင်းယူမှုကို နှစ်သက်တယ်။ သံသယအဖြစ်ခံရတယ်။ တစ်ခြားသူတွေက မရိုးမသားဆက်ဆံတို့ ချဉ်းကပ်ကြတယ်။

ပညာရှိကတော့ - ပေးဆပ်ချင်တယ်။ တစ်ခြားသူများ၏ ယုံကြည်မှုကိုပြန်ရတယ်။ သူ့အပေါ်သစ္စာရှိကြတယ်။

လိုအင်

လူမိုက်တွေက - သူတို့ရဲ့လိုအင်ဆန္ဒကို မထိန်းချုပ်နိုင်ဘူး။ ဒါကြောင့်မဆုံးနိုင်တဲ့ လိုအင်ကိုရှာဖွေတဲ့ သံသရာကြီးထဲ ဝဲလည်နေတယ်။

လူလိမ္မာတွေက - သူတို့ရဲ့လိုအင်အတွက် အရမ်းပြင်းပြတယ်။ သူတို့ရဲ့ရင်ထဲမှာ မရောင့်ရဲတဲ့ စစ်ပွဲတွေ ဆင်နွှဲနေတယ်။

ပညာရှိကတော့ - သူတို့၏လိုအင်ကို သန့်စင်ယူတယ်။ ဘဝရဲ့ပန်းတိုင်အစစ်ကို သူတို့ရောက်ရှိကြတယ်။

အမူအရာ

လူမိုက်က - ရုန်းရင်းကြမ်းတမ်းတယ်။

လူလိမ္မာတွေက - ပျော့ပြောင်းတယ်။

ပညာရှိကတော့ - နူးညံ့သိမ်မွေ့တယ်။ ဒါကြောင့် ချစ်သူပေါတယ်။

စိတ်၏စေရာ

လူမိုက်တွေက - စိတ်၏စေရာကိုလိုက်ပါကြတယ်။ ဒါကြောင့် သူတို့ရဲ့စိတ်က အမြဲထကြွနေတယ်။

လူလိမ္မာတွေက - စိတ်ရဲ့ငြိမ်းအေးမှုကို ထိန်းသိမ်းတယ်။ ဒါကြောင့် သူတို့ဟာမိမိကိုယ်ကို မိမိချုံးနှိမ်သူတွေ ဖြစ်တယ်။

ပညာရှိကတော့ - စိတ်ရဲ့ဖျားယောင်းမှုကို စီမံခန့်ခွဲတယ်။ ဒါကြောင့်အရာအားလုံးရဲ့ ဟန်ချက်ညီမှုကိုတွေ့ရတယ်။

တာဝန်ယူမှု

လူမိုက်တွေက - ဘာတစ်ခုမှတာဝန်မယူရဲဘူး၊ ခေါင်းရှောင်ဘို့ကြိုးစားတယ်။ ကိုယ့်ကိုကိုယ်တောင် အားမကိုးရဲဘူး။

လူလိမ္မာက - တာဝန်ယူမှုကို အများကြီးလုပ်တယ်။ တစ်ချို့အောင်မြင်ပြီး တစ်ချို့ဆုံးရှုံးတယ်။ တစ်ခါတစ်လေ ယုံကြည်ရပြီး တစ်ခါတရံစိတ်မချရဘူး။

ပညာရှိကတော့ - အဖွဲ့လိုက်တာဝန်ယူမှုကို လုပ်တယ်။ အဖွဲ့ရဲ့ခွန်အားနဲ့ ကိုယ့်ရဲ့ရည်မှန်းချက်ကို အတူလျှောက်လှမ်းတယ်။ ကြီးကျယ်အောင်မြင်တဲ့ ရလာဒ်တွေ ရလေ့ရှိတယ်။

အပေးအယူ

လူမိုက်တွေက - တစ်ကိုယ်ကောင်းဆန်တယ်။ မသတီစရာ ဖြစ်တယ်။

လူလိမ္မာတွေက - လူချစ်လူခင်များပေမဲ့ မောပန်းလွန်းလှတယ်။

ပညာရှိကတော့ - အပေးအယူကိုချိန်ညှိယူတယ်။ နှစ်ဖက်စလုံးအတွက်ကျေနပ်စရာဖြစ်တယ်။ ဒါကြောင့် ပတ်ဝန်းကျင်ငြိမ်းချမ်းတယ်။





မနက်ဖြန်သည် ဘယ်တော့မှလာမည်မဟုတ်၊ ယနေ့သည်သာ
မနေ့က ကျွန်ုပ်တို့ပြောင်းလဲမပစ်နိုင်တော့၊ မနက်ဖြန်အတွက် အကောင်းဆုံးပြင်ဆင်ခြင်း
လက်ခံနိုင်သောအချိန် ဖြစ်သည်။ ယနေ့ကိုမှန်ကန်စွာအသုံးချခြင်းသည် မနက်ဖြန်အတွက် အကောင်းဆုံးပြင်ဆင်ခြင်း
ဖြစ်သည်။ ဘဝအတွက်အကောင်းဆုံးပြင်ဆင်နိုင်ရန် အပြစ်မရှာဘဲ အဖြေမှန်ရှာတတ်ပါစေ။ စစ်မက်ဖြစ်ပွားခြင်း၊
ပဋိပက္ခဖြစ်ခြင်း၊ အငြင်းပွားခြင်း၊ နယ်ကျူးခြင်းများရပ်တန့်ပြီး မတူကွဲပြားခြင်းများကိုလွန်မဆွဲဘဲ ဒွန်တွဲကာသာတူညီမျှ
သဘောထားနှင့် ခွင့်လွှတ်ကြရအောင်။
ပရောဖက်ယေရှာယ၏ ဟောကြားချက်အရ "သူတို့၏ဓါးလက်နက်များကို ထွန်သွားအဖြစ်အနေဖြင့်၎င်း၊
လှံများကိုတံစဉ်အဖြစ်ဖြင့်၎င်း ထုလုပ်ကလိမ့်မည်" ကို ယုံကြည်ကာ သမ္မာတရားအလင်းထွန်းတောက်ပြီး ကျွန်ုပ်တို့ပိုင်
ဆိုင်နေသော ယနေ့ကမ္ဘာကို ငြိမ်းချမ်းစွာအစဉ်ရှင်သန်နိုင်ဘို့ စိတ်ဓါတ်ကိုမြှင့်တင်ကြစို့။

"ယနေ့တစ်ရက်သည် မနက်ဖြန်နှစ်ရက်နှင့် ညီမျှသည်။ ကျွန်ုပ်ဘာဖြစ်ရမှာလဲ၊ ယခုဖြစ်နေပြီ"
(ဘင်ဂျင်ဖရန်ကလင်)

ကျွန်ုပ်တို့ပိုင်ဆိုင်သော ယနေ့များအတွက် ငြိမ်းချမ်းစွာ ရှင်သန်နိုင်ဖို့ စိတ်ဓါတ်ကို မြှင့်တင်ကြပါစို့။

- တတ်ချင်ရင်သင်
- တော်ချင်ရင်လေ့ကျင့်
- မမေ့ချင်ရင် စိတ်ဝင်စား
- မမှားချင်ရင် ပြန်စစ်ဆေး

အောင်မြင်နိုင်တဲ့ဆေးတစ်လက်၊ တစ်သက်မမေ့နဲ့။

(မင်းတို့ရဲ့ဘွားစည်)
ဒေါ်စည်စည်လှာဘိုးကဲ

In the world of human society hospitality it one of the important customs that is a practised everywhere. It is also an art, making sure a guest is welcomed, warmed and well fed requires creativity organization and teamwork. We all have relatives, friends, acquaintances and ever strangers whom we extend our hospitality genuine love is the essential element to be hospitable.

In the old Testament the importance of giving hospitality is seen in Abraham's time.

He suddenly noticed three men coming toward him. He sprang up and ran to meet them and welcomed them. "Sirs" he said, "please don't go any further. Stop awhile and rest here in the shade of this tree while I get water to refresh your feet, and a bit to eat to strengthen you. Do stay awhile before continuing your journey". Gen 18:2-5

Abraham was eager to show hospitality to these men as with lot in Gen 19:2. In Abraham's day, a person's reputation was largely connected to his hospitality, the sharing of home and food. Meeting another's need for food and shelter was and still is one of the most immediate and pratical ways to obey God and do his will. Abraham welcomed and entertained the three strangers without knowing who they were.

Like Abraham we might actually entertain angels. "Don't forget to be kind to strangers for some who have done this have entertained angels without realizing it". Heb 13:2

# Christian Hospitality

## Sheba Movin







The Bible characters entertained angels without realizing it. (1). Abraham (Gen 18:1), (2). Gideon (Judge 6:11), (3). Manoah (Judge 13:2). Some people say they can not be hospitable because their homes are not large enough or nice enough. But even it you have no facilities to have vistitors you can share with what you have and make them feel and at home.

Are there visitors to your Church who would like to share a meal with you? Do you have single people who would enjoy and evening over a cup of tea and talk? Is there any way your home could meet the needs of travelling missionaries? Hospitality simply means making other people feel comfortable and at home.

What true hospitality is.

"When God's children are in need, you be the one to help them out. And get into the habit of inviting guests home for dinner or if they need lodging for the night". Romes 12:13 Christian hospitality is different from the world's way of entertaining. Entertaining focuses on the host family- their home must be spotless their food must be well prepared and plenty, they must appear relaxed and good natured. Hospitality by contrast focuses on the guests- their needs, for a place to stay, nourishing food, a listening ear, acceptance are of first importance. Hospitality can happen in a messy home. It can happen around a dinner table while the main dish is canned soup. It can ever happen while the host and the guests are doing chores together. Don't be afraid to offer hospitality just because you are too tired, too busy or too poor to entertain.

During my younger days we often use to have visitors from various parts of the country. Most of them were our relatives, Church related personnels and acquaintances. We loved to have visitors coming to our home and we shared with them whatever we had. Sometimes there was not enough blanket or pillow so we had to give away ours. My parents love to extend hospitality to anyone who came to visit or who needed food or shelter. For a period of a couble of days. Since my father was a clergyman and had a large family we shared our simple food mixed with love. Ever though the food was soup, fish- paste and some boiled vegetables the visitors enjoyed a hearty meal. Sometimes the visitors would appear after we had had our evening meal, my mother would at once went into the kitchen to make food for them. She knew that they might need food for the night and she could not let them sleep on an empty stomach.

This is how I went through with my family giving hospitality to those in need.

" Dear friend you are doing a good work for God, in taking care of the travelling teachers and missionaries who are passing through". 3 Jn 1:5.

In the Church's early days, travelling prophets, evargelists, and teachers were helped on their way by people like Gaius who housed and fed them. Hospitality is a lost art in many churcler today. We would do well to invite more people for meals, fellow Church members, young people, travelling church workers, those in need and visitors. This is and active and much appreciated way to show love. Because of our individualistic, self- centered society, there are many lonely people who wonder if anyone cares whether they live or die. If you find such a lonely person, show him or her that you care.

In some of our Churches the priest inclarge and his family would extend their care and concern for the visiting priests, new Church comers, and visitors by offering them a meal or some snack to welcome them. New Church comers are actually strangers and we need to open our hearts and minds to welcome them and make them feel wanted and welcomed.

Don't let hospitality become self- serving.

Mary and her sister Martha were the best teams in the Bible. Their frequent guest was Jesus. If you read Luke 10:38-42 you will noticed that both sisters loved Jesus. On this

occasion they were both serving him. But Martha implied that Mary's style of serving was inferior to hers. She didn't realize that in her desire to serve she was actually neglecting him. Sometimes we too can be very busy like Martha, doing charitable work, Church work, and service to the poor and needy.

Like Martha in giving hospitality to visitors she worried about details. She wanted to please, to serve, to do the right thing but she often succeeded in making everyone around her uncomfortable. Perhaps as the oldest she felt the fear of shame if her home is not measure up to expectations. She tried to do everything she could to make sure that everything is in order. As a result she found it hard to relax and enjoy her guests. She found it harder to accept Mary's lack of cooperation, in all the preparations. Her feelings were so intense that she finally asked Jesus to settle the matter. He gently corrected her attitude and showed her that while her priorities were good, they were not the best. The attention she gave to her guests should be more important than what she tried to do for them.

On the other hand for Mary hospitality meant giving more attention to the guest himself than to the needs he might have. She was more interested in her guest's words than in the cleanliness of her home or the timeliness of her meals. She let her older sister Martha take care of the details. Unlike her sister she had to learn to stop and listen. When Martha became irritated at her sister's lack of help, Jesus started that Mary's choice to enjoy his company was the most appropriate response at the time.

What kind of hospitality does Jesus receive in your life? Are you so busy planning and running your life that you neglect precious time with him? Or do you respond to him by listening to his word, then finding ways to worship him? That is the kind of hospitality he longs from each of us.

With Christian Love.

***Sheba Movin***

HCTC 098






၂ ကော ၇း၁

# Perfecting Holiness

## စုံလင်သော သန့်ရှင်းခြင်း



GRAPHIC DESIGN : THOMAS NAY LYNN 2013

သန့်ရှင်းသောကားတိုင်ဓမ္မတက္ကသိုလ်
အမှတ် (၁၀၄)၊ အင်းယားလမ်း
ကမာရွတ်၊ ရန်ကုန်

**အသင်းတော်တွင်းကန့်သတ်**